# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ **(ဓမ္မပဒ - ၁၉၄)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၁၂၇)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (သတင်းစဉ်)

**ဖနောင်ပင် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယသမ္မတများဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. So BUNNA နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၊ စာမျက်နှာ - ၆




မြန်မာ့အလင်း

# မြန်မာ့အပြောင်းအလဲနှင့် လွတ်လပ်ခွင့်တိုးတက်မှု

ယခု အစိုးရသစ်၏လက်ထက်တွင် လွတ်လပ်ခွင့်များနှင့်ပတ်သက်၍ ထူးခြားသောပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးခြင်း၊ အကျဉ်းထောင်ပြုပြင်ပြောင်းလဲခြင်း၊ စာပေလွတ်လပ်ခွင့်များ၊ လွတ်လပ်ခွင့်ဆိုင်ရာလွှတ်တော်မှဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်ချက်များ စသဖြင့် ဆောင်ရွက်မှုများကို တွေ့နိုင်သည်။

ယခုမကြာသေးမီရက်ပိုင်းက ထုတ်ပြန်သော လွတ်လပ်အိမ် (Freedom House) အဖွဲ့ကြီး၏ ၂၀၁၇ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံအား လွတ်လပ်ခွင့်များတိုးတက်လာသော နိုင်ငံများစာရင်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ယခင်မလွတ်လပ်သောနိုင်ငံများစာရင်းမှ ယခုတစ်စိတ်တစ်ပိုင်းလွတ်လပ်သော နိုင်ငံများအဆင့်တွင် ထည့်သွင်းဖော်ပြသည်ကို တွေ့ရသည်။ ၎င်းအဖွဲ့ကြီး၏ အစီရင်ခံစာများတွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံ ၁၉၅ နိုင်ငံအား လွတ်လပ်သောနိုင်ငံများ၊ တစ်စိတ်တစ်ပိုင်းလွတ်လပ်သောနိုင်ငံများနှင့် မလွတ်လပ်သောနိုင်ငံများဟူ၍ ခွဲခြားဖော်ပြလေ့ရှိသည်။ ယခုနှစ်စာရင်းကို ဖော်ပြရာတွင် လွတ်လပ်သောနိုင်ငံများမှာ '၈၇' နိုင်ငံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၄၅ ရာခိုင်နှုန်းရှိသည်။ တစ်စိတ်တစ်ပိုင်းလွတ်လပ်သောနိုင်ငံများမှာ '၅၉' နိုင်ငံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်းရှိကာ မလွတ်လပ်သောနိုင်ငံများစာရင်းမှာ '၄၉' နိုင်ငံဖြစ်ပြီး ၂၅ ရာခိုင်နှုန်းရှိသည်ဟု ဖော်ပြထားသည်။ လူဦးရေ အားဖြင့်ဆိုလျှင် ကမ္ဘာ့လူဦးရေစုစုပေါင်း ၇ ဒသမ ၄ ဘီလီယံရှိသည့်အနက် လွတ်လပ်သောနိုင်ငံများရှိလူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ၃၉ ရာခိုင်နှုန်းရှိသည်။ တစ်စိတ်တစ်ပိုင်းလွတ်လပ်သောနိုင်ငံများမှာ ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းရှိပြီး မလွတ်လပ်သောနိုင်ငံများ၏ လူဦးရေမှာ ၃၆ ရာခိုင်နှုန်းရှိနေပါသည်။ ဤသည်မှာ ၂၀၀၆ ခုနှစ်စာရင်းနှင့်စာလျှင် လွတ်လပ်သောနိုင်ငံများမှာ ရာနှုန်းအနည်းငယ်ကျဆင်းလာ၍ မလွတ်လပ်သောနိုင်ငံရာနှုန်းမှာ အနည်းငယ် တက်လာခြင်းဖြစ်သည်။

နိုင်ငံရေးအခွင့်အရေးနှင့် လူမှုလွတ်လပ်ခွင့်များ အကျဆင်းဆုံးနိုင်ငံများမှာ တူရကီ၊ တောင်ဆူဒန်နှင့်လစ်ဗျား စသည်တို့ဖြစ်ပြီး အမှတ်ပေးစာရင်းအရ (-၁၅) (-၁၀) (-၇) စသဖြင့် အသီးသီးကျဆင်းသွားကြခြင်းဖြစ်သည်။ လွတ်လပ်ခွင့်တိုးတက်လာသော နိုင်ငံများစာရင်းတွင် ပါပူအာနယူးဂီနီက (+၅) မှတ်ရရှိပြီး မြန်မာ၊ ဘာကီနာဖာဆိုတို့က (+၄)မှတ်စီဖြင့် ဒုတိယနေရာတွင် ရှိနေပြီး အာဂျင်တီးနား၊ ဘယ်လာရုစ် စသည့်နိုင်ငံတို့က (+၃)မှတ်စီဖြင့် တတိယနေရာတွင်ရှိနေပါသည်။ ၂၀၁၇ ခုနှစ်အတွင်း အထူးတလည်စောင့်ကြည့်ရမည့် နိုင်ငံများစာရင်းတွင် ဖိလစ်ပိုင်၊ တောင်အာဖရိက၊ အမေရိကန်၊ ဇင်ဘာဘွေ၊ ချက်သမ္မတနိုင်ငံ စသည်တို့ ပါဝင်နေသည်။ ဒိန်းမတ်နိုင်ငံကိုပင် ပြောင်းရွှေ့အခြေချသူများကန့်သတ်မှု၊ ဒုက္ခသည်အခွင့်အရေးများနှင့် ဒိန်းမတ်၏တည်ရှိပြီး လစ်ဘရယ်တန်ဖိုးများပျက်ယွင်းစေမှုတို့ကြောင့် ၂၀၁၇ အတွင်း စောင့်ကြည့်ရမည့်နိုင်ငံများစာရင်းတွင် ထည့်သွင်းခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲလာသောအခြေအနေများကြောင့် အစိုးရသစ်လက်ထက် လူ့အခွင့်အရေးနှင့်ပတ်သက်၍ တိုးတက်မှုကို ဥရောပသမဂ္ဂက ချီးကျူးခဲ့ပြီး ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းကို ပြစ်တင်ဝေဖန်သည့်ဆုံးဖြတ်ချက်အား ကုလသမဂ္ဂတွင်တင်သွင်းတော့မည်မဟုတ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် အစိုးရ၏ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများ ဖြေရှင်းနိုင်မည့်နည်းလမ်းကောင်းများကို ရှာဖွေနိုင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပိုမိုမြှင့်တင်စောင့်ရှောက်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကိုအကာအကွယ်မပေးသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကိုဖျက်သိမ်းပြီး အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သော တူရကီနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာအစိုးရသစ်၏ ကြိုးပမ်းအားထုတ်မှုများအတွက် ဒေါ်အောင်ဆန်းစုကြည်ကို ချီးကျူးဂုဏ်ပြုကြောင်း၊ တူရကီနိုင်ငံသည် ရခိုင်ပြည်နယ်အပါအဝင် မြန်မာပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။

ယခု နောက်ဆုံးလာရောက်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စစ် ရန်ဟီလီကိုယ်တိုင်က ယခင်အခေါက်များကဲ့သို့ မြန်မာနိုင်ငံအပေါ်ရှုတ်ချဝေဖန်မှုများမပြုလုပ်ဘဲ နားလည်မှုတစ်စုံတစ်ရာရှိခဲ့ခြင်းက မြန်မာနိုင်ငံ၏လွတ်လပ်မှု၊ လူ့အခွင့်အရေးအခြေအနေတိုးတက်မှုတို့ကို သက်သေခံနေပါသည်။ မြန်မာ့အပြောင်းအလဲဖြစ်စဉ်တွင် စိန်ခေါ်မှုများစွာရှိနေသေးသည့်တိုင် ယခုကဲ့သို့သော အဆင့်နေရာမျိုးကို ဆက်လက်ထိန်းထားနိုင်မည်ဟု ယုံကြည်ကြောင်းတင်ပြရပါသည်။

# ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




ပင်လုံစိတ်ဓာတ်
လွှမ်းခြုံပတ်
မြင့်မြတ်မြန်မာ
တည်စေရာ။

ပြည်ထောင်စုသွေး
အပြည့်မွေးလျက်
ပြည်ထောင်စုစိတ်
ပြည့်လျှံဖိတ်ကာ
ပုံရိပ်'ပင်လုံ' မြန်မာ့ဂုဏ်ကို
တူစုံထမ်းရွက် လှမ်းချီတက်။

## ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၃

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် Well Done Cup အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃ နာရီက မလှိုင်မြို့နယ် အားကစားကွင်း၌ကျင်းပရာ ပြိုင်ပွဲတွင် မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်နှင့်မြင်းခြံခရိုင် အတွင်းရှိ ရမည်းသင်း၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ ကျောက်ပန်းတောင်း၊ သာစည်နှင့် မလှိုင်မြို့နယ်တို့မှ ပြိုင်ပွဲဝင်အသင်းကိုးသင်းပါဝင် ကြသည်။ ပြိုင်ပွဲဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထွေး၊ ပြိုင်ပွဲအဓိက ပံ့ပိုးအလှူရှင် Well Done Engineering Co.Ltd.၊ Zaw & Striker Co.Ltd တို့မှ တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၃-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ · ၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီး Mr. Samdech Chaufea Veang Kong Som Ol၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Khieu Kanharith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုး၊ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုဂုဏ်ပြု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ခေတ္တတည်းခိုမည့် Intercontinental ဟိုတယ်သို့ ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံဘုရင်မှ ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် ပေးအပ်သည့် ပန်းခြင်းကို ပေးအပ်သည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်၌ ကျင်းပသည့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယား ဘုရင်မင်းမြတ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

**တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီနှင့် ဘုရင့်နန်းတော်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပညာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ထားသည့်နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**အောင်မြင်အောင်အကောင်အထည်ဖော်**

ထို့ပြင် ဆွေးနွေးပွဲ၌ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်က မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းမြင်သာမှုရှိလာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရသည့်အတွက် အားရဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးမှုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပန်းခွေချ**

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေး ကျောက်တိုင်နှင့် ဘုရင်ဟောင်း နိုရိုဒွန် သီဟာနု၏ အထိမ်းအမှတ် ကျောက်တိုင်တို့သို့ သွားရောက်၍ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့သည်။

**မဲအပြတ်ဖြင့်အနိုင်ရ**

၁၈ နှစ်အရွယ်ရှိ နိုရိုဒွန် သီဟာနုမင်းသားအား ပြင်သစ်တို့က ၁၉၄၁ ခုနှစ် ဧပြီတွင် ဘုရင်အဖြစ် နန်းတင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဘုရင်သီဟာနုသည် ကမ္ဘောဒီးယားအမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ၏ ခေါင်းဆောင်ဖြစ်လာပြီး ၁၉၅၂ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကိုယူကာ သုံးနှစ်အတွင်း လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့သည်။ ၎င်းသည် လွတ်လပ်ရေးရသည့်အခါ ဘုရင်အဖြစ်မှ နုတ်ထွက်၍ ဖခမည်းတော်ကို နန်းတင်ခဲ့ကာ ၁၉၅၅ ခုနှစ်တွင်ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ မဲအပြတ်ဖြင့် အနိုင်ရခဲ့သည်။

၁၉၆၀ ခုနှစ် ခမည်းတော် နတ်ရွာစံသော် ဘုရင်မရှိသော ဘုရင်စနစ်၌ နိုင်ငံအဓိပတိအဖြစ် တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သူဖြစ်သည်။

**ဂုဏ်ပြုညစာစား**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ဘုရင့်နန်းတော်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်တို့က ဆုတောင်းထောမနာပြုကြသည်။

**တူညီသည့်သန္နိဋ္ဌာန်များ ချမှတ်**

နိုင်ငံတော်သမ္မတက ဆုတောင်းထောမနာပြုရာ၌ မိမိတို့နှစ်နိုင်ငံသည် သမိုင်း၊ ယဉ်ကျေးမှု၊ အာရှတန်ဖိုး သတ်မှတ်ချက်နှင့် စိတ်နေစိတ်ထားများ တူညီကြရုံသာမက ဒေသတွင်းငြိမ်းချမ်းရေးအပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေးအတွက် တူညီသည့် သန္နိဋ္ဌာန်များ ချမှတ်ဖော်ဆောင်နေကြသည့် နိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ သမိုင်းကာလတစ်လျှောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် တစ်နေ့ထက်တစ်နေ့ ပိုမိုခိုင်မာလာသည်ကို တွေ့ရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။


**ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ**

မိမိတို့နှစ်နိုင်ငံအကြား ပိုမိုခိုင်မာသည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးများ ဖော်ဆောင်ရန် အခွင့်အလမ်း များစွာ ကျန်ရှိနေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဖြင့် ယင်းအခွင့်အရေးများကို လက်တွေ့အကောင်အထည်ဖော်သွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား အစဉ်ရှိလာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသာမက ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောမှု ထိန်းသိမ်းရေးတို့အတွက် နိုင်ငံတကာမျက်နှာစာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ကြိုဆိုစဉ်
(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင် ဖနောင်ပင်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ ဂုဏ်ပြုပန်းခွေချအလေးပြုစဉ်
(သတင်းစဉ်)



## ပို့ဆောင်နှုတ်ဆက်


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်
(သတင်း-ရွှေဖုံး)
(သတင်းစဉ်)

# ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ခေါင်းဆောင်ပိုင်းသာမက Senior Level၊ Junior Level အပြန်အလှန်ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်နိုင်ရေး၊ သင်တန်းဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်လုပ်ဆောင်ရေး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များလာရောက်ရေး၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းမှုကို လိုလားကြောင်း၊ ကိုရီးယားကျွန်းဆွယ်အား တည်ငြိမ်အေးချမ်းပြီး နျူကလီးယား ကင်းမဲ့ဇုန်ဖြစ်စေလိုကြောင်း၊ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်အားလုံးကိုလည်း ထောက်ခံပါကြောင်းပြောကြားခဲ့ပြီး ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ကလည်း ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ကိုရီးယားတပ်မတော်အနေဖြင့် အလေးထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု ပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu တို့သည် ဇေယျာသီရိ ဗိမာန်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အဖွဲ့သည် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ နေပြည်တော်ရှိ နယ်မြေခံလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး မြန်မာ့တပ်မတော် အထူးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သရုပ်ပြသနေမှုများ၊ လေ့ကျင့်ရေးကွင်းတည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။





ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် General JANG Jun-Gyu ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၃

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ဂျာမနီနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးထင်ကျော်ထံသို့ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂျာမနီနိုင်ငံပြည်သူများကိုယ်စား ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။ ပြီးခဲ့သည့် ၂၀၁၆ခုနှစ်သည် မြန်မာနိုင်ငံပြည်သူများထံသို့ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်တင်မြှောက်သည့်အစိုးရတစ်ရပ်ကို မွေးဖွားပေးလိုက်ပြီဖြစ်ပါသည်။ နိုင်ငံအတွင်းရှိ ပါတီအားလုံး၊ အဖွဲ့အစည်းအားလုံးကို အစိုးရအဖွဲ့၏ စိတ်ရှည်သည်းခံနိုင်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုဖြင့် ကိုင်တွယ်နိုင်ပြီးလျှင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ပြန်လည်စုစည်းညီညွတ်မှုနှင့် ငြိမ်းချမ်းရေးကို အားဖြည့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ဆန္ဒပြုပါသည်ဟု ဖော်ပြပါရှိပါသည်။

**ပြင်သစ်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပြင်သစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဖရန်ဆွာဟော်လန်က ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူလူထုကို ဂုဏ်ပြုချီးကျူးပါကြောင်း ဝမ်းမြောက်စွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။ မြန်မာနိုင်ငံ၏နှစ်သစ်တွင် နောက်ထပ်ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အထူးသဖြင့် ပဋိပက္ခ ဆက်လက်ဖြစ်ပေါ်နေသော ဒေသများတွင် တိုးတက်အောင်မြင်မှုအသစ်များ ထပ်မံရရှိနိုင်ပါစေကြောင်း ဆန္ဒပြုပါသည်။ မြန်မာနိုင်ငံပြည်သူလူထုအပေါ် ပြင်သစ်ပြည်သူလူထု၏ ချစ်ကြည်ရင်းနှီးမှုခိုင်မာပါကြောင်းနှင့် အဆွေတော်၏ နိုင်ငံ၌ ဆက်လက်လုပ်ဆောင်လျက်ရှိသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွက် ပြင်သစ်နိုင်ငံ၏ ခိုင်မာသောထောက်ခံအားပေးမှုကို ယုံကြည်နိုင်ပါကြောင်း အဆွေတော်အားပြောကြားအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

**လစ်သူယေးနီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စနာလင်နာ့စ်လင့်ခ်ဗီးစီးယို့စ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူများ အောင်မြင်မှုများရရှိပြီး ငြိမ်းချမ်းပါစေကြောင်းဆန္ဒမွန်ဖြင့် ဆုတောင်းအပ်ပါသည်။ ကျွန်ုပ်တို့ နှစ်နိုင်ငံအကြား ခင်မင်ရင်းနှီးစွာ ဆက်ဆံလာမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မာလေးနက်လာခဲ့ပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ စဉ်ဆက်မပြတ်အောင်မြင်တိုးတက်မှုများရရှိနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြပါရှိပါသည်။

**ဂျော်ဂျီယာသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဂျော်ဂျီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမစ်ဟေးလ်ဂျန်နယ်လစ်ဇေးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် နွေးထွေးစွာဖြင့် ဆုတောင်းမေတ္တာများ ပို့သခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါသည်။ ဂျော်ဂျီယာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေရန် အလေးအနက်ထားလျက် ဆောင်ရွက်ရန်ကြိုးပမ်းလျက်ရှိပါသည်။ အဆိုပါဆောင်ရွက်မှုမှသည် ကဏ္ဍများစွာတို့တွင် အောင်မြင်မှုအလားအလာကောင်းများရရှိနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်လာမည်ဟု ယုံကြည်ထားပါသည်။ အပြန်အလှန်ယုံကြည်လေးစားမှုဖြင့် နောက်ထပ်ပူးပေါင်းဆောင်ရွက်မှုအသစ်များကို မြန်မာနိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် ရည်သန်လျက်ရှိပါသည်။ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများ အောင်မြင်မှုများ အဆက်မပြတ်ရရှိပြီးလျှင် ဥစ္စာခနများတိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

❄ *ကျောဖုံးမှ*

ယခုအခါမှာတော့ ကမ္ဘာလှည့်ခရီးသွားအဝင်အထွက်ကို အဓိကကိုင်တွယ်ဆောင်ရွက်တဲ့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံကိန်းဂဏန်းတွေ ထိန်းသိမ်းဆောင်ရွက်နေတဲ့ ဗဟိုစာရင်းအင်းဌာနတွေနဲ့ ဗဟိုဘဏ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ တိကျတဲ့စာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်”ဟု ဦးတင့်သွင်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၏ ကိန်းဂဏန်းကို တွက်ချက်ခြင်းမပြုဘဲ အမှန်တကယ် လေဆိပ်၊ ဆိပ်ကမ်းများမှ နိုင်ငံကူးလက်မှတ်၊ ဗီဇာတို့နှင့်တကွ ဝင်ရောက်သော ခရီးသွားဧည့်သည်များ၏ စာရင်းကိုသာ တွက်ချက်ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းကဲ့သို့ တရားဝင်စာရင်းများအတိုင်း ဆောင်ရွက်ခြင်းသည် လုံးဝကွဲလွဲမှုမရှိသည့်အပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် လာရောက်ခြင်းကြောင့် တိုးတက်မှုအမှန်ကို ရရှိလာမည်ဖြစ်ကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း နယ်စပ်များမှ ဝင်ရောက်သည့် ကမ္ဘာလှည့်ခရီးသွားအရေအတွက်ကို ထည့်တွက်ပါက ၂၀၁၅ ခုနှစ်နှင့် အတူတူပင်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

လာမည့်နှစ်အတွင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်မှုသည် မသွားရောက်နိုင်သည့် ကန့်သတ်ချက်နယ်မြေများရှိနေခြင်းကြောင့် ဆက်လက်ကျဆင်းနိုင်ကြောင်း၊ သို့သော်လည်း ခရီးသွားဒေသအသစ်များဖော်ထုတ်ပြီး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်သွားခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်စေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်း ပြောကြားသည်။

✻ *ကျောဖုံးမှ*

သံလွင်တံတား(ဘားအံ)၌ ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သတင်းကွင်းဆက်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိရာ ဖော်ထုတ်ရရှိမှုအခြေအနေများပေါ်မူတည်၍ ပြည်သူသို့အသိပေးတင်ပြသွားမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်သူများအနေဖြင့် ဘာသာရေးနှင့် လူမျိုးရေးသွေးထိုးလှုံ့ဆော်မှုများကို အထူးသတိပြုကြပါရန်၊ ယခုဖြစ်စဉ်နှင့် ပတ်သက်သည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်မှုများတွေ့ရှိခဲ့ပါက တာဝန်ရှိသူများထံ အမြန်ဆုံးဆက်သွယ် အသိပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။



ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ အောင်ဝင်းဇော် (၄၆)နှစ်အား တွေ့ရစဉ်

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ ပုဂံမြို့သို့ ရောက်ရှိ

**ပုဂံ ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr. Somkid Jatusripitak နှင့်အဖွဲ့သည် ယနေ့ ညနေ ၆ နာရီခန့်တွင် ပုဂံမြို့သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(ယာပုံ)**

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး**



## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်း၊ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၃-၂-၂၀၁၇) ရက်နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂-၁-၂၀၁၇) ရက်နေ့မှ (၁၃-၁-၂၀၁၇) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူသုံးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာတစ်ဦး၊ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ငါးဦး၊ ပေါင်း ကိုးဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၀၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၁၆ ဦးနှင့်သတင်းအေဂျင်စီလုပ်ငန်း ၅၆ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၈၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် ဂျာနယ်အသစ် လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အလွတ်တန်းဘိုးလင်းအားကစားပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထိမ်းအမှတ် အလွတ်တန်း ဘိုးလင်းအားကစားပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ၌ ရန်ကုန်မြို့ တာမွေမြို့နယ် Right Track Bowling Centre ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွေးချယ်ထားသော ဘိုးလင်းအားကစားသမားများ ပါဝင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုဘဲ ဘိုးလင်းအားကစားသမားဝါသနာရှင် အမျိုးသားအမျိုးသမီးများ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကာ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ရေမြေအဆုံးနေရာထိတိုင်အောင် အနုပညာပြပွဲ ဖေဖော်ဝါရီ ၅ ရက်အထိ ရက်တိုးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဂျာမန်အနုပညာရှင် WolfgangLaib ၏ “ရေမြေအဆုံးနေရာထိတိုင်အောင်” (WHERE THE LAND AND WATER END) ခေါင်းစဉ်ဖြင့် ခင်းကျင်းပြသသည့် အနုပညာပြပွဲကိုရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဖေဖော်ဝါရီ ၅ ရက်(တနင်္ဂနွေနေ့)အထိ ရက်တိုးမြှင့်ကာနေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲထိ ပြသသွားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို ဝန်ကြီးများရုံး (တောင်ဘက်ခြမ်းဝင်ပေါက်)မှတစ်ဆင့် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ခွဲဝေသုံးစွဲရန်ကိစ္စနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၅၆ ဒသမ ၈၂၀ ဖြင့် ရခိုင်ပြည်နယ် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေး လမ်း၊ တံတားလုပ်ငန်း (၁၈) ခုဖြစ်သည့် စစ်တွေမြို့နယ်၌ ရေပြွန် (၂) စင်း၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်း၊ ပေါက်တောမြို့နယ်၌ ကွန်ကရစ်ခင်းခြင်း၊ မြောက်ဦးမြို့နယ်၌ ရေပြွန် (၁၀) စင်း တည်ဆောက်ခြင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ ကျောက်တော်မြို့နယ်၌ ရေပြွန် (၁၀)စင်း တည်ဆောက်ခြင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်း၊ မင်းပြားမြို့နယ်၌ ကျောက်ချောခင်းခြင်းနှင့် ကွန်ကရစ်တံတား (၂)စင်း တည်ဆောက်ခြင်း၊ မြေပုံမြို့နယ်၌ လမ်းကွန်ကရစ်ခင်းခြင်း၊ မောင်တောမြို့နယ်၌ လမ်းကွန်ကရစ်ခင်းခြင်း၊ ဘူးသီးတောင်မြို့နယ် ကွန်ကရစ်ခင်းခြင်းနှင့် ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ခြင်း၊ ကျောက်ဖြူမြို့နယ်၌ ကွန်ကရစ်တံတား(၂)စင်း၊ ရေပြွန်(၂)စင်း ဆောက်လုပ်ခြင်း၊ ရမ်းဗြဲမြို့နယ်၌ ကျောက်ချောခင်းခြင်း၊ ကွန်ကရစ်တံတား (၃)စင်းနှင့် ရေပြွန် (၁၅) စင်း ဆောက်လုပ်ခြင်း၊ မာန်အောင်မြို့နယ်၌ ကျောက်ချောခင်းခြင်းနှင့် ရေပြွန် (၅)စင်းဆောက်လုပ်ခြင်း၊ အမ်းမြို့နယ်၌ ကွန်ကရစ်ခင်းခြင်းနှင့် ရေပြွန် (၁၀) စင်း တည်ဆောက်ခြင်း၊ သံတွဲမြို့နယ်၌ ကျောက်ချောခင်းခြင်းနှင့် ကွန်ကရစ်တံတား (၃)စင်းနှင့် ရေပြွန် (၈)စင်း တည်ဆောက်ခြင်း၊ တောင်ကုတ်မြို့နယ်၌ ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert (၅)ခု တည်ဆောက်ခြင်းနှင့် ဂွမြို့နယ်၌ ကွန်ကရစ်တံတား(၃)စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ကြောင်း။

အဆိုပါကိစ္စရပ်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအနေဖြင့် အထူးကိစ္စရပ်တစ်ခုအဖြစ် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။ အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ရခိုင်ပြည်နယ်အတွင်းမှ မြို့နယ်များတွင် ဒေသဖွံ့ဖြိုးရေးလမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ရန်ပုံငွေကျပ် ၃၆၅၆ ဒသမ ၈၂၀ သန်းမှာ ၂၀၁၆ -၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူလခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင်လည်းကောင်း ပါဝင်ခြင်းမရှိခဲ့ဘဲ ဒေသ၏ လက်ရှိအခြေအနေအရ ဦးစားပေးဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သဖြင့် မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး သီးသန့်ရန်ပုံငွေမှ တောင်းခံသုံးစွဲခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် သီးသန့်ရန်ပုံငွေ ကျပ်(၁၀၀) ဘီလီယံ ရှိသည့်အနက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်အထိခွင့်ပြုပြီး ပမာဏမှာ ကျပ် ၅၅ ဒသမ ၉၇၀ ဘီလီယံဖြစ်သဖြင့် ကျပ် ၄၄ ဒသမ ၀၃၀ ဘီလီယံကျန်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

သီးသန့်ရန်ပုံငွေ သုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၀ ဒသမ ၇၈၇ ဘီလီယံချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ချေးငွေချေးယူရေးနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ သဘောထား မှတ်ချက်ကို အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိက ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်ဖြစ်သည့် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စု၏အခွန်အကောက်ရရှိမှုမှာ ၁၁၈ ဒသမ ၉၈ ဖြစ်သည့်အတွက် လျာထားချက်ထက် ပိုမိုကောက်ခံနိုင်သည်ကို တွေ့ရပါကြောင်း၊ ယခုကဲ့သို့ ပိုမိုကောက်ခံရရှိသည့် ပစ္စည်းများမှာ ၁၆ မျိုးဖြစ်ပြီး လျော့နည်းကောက်ခံရရှိသည့်ပစ္စည်းမှာ လေးမျိုးဖြစ်သည်ကို တွေ့ရပါကြောင်း၊ အခွန် တိုးမြှင့်ကောက်ခံနိုင်ခြင်းမှာ အောင်ဘာလေ ထီရောင်းရငွေမှ ဖြစ်သည့်အတွက် အောင်ဘာလေထီကို အက္ခရာအစဉ်တိုး၍ ရောင်းချနိုင်ရန် စီမံဆောင်ရွက်သင့်ပါကြောင်း၊ ထီပေါက်သူပြည်သူများအား ဆုငွေထုတ်ယူရန် ဆက်သွယ် အကြောင်းကြားနိုင်သည့် နည်းလမ်း များ၊ အကြံဉာဏ်များရယူပြီး ဆက်သွယ်နိုင်ရန် ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပါက အောင်ဘာလေထီအပေါ် ပိုမိုယုံကြည်ပြီး ရောင်းအား ပိုမိုတိုးတက်လာမည်ဟု တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

အလားတူ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မြန်မာနှင့်ထိုင်းနိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် မြန်မာနှင့် ထိုင်းနိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်က ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မြဲရေး ရည်ရွယ်ကြောင်း၊ CLMVT နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပါက အာရှ၏အရေးပါသည့်နိုင်ငံများအဖြစ် အင်အားတောင့်တင်းလာနိုင်ကြောင်း၊ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ၏ နယ်နိမိတ်ထိစပ်မှုမှာ ကီလိုမီတာ ၂၀၀၀ ကျော်ရှိကြောင်း၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စွမ်းအင်ကဏ္ဍသည် အဓိကကျကြောင်း၊ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်မည့်အပိုင်းများတွင် ထိုင်းနိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံရန်ရှိကြောင်း၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ လိုအပ်ချက်မှာလည်း အဓိကကျကြောင်း၊ နည်းပညာ ဖွံ့ဖြိုးမှုပိုင်းနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုပိုင်းများအတွက် ပညာသင်ဆုများ ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးတိုးတက်မှု အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန်လည်း ထိုင်းစီးပွားရေးလုပ်ငန်းရှင်များက စီစဉ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးကို လမ်းညွှန်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ထိုင်းနှင့်မြန်မာ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Somkid Jatusripitak သည် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ-ဂျပန်သီလဝါဖွံ့ဖြိုးမှုလီမိတက် (MJTD)၏ ဒုတိယဥက္ကဋ္ဌ ဦးသူရိန်အောင်က လက်ရှိလုပ်ငန်းလည်ပတ်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။




ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်လျက်ရှိသည့် ထိုင်းလုပ်ငန်းရှင် ၁၀ ဦးက လက်ရှိလုပ်ငန်းလည်ပတ်လျက်ရှိသည့် အခြေအနေကို ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်များသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး ထိုင်းနိုင်ငံမှ လာရောက်ဖွင့်လှစ်ထားသည့် MILLCON THIHA GEL သို့ သွားရောက် ကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။

မိုး/ဇလ

# ခရိုင် ၈၁ ခုတွင် သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းစနစ်များဖြင့် အကောင်အထည်ဖော်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းလေးခုမေးမြန်းခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်း၊ ပြင်ဆင်ချက်အဆိုတစ်ခုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

အစည်းအဝေးတွင် ပင်လည်ဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၏ **ရွှေနှင့်အခြားသယံဇာတများကိုမှီခိုပြီး လုပ်ကိုင်စားသောက်ကြသူများအတွက် ဥပဒေဘောင်အတွင်းမှ တရားဝင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက မြန်မာ့သတ္တုတွင်းဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၄ ခုနှစ် စက်တင်ဘာ ၆ ရက် ရက်စွဲပါ ဥပဒေအမှတ် ၈/၉၄ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၅/ ၉၆) ဖြင့် ဆက်လက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၀ နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၄၄ တို့အရ ခဲတ်သတ္တုလက်လုပ်လက်စားလုပ်ကိုင်ခွင့်ကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေ ၁၉၉၄ အား ပြင်ဆင်သည့် ဥပဒေကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ရက်စွဲပါ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇၂) ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင် သည့် ဥပဒေအရ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ် လုပ်ကွက်စိစစ်ချထားရေးအဖွဲ့သို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းကို နည်းဥပဒေအသစ်တွင် ထည့်သွင်းပြုစုထားပါကြောင်း၊ နည်းဥပဒေအသစ် မထုတ်ပြန်မီလက်ရှိကာလတွင် ၁၉၉၄ ဥပဒေအရ ခွင့်ပြုထားသည့် လက်လုပ်လက်စား လုပ်ကွက်များကိုသာ တည်ဆဲနည်းဥပဒေပါအတိုင်း သက်တမ်းတိုးခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ရွှေအပါအဝင် ခဲတ်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်လက်လုပ်လက်စား လုပ်ကွက်အသစ်များကိုမူ ဥပဒေနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် နည်းဥပဒေအသစ်ထွက်ရှိမှသာ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ၏ **တရားဝင်သစ်စက်နှင့် သစ်ဆိုင်မရှိသော မြို့ငယ်များတွင် ကျွန်းနှင့်သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရန် မည်သည့်မူဝါဒများချမှတ်၍ မည်သို့အကောင်အထည်ဖော်ပေးမည်နှင့် ပြည်ပပို့ကုန်အတွက် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စီမံထားသောသစ်တောများ ပြုစုပျိုးထောင်ရန်အစီအစဉ် ရှိ/ မရှိ** မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝန်ကြီးဌာနအနေဖြင့် ကျွန်းနှင့်သစ်မာများကို ပြည်သူများ တရားဝင်သုံးစွဲခွင့်ရရှိရေးအတွက် မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းသစ်စက်များမှ ရောင်းချခြင်းနှင့် သစ်တောဦးစီးဌာနရှိပုံစံ(၈) ဝင်သစ်များအား ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူများသို့ တိုက်ရိုက်ရောင်းချမည့် အစီအမံတို့အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တစ်ဆင့် လုပ်ငန်းစဉ် (၇) ရပ်ဖြင့် လွှဲပြောင်းရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သစ်ထုတ်လုပ်ကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်ထုတ်လုပ်မှုလုံးဝရပ်နားခြင်း၊ ပဲခူးရိုးမဒေသအား ၁၀ နှစ်တာကာလ သစ်ထုတ်လုပ်မှုရပ်ဆိုင်းခြင်း၊ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်တောထွက်ပမာဏ သတ်မှတ်ချက်ဘောင်အတွင်းမှ လျှော့ချထုတ်လုပ်ရန် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ အထိ) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးက အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀နှစ်စီမံကိန်းကို ပထမ ငါးနှစ်၊ ဒုတိယ ငါးနှစ်စီမံကိန်းကာလနှစ်ခုခွဲ၍ ခရိုင် ၈၁ ခု တွင် သစ်တောများပြုန်းတီးသွားသော နေရာများနှင့် သစ်တောအတန်းအစားကျဆင်းသွားသောနေရာများ၌ သင့်လျော်သော သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **ဝါးစိုက်ပျိုးရေးကဏ္ဍ တွင်တွင်ကျယ်ကျယ်ဖြစ်ထွန်းအောင်မြင်လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်အားစိုက် ပါဝင်ဆောင်ရွက်ပေးရေး တိုက်တွန်းကြောင်းအဆိုကို**တင်သွင်းရာ ချောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးက ထောက်ခံဆွေးနွေး၍ ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူသည်။

လွှတ်တော်ကအဆိုကို လက်ခံဆွေးနွေးရန် သဘောတူသဖြင့် ယင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာပြီး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆို**နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်းက အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ပြင်ဆင်ချက်အဆိုများအပေါ် လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်သွင်းဆွေးနွေးရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းနောက် သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းသည့် **ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီး ရေဝေရေလဲ ရေဆင်းရေိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို** ရွှေတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခ္ခာညိုဦးက ကန်တော်ကြီးရေလှောင်ကန်ကို ပဲခူးမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ၁၉၂၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါတွင် ရေလှောင်ကန်၏ သက်တမ်းမှာ နှစ်ပေါင်းကိုးဆယ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ်ခန့်မှစ၍ စီးပွားရေးလုပ်ငန်းရှင်အချို့က ကန်၏ပတ်လည်ရှိ ရေဆင်းရေိယာနှင့် သစ်တောရေိယာများအတွင်း သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်းကာ ရော်ဘာစိုက်ခင်းများကို တည်ထောင်လာခဲ့ကြသည်ကို သိရပါကြောင်း၊ ထိုအခါ ကန်တော်ကြီးရေလှောင်ကန်ရှိ ရေဆင်းရေိယာများ ပျက်စီးသွားရုံမျှမက မြေဆီလွှာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်စေကာ ရေလှောင်ကန်အတွင်းသို့ အနည်အနှစ်စွန့်ပစ်ပစ္စည်းများ ပိုမိုဝင်ရောက်လာသဖြင့် ကန်၏ သောက်သုံးရေ အရည်အသွေးကို ကျဆင်းစေပြီး မြို့နေလူထု၏ ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ကြောင်းကို အဆိုရှင်များက တင်ပြခဲ့ကြပါကြောင်း၊ ထို့ကြောင့် ပဲခူးမြို့ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက် နိုင်ပါရန်နှင့် မြို့နေလူထုအတွက် အန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါကြောင်း ဆွေးနွေးသည်။

ညောင်လေးပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးမြင့်သိန်းက မိမိအနေဖြင့် ယခုကဲ့သို့ ထောက်ခံဆွေးနွေးနိုင်ရန်အတွက် ပဲခူးမြို့တွင် ကွင်းဆင်းပြီး လေ့လာစုံစမ်းခဲ့ပါကြောင်း၊ ကန်တော်ကြီးရေလှောင်တမံကို ၁၉၂၄ ခုနှစ်တွင် ရေပေးဝေရေးစီမံကိန်းအတွက် စတင်ခဲ့ခြင်းဖြစ်ပြီး ကန်ပတ်လည်တွင် ရေကာသစ်တောကို စနစ်တကျပြုစုထားခဲ့ပါကြောင်း၊ ၎င်းအပြင် ရေဝေရေလဲရေိယာမှာလည်း သစ်တောများထားရှိကာ ပုဒ်မ (၁၄၄) ထုတ်ပြန်ပြီး ကန့်သတ်ထားခဲ့ပါကြောင်း၊ ထိုစဉ်က ကန်တော်ကြီးရေဆင်းသစ်တောရေိယာ အကျယ်မှာ ၁၃၈၀ ဧကရှိပြီး ရေဝပ်ရေိယာသည် ၁၄၁ ဧက ရှိပါကြောင်း၊ တစ်နေ့လျှင် ရေဂါလန်တစ်သန်းပို့လွှတ်နိုင်ပြီး ပဲခူးမြို့ရှိ မူလရပ်ကွက် ၁၂ ခုကို သောက်သုံးရေကောင်းမွန်လုံလောက်စွာ ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၀ ခုနှစ်တွင် ကန်တော်ကြီး၏ ရေဝေရေလဲသစ်တောဧက ၇၅၀ ကို ရော်ဘာစိုက်ရန် ပုဂ္ဂလိကကို ပေးခဲ့ရာမှ စတင်ပြီး ကန်အတွင်း နုန်းအနည်ကျမှုများလာပါကြောင်း၊ ရေစီးဝင်လာမှု နည်းပါးလာကြောင်း၊ ရေအရည်အသွေးလည်း ကျဆင်းလာပါကြောင်း၊ ၂၀၀၆ ခုနှစ် မေလအတွင်း စစ်ဆေးချက်များအရ ပိုးမွှားများပါ ကျရောက်နေသည့်အတွက်

*စာမျက်နှာ ၈ သို့*

# လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျအကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဝယ်လိုအားများပြားလာသော လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေတစ်ခုတည်းဖြင့် ဖြည့်ဆည်းပေးရန် လုံလောက်ခြင်းမရှိသည့်အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ ငွေကြေးဖြည့်ဆည်းပေးနိုင်မည့် ဘဏ်အဖွဲ့အစည်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ လယ်ယာသုံးစက်ကိရိယာများကို ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်းဖြင့် သုံးနှစ် ခုနှစ်ရစ် ခွဲဝေပေးသွင်းသည့်စနစ်ဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးလှကျော်

အစည်းအဝေး၌ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၏ **တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ငွေကို နိုင်ငံတော်က ထုတ်ပေးသည့်နည်းတူ ထွန်ယက်သည့်နေရာတွင် မြန်ဆန်လွယ်ကူစွာ ထွန်ယက်နိုင်ရေးအတွက် လယ်ထွန်စက်များကို အခမဲ့၊ တစ်ဝက်နှုန်း၊ အရစ်ကျ ပေးချေစနစ်ဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် အထက်ပါအတိုင်း ဖြေကြားသည်။

ထို့အပြင် ဒုတိယဝန်ကြီးဦးလှကျော်က နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ပြဋ္ဌာန်းချက်များအရ စက်မှုလယ်ယာဦးစီးဌာနသည် ခွဲဝေရရှိသော အသုံးစရိတ်ရန်ပုံငွေဖြင့် တောင်သူလယ်သမားများ လိုလားနှစ်သက်သော လယ်ယာသုံးစက်ကိရိယာများကိုဝယ်ယူဖြည့်တင်းပြီး နှစ်နှစ် သုံးရစ် ခွဲဆပ်ရသောအရစ်ကျစနစ်ဖြင့် တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချပေး၍ ဌာန၏ရငွေလျာထားချက် ပြည့်မီအောင် ပြန်လည်ကောက်ခံပေးသွင်းရသည့်အတွက် အခမဲ့ကူညီထောက်ပံ့မှုနှင့် ထက်ဝက်တန်ဖိုးပေးချေမှုတို့ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ဈေးနှုန်းသက်သာစေရန်နှင့် အရစ်ကျပေးချေခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် နှစ်စဉ် လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျအကြွေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အထိ ခေတ်မီထွန်စက်ကြီး အစီး ၄၉၀၊ လက်တွန်းထွန်စက် အစီး ၃၅၁၂၀ ဖြန့်ဖြူးရောင်းချပေးခဲ့ပါကြောင်း ဖြေကြားသည်။



ဒေါ်နော်ဆာမူထူး

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသော ပျားလုပ်ငန်းရှင်များသည် ပြည်တွင်းစားသုံးပြီး ပိုလျှံသော ပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဈေးကွက်မှန်ကန် တည်မြဲနိုင်ရန်တို့အတွက် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ပေါင်းစပ်ညှိနှိုင်းပေးရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပုဂ္ဂလိက ပျားမွေးမြူသူများ၏ ထုတ်လုပ်ရရှိသောပျားရည်များကို ပျားလုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ပျားရည်တင်ပို့သောကုမ္ပဏီများမှ ဈေးနှုန်း၊ ဈေးကွက်တည်ငြိမ်မှုကို ဦးစားပေး၍ ဦးဆောင်တင်ပို့ခြင်း၊ ပုဂ္ဂလိကပျားမွေးမြူသူများကိုလည်း ပြည်ပပို့စံချိန်မီဈေးကွက်ဝင် အရည်အသွေးမြင့် ပျားရည်များ ထုတ်လုပ်ပေးရန် နှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံသို့ ကုန်ကြမ်း တိုက်ရိုက်ပေးပို့သည့်စနစ်အား နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှစတင် စမ်းသပ်တင်ပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပုဂ္ဂလိက ပျားလုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ဝင်စံချိန်မီ အရည်အသွေးမြင့် ပျားရည်များကို ထုတ်လုပ်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးပြီး ပိုလျှံသည့်ပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ဥရောပနိုင်ငံများသို့ တင်ပို့နိုင်ရန် GIZ အဖွဲ့နှင့် မွေးမြူနည်းစနစ်များ၊ ခဲတ်ခွဲခန်း အဆင့်မြှင့်တင်ခြင်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့အပြင် လယ်ယာမြေဖော်ထုတ်ရေး၊ လမ်းအဆင့် တိုးမြှင့်ပေးရေးနှင့်ငါးဖမ်းလုပ်ငန်းဆိုင်ရာ မေးခွန်းများကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုးတို့က မေးမြန်းကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့်ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရခိုင်ပိုက်ဆိပ်ရပ်ကွက် ဆားပြင်ကွင်းကျေးရွာ၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲမှူးတို့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် လူသားချင်းစာနာမှု အထောက်အပံ့များအား ပေးအပ်ခဲ့သည်။ **(ယာပုံ)**




အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လူသားချင်းစာနာထောက်ထားသောကြောင့် ယခုကဲ့သို့ စားစရာနှင့် ပစ္စည်းများ ထောက်ပံ့ပေးရကြောင်း၊ ထောက်ပံ့ပစ္စည်းများမှာ ဂျုံအိတ် ၇၁ အိတ်၊ ခေါက်ဆွဲ ဖာ ၁၉၀၊ ဆီ ၁၅ ဖာ၊ သီးစုံ ၁၈ အိတ်၊ စောင် လေးထည်၊ အဝတ်အထည်သုံးထုပ်တို့ကို ကျေးရွာ/အုပ်စုကိုးစုတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်ရဲမှူးဦးစိုးအောင်က ကျေးရွာရှိပြည်သူများအားအရက်သေစာသောက်စားခြင်းကြောင့် ခိုက်ရန်ဖြစ်ပွားရခြင်း၊ တုတ်၊ ဓားများ ကိုင်ဆောင်၍ သွားလာခြင်းများ မပြုလုပ်ကြရန်၊ ပြစ်မှုဆိုင်ရာဥပဒေများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆားပြင်ကွင်းကျေးရွာရှိ အိမ်ထောင်စု ၁၉၅ စုတို့ အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ရဲမှူးတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး ရပ်မိ/ ရပ်ဖ ဦးစောခိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ နံနက် ၁၁ နာရီခွဲတွင် တောင်ရင်းအုပ်စု ငလပွေ့ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျေးရွာရှိ ဆင်းရဲနွမ်းပါးသော ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင် ပြန်/ဆက်)**

*စာမျက်နှာ ၇ မှ*

သောက်သုံးရန်မသင့်၊ သုံးရန်သာသင့်သည်ဟူသည့် ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်ချက်ကို ရရှိခဲ့ပါကြောင်း ၊ ပဲခူးမြို့သည် ယခုအခါတွင် ရပ်ကွက်ပေါင်း ၄၄ ခု ၊ လူဦးရေ သုံးသိန်းခန့် တိုးတက်လာသည့်အပြင် ကန်တော်ကြီး၏ ရေပေးဝေမှုလည်း ကျဆင်းလာသည့်အတွက် ရပ်ကွက်အတော်များများတွင် စက်ရေတွင်းများ တူးရပါကြောင်း၊ အချို့က ရေချိုရေကောင်းရသော်လည်း အချို့မှာ မရပါကြောင်း၊ အခြားနိုင်ငံများရှိ မြို့ရွာများတွင် ရေချိုရရှိရန် ငွေကုန်ကြေးကျခံကာ လုပ်ဆောင်နေကြရသော်လည်း ပဲခူးမြို့၏ အနေအထားမှာ မိုးရေကိုလည်း ရရှိပါကြောင်း၊ ရေလှောင်ရန် ကန်ကြီးလည်း ရှိပါကြောင်း၊ ယင်းကန်ကြီးကို စနစ်တကျပြုပြင်ထိန်းသိမ်းမည်ဆိုပါက ပဲခူးမြို့အတွက် လုံလောက်မည့်၊ တာရှည်အသုံးပြုနိုင်မည့် ရေအရင်းအမြစ်တစ်ခု ရရှိမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတများ ထုတ်ဖော်နိုင်ရန်အတွက် ဆည်များ၊ ရေလှောင်တမံများနှင့် ရေရရှိရေးလုပ်ဆောင်ရာတွင် ထာဝစဉ်တည်တံ့ပြီး အသုံးပြုနိုင်ရေးအတွက် သဲနုန်းကျဆင်းမှု လျော့နည်းစေရေးနှင့် ရေအရည်အသွေးပြည့်မီရေးအတွက် ရေဝေ ရေလဲဒေသများရှိ သစ်တောများကို ထိန်းသိမ်းရပါကြောင်း၊ ထို့အတွက် ပဲခူးမြို့၏ ရှိရင်းစွဲရေသယံဇာတ အရင်းအမြစ်ဖြစ်သည့် ကန်တော်ကြီး ရေလှောင်တမံကြီးကို ပြုပြင်ထိန်းသိမ်းပြီး အရှည်တည်တံ့စွာရှိနေရန် လိုအပ်သကဲ့သို့ ယင်းသို့ ထိန်းသိမ်းရာတွင် အခရာကျသည့် ကန်တော်ကြီး ရေဝေရေလဲဒေသ ရေကာတောများကို နဂိုမူလအတိုင်း ပြန်လည်ထူထောင်နိုင်ရန်မှာလည်း အရေးတကြီးလိုအပ်နေပါကြောင်း၊ ထို့အတွက် သနပ်ပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ အဆိုကို လေးနက်စွာ ထောက်ခံပါ ကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ် ဦးက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက အဆိုအပေါ် ပြန်လည် ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ၎င်း၏အဆိုကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြရာ လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားကို ရယူပြီး အတည်ပြုသည်။ **အောင်နိုင်(သတင်းစဉ်)**

# မောင်တောမြို့နယ်မှ ရာအိမ်မှူးတစ်ဦး ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်လွတ်မြောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မောင်တောမြို့နယ် ဂွဆုံကျေးရွာ ရာအိမ်မှူး အန်နာမူလာသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က အလုပ်ကိစ္စဖြင့် ဂွဆုံအလယ်ကျေးရွာသို့ သွားရောက်စဉ် လမ်း၌ တုတ်/ဓားများ ကိုင်ဆောင်ထားသော အကြမ်းဖက်တိုက်ခိုက်သူ ခြောက်ဦးက ဝိုင်းရိုက်ပြီး ရွာအရှေ့ဘက်ရှိ မေယုတောင်ကြောပေါ်သို့ ကြိုးတုပ်ခေါ်ဆောင်သွားခဲ့သည်။


ဖမ်းဆီးခေါ်ဆောင်ခံရသူ ရာအိမ်မှူး အန်နာမူလာ

အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခံရသူ ရာအိမ်မှူး အန်နာမူလာသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ရွာသို့ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ ဂွဆုံရဲစခန်းမှူး ဒုရဲအုပ်အောင်မြတ်ကျော်အဖွဲ့က ခေါ်ယူမေးမြန်းခဲ့ရာ ၎င်းအား ၂၀၁၆ ဒီဇင်ဘာ ၂၉ ရက်က ဂွဆုံအလယ်ကျေးရွာမှအပြန်တွင် ဂွဆုံကျေးရွာသားများဖြစ်သော အဒူလော့ ပါ ရှစ်ဦးက ဖမ်းဆီး၍ တစ်ဦးမှာ ၎င်း၏ ဦးခေါင်းကို ဓားဖြင့်ခုတ်ကာ မျက်နှာကိုအဝတ်စည်း၍ခေါ်ဆောင်ပြီး တောင်ကြားတစ်ခု၌ ညအိပ်ခဲ့ပါကြောင်း။

ထို့အပြင် ဟာရှိန်းပါငါးဦးက အုပ်ချုပ်ရေးအဖွဲ့တွင် ၎င်းတို့ပါဝင်ခွင့်မရခြင်း၊ မော်လဝီဇူပိုင်အဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်သည်ကို တားမြစ်ခြင်းတို့ကြောင့် မကျေနပ်၍ ငွေကျပ်သိန်း ၄၀ ပေးမည် ဟု ပြောဆိုကာ အဒူလော့နှင့်အဖွဲ့ကို ဖမ်းဆီးသတ်ဖြတ်ခိုင်းခြင်းဖြစ်ကြောင်း၊ ဒီဇင်ဘာ ၃၀ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ၎င်းကိုဆက်လက်ခေါ်ဆောင်၍ တောင်စောင်းတစ်ခုသို့အရောက် မော်လဝီဇူပိုင်အဖွဲ့ လေးဦးနှင့် တွေ့ဆုံညအိပ်ခဲ့ရပါကြောင်း၊ အဆိုပါနေရာ၌ ၁၅ ရက်ခန့် နေထိုင်ခဲ့ပြီးနောက် မော်လဝီဇူပိုင် အဖွဲ့နှင့်ခွဲထွက်ကာ နေရာရွှေ့ပြောင်းခဲ့ရပါကြောင်း၊ ၂၀၁၇ ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီတွင် ဖမ်းဆီးခေါ်ဆောင်လာသူများ အိပ်ပျော်နေခိုက် ထွက်ပြေးခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ တွင် ဂွဆုံရွာမကြီးရှိ ရာအိမ်မှူး အဒူရောက်ကိန်းနေအိမ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း အန်နာမူလာက ရှင်းလင်းပြောပြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂နာရီက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်မောင်က ရခိုင်ပြည်နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အမ်းမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် တစ်နေရာသာရှိပါကြောင်း၊ အမ်းမြို့နယ်၌ရှိသော မဲဆန္ဒရှင်များ စာရင်းကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြီး ရပ်ကျေးကော်မရှင်အဖွဲ့ခွဲရုံးများ၊ မဲရုံများနှင့် ကျေးရွာများတွင် ကြေညာထားပြီးဖြစ်ကြောင်း၊ ယခုအခါတွင် ကိုယ်စားလှယ်လောင်းများကလည်း မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး၌ ကြားဖြတ်ရွေးကောက်ပွဲဝင်ပြိုင်ရန် ၂၄ ပါတီရှိပါကြောင်း၊ ပါတီများ၏ မဲဆွယ်စည်းရုံးမှုများကိုလည်း မြန်မာ့အသံနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်လွှင့်ရေးသားဖော်ပြလျက် ရှိနေပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆွေးနွေးစေလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသူရိန်ထွဋ်က စေ့စပ်ညှိနှိုင်းရေးကော်မတီအနေဖြင့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် အဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို မိမိတို့ကော်မတီက ညှိနှိုင်းပေါင်းစပ်ပေးကြရန် ဆွေးနွေးတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက ယခင်ရွေးကောက်ပွဲများမှ အားသာချက်၊ အားနည်းချက်များကို အခြေခံပြီး ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့အရပ်သားပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်မှုစာရင်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကျေးရွာများတွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်သူများမှ အမှန်တရားဖော်ခြင်းမပြုနိုင်ရန်၊ အကြောက်တရား ကြီးစိုးစေရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်မှုမရှိစေရန် ရည်ရွယ်၍ အပြစ်မဲ့အရပ်သားပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များအား အကြောင်းမဲ့ ဖမ်းဆီး သတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်အထိ စုစုပေါင်း သေဆုံးသူ ၁၃ ဦးနှင့် ဖမ်းဆီး၊ ပျောက်ဆုံးသူ ကိုးဦး၊ ဒဏ်ရာရရှိသူ နှစ်ဦးတို့ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်သူများက အပြစ်မဲ့အရပ်သား ပြည်သူများအား သတ်ဖြတ်/ဖမ်းဆီးမှုစာရင်း**
**(၃-၂-၂၀၁၇)ရက်နေ့ထိ**

| စဉ် | ရက်စွဲ | သေဆုံး | ဒဏ်ရာရ | ဖမ်းဆီး/ ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၅-၁၀-၂၀၁၆ | ၂ | | | |
| ၂ | ၁၄-၁၀-၂၀၁၆ | ၁ | | | |
| ၃ | ၁၅-၁၀-၂၀၁၆ | | ၁ | | |
| ၄ | ၇-၁၁-၂၀၁၆ | | | ၂ | (၇-၁၁-၂၀၁၆)ရက်နေ့ (၁)ဦးတွေ့၊ (၈-၁၁-၂၀၁၆)ရက်နေ့ (၁)ဦးတွေ့ |
| ၅ | ၁၃-၁၁-၂၀၁၆ | | ၁ | | |
| ၆ | ၁၇-၁၁-၂၀၁၆ | ၁ | | | |
| ၇ | ၁၃-၁၂-၂၀၁၆ | | | ၁ | |
| ၈ | ၂၁-၁၂-၂၀၁၆ | ၁ | | | |
| ၉ | ၂၅-၁၂-၂၀၁၆ | ၁ | | | |
| ၁၀ | ၂၆-၁၂-၂၀၁၆ | ၁ | | | |
| ၁၁ | ၂၈-၁၂-၂၀၁၆ | ၁ | | | |
| ၁၂ | ၂၉-၁၂-၂၀၁၆ | | | ၁ | (၁-၂-၂၀၁၇)ရက်နေ့ ပြန်ရောက် |
| ၁၃ | ၂-၁-၂၀၁၇ | | | ၁ | |
| ၁၄ | ၁၃-၁-၂၀၁၇ | ၁ | | | |
| ၁၅ | ၁၄-၁-၂၀၁၇ | | | ၁ | (၁၅-၁-၂၀၁၇)ရက်နေ့ ပြန်ရောက် |
| ၁၆ | ၂၀-၁-၂၀၁၇ | ၃ | | | |
| ၁၇ | ၂၂-၁-၂၀၁၇ | | | ၁ | |
| ၁၈ | ၂၇-၁-၂၀၁၇ | | | ၂ | |
| ၁၉ | ၂၈-၁-၂၀၁၇ | ၁ | | | |
| | စုစုပေါင်း | ၁၃ | ၂ | ၉ | ပျောက်ဆုံးဆဲ(၅)<br>ပြန်တွေ့(၄) |

# ရန်ကုန်၌ တရားမဝင်သစ် တန် ၈၈၀ ကျော် ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့် ဖမ်းဆီးရမိ

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း၊ ဓာတ်ပုံ- ဝင်းနန္ဒာ**

ရန်ကုန်မြို့ MIP ဆိပ်ကမ်းရှိ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ကျွန်းသစ်ခွဲသား ၃၃ တန်ကျော်ကို ဇန်နဝါရီ ၂၄ ရက်က ဖမ်းဆီးရမိခဲ့သည်မှအစပြု၍ သတင်းကွင်းဆက်များအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များကို သစ်တောဦးစီးဌာနက ဆက်တိုက်ဖမ်းဆီးနိုင်ခဲ့သည်။ ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကိုးရက်တာအတွင်း ကျွန်း ၃၅ တန်ကျော်၊ ပိတောက် ၈၁၈ တန်ကျော်၊ တမလန်း ၂၃ တန်(စိစစ်ဆဲ)နှင့် ကုက္ကို ၂ တန်ကျော် စုစုပေါင်း တရားမဝင်သစ်ခွဲသား တန် ၈၈၀ ကျော်၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်ကို သစ်တောဦးစီးဌာနက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ပွဲစား၊ ခြံရှင်၊ ဂိုဒေါင်မှူး၊ ဂိုဒေါင်ပိုင်ရှင်နှင့် ဂိုဒေါင်ငှားရမ်းသူတို့ကို သစ်တောဥပဒေ ၄၃(က)၊ ၄၂(ခ)တို့အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဆက်တိုက်ဖမ်းဆီးရခဲ့မှုနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

*(ယမန်နေ့မှအဆက်)*



အမှတ်(၁၆/၆၄) ဦးထွန်းညိုလမ်း ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃)အတွင်း သိမ်းဆည်းရမိသည့် သစ်များကိုတွေ့ရစဉ်

**ဦးသိန်းတိုး ညွှန်ကြားရေးမှူး**
**သစ်တောဦးစီးဌာန ( ရန်ကုန်တိုင်းဒေသကြီး)**

**မေး ။ ။ ရန်ကုန်မှာ တရားမဝင်သစ်တွေ ဆက်တိုက်ဖမ်းဆီးရမိမှုအပေါ် ဘယ်လိုသုံးသပ်ပါသလဲ။ ပါဝင်သက်ဆိုင်သူတွေကို ဘယ်လိုအရေးယူဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ပိတောက်သစ်တွေ ရန်ကုန်ကို စီးဝင်လာမှုနဲ့ပတ်သက်ပြီး မြေပြင်မှာ သတင်းအချက်အလက်များ စုံစမ်းထောက်လှမ်းတယ်။ ရန်ကုန်အဝင်မှာရှိတဲ့ မှော်ဘီသစ်တော စစ်ဆေးရေးဂိတ်၊ လှည်းကူးစစ်ဆေးရေးဂိတ်တွေမှာ ဖမ်းဆီးရမိတာကို စစ်ဆေးကြည့်တဲ့အခါ ပိတောက်သစ်တွေများတယ်။ ရန်ကုန်မှာ ပိတောက်သစ်မထွက်ဘဲ ပိတောက်သစ်တွေအဝင်များနေတယ်၊ ဒီအပေါ်မှာ မသမာမှုတွေ လုပ်နေတာလားဆိုပြီး စုံစမ်းရတယ်။ သစ်တောထောက်ခံချက်ထုတ်ပေးတဲ့ အဖွဲ့ကို သတင်းတွေ ချပေးပြီး စုံစမ်းစေတယ်။ ရန်ကုန်ကို ဝင်လာတဲ့ သစ်အများစုက ပင်လယ်ဆိပ်ကမ်းကနေ ပြည်ပပို့ဖို့ ဖြစ်နေတယ်။ ရန်ကုန်မှာ ပိတောက်သစ်သုံးတာ ဒီလောက်မရှိနိုင်ဘူးလို့ ကောက်ချက်ချပြီးတော့ ကုန်သေတ္တာတွေနဲ့ တရားမဝင်တင်နေတာရှိလားဆိုပြီး မြေပြင်မှာ စုံစမ်းပါတယ်။ တွေ့ရှိချက်တွေအရ MIP ဝင်းမှာ ကွင်းဆက်အဖြစ် ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ငွေကျပ် သိန်းပေါင်း ၂၆၀၀၀ ကျော်ဖမ်းဆီးရမိပါတယ်။

ကုန်သေတ္တာနှစ်လုံးဖမ်းမိစဉ်က စာရွက်စာတမ်းထုတ်လုပ်ပေးတဲ့ ကုမ္ပဏီရဲ့ MD နဲ့တကွ စာရွက်စာတမ်းတွေ အသုံးပြုပြီး ဝန်ဆောင်မှုဆောင်ရွက်တဲ့သူတွေကို အလုံရဲစခန်းမှာ အမှုဖွင့်ထားပါတယ်။ ကုန်သေတ္တာနှစ်လုံးအပါအဝင် ၁၃ လုံးကို မြေပြင်စုပုံခွင့်တောင်းထားတဲ့ ကုမ္ပဏီရဲ့တာဝန်ရှိသူကိုလည်း အလုံရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားပါတယ်။ မင်္ဂလာဒုံခြံနဲ့ပတ်သက်ပြီး မြေငှားထားတဲ့ ခြံရှင်၊ ဝန်ထမ်းတွေကို ကြီးကြပ်ပြီး သစ်ယာဉ်တွေအတင်အချပြုလုပ်တဲ့ ဝန်ထမ်း၊ ခြံစောင့်ကိုလည်း သစ်တော ဥပဒေပုဒ်မ၄၂ (ခ) နဲ့ မင်္ဂလာဒုံ တရားရုံးမှာ အမှုဖွင့်တိုင်ကြားထားတယ်။ ရွှေပြည်သာမှာဆိုရင် ဂိုဒေါင်တွေကို ငှားရမ်းတဲ့ ပိုင်ရှင်၊ စက်ရုံမှူးတွေကိုလည်း ပုဒ်မ ၄၂ (ခ) နဲ့ ရွှေပြည်သာမြို့နယ်တရားရုံးမှာ တရားစွဲဆိုထားပါတယ်။ လှိုင်သာယာမြို့နယ် မွေးမြူရေးဇုန်မှာဆိုရင်လည်း ဂိုဒေါင်မှာ လူမရှိတာကြောင့် ဂိုဒေါင်ပိုင်ရှင်နဲ့ သစ်ပိုင်ရှင်တွေကို လှိုင်သာယာမြို့နယ် သောင်ကြီး(တောင်)ရဲစခန်းမှာ သစ်တောဥပဒေပုဒ်မ ၄၃ (က)နဲ့ တရားရုံးမှာအမှုဖွင့်အရေးယူသွားဖို့ ရှိပါတယ်။ သတင်းကွင်းဆက်ကိုလည်း ဆက်ပြီးဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဦးစီးရုံးချုပ်ကလည်း သတင်းကွင်းဆက်တွေကို လှမ်းပို့ပါတယ်။ မြေပြင်ကလည်း ဝန်ထမ်းတွေက သတင်းအချက်အလက်တွေကို စုံစမ်းဖော်ထုတ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ကူညီပါတယ်။ ဒီလို ကူညီမှု ကြောင့်လည်း ကျွန်တော်တို့ ဒီလောက်အတိုင်းအတာအထိ အောင်မြင်လာတာဖြစ်ပါတယ်။

**ဦးတင့်ခိုင် လက်ထောက်ညွှန်ကြားရေးမှူး**
**ပြည်ပပို့သစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့**
**(ရန်ကုန်တိုင်းဒေသကြီး)**

**မေး ။ ။ သစ်တောထွက်ပစ္စည်းတွေ ပြည်ပတင်ပို့ရာမှာ လုပ်ဆောင်ရတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းပြပေးပါ။**

ဖြေ ။ ။ နယ်အသီးသီးက Open တင်ဒါစနစ်နဲ့ ဝယ်ထားတဲ့ သစ်လုံးတွေကို ရန်ကုန်ကို သယ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနရဲ့ကြီးကြပ်မှုနဲ့သွားစစ်တယ်၊ ဒါသည်မှန်ကန်တယ်ဆိုပြီး စစ်တံဆိပ်ရိုက်တယ်၊ ရန်ကုန်ကို ရောက်ပြီဆိုတာနဲ့ သစ်အလုံးလိုက်တင်ပို့ခွင့်မရှိတဲ့အတွက် ပြန်ပြီးခွဲတယ်၊ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနဆီမှာ ဒီသစ်လုံးတွေကို ပြန်ခွဲစိတ်ခွင့်ပြုပါဆိုပြီး တင်ရတယ်။ သစ်တောဦးစီးဌာနက လိုက်လံစစ်ဆေးပြီး သူတို့ရောက်ရှိကြောင်း စစ်ဆေးထားတဲ့ သစ်တွေဟုတ်ရဲ့လား ၊ ဟုတ်ပြီဆိုမှ ခွဲမိန့်ထုတ်ပေးပါတယ်။ အဲဒီခွဲမိန့်ရမှ သစ်လုပ်ငန်းရှင်တွေက ခွဲရပါတယ်။ ခွဲပြီးရင်လည်း ခွဲသားထွက်ရှိမှုကို သက်ဆိုင်ရာသစ်တောဦးစီးဌာနက သွားကြီးကြပ်ရပါတယ်။ မှန်ကန်တယ်ဆိုရင် ခွဲစိတ်ပြီးရင် စစ်တံဆိပ်ထပ်ရိုက်ပေးရပါတယ်၊ သစ်တောဦးစီးဌာနက သတ်မှတ်ထားတဲ့ ခွဲသားထွက်ရှိမှုနှုန်းအတိုင်းပဲ ထွက်တယ်ဆိုရင် အတည်ပြုပေးလိုက်တယ်။

ဒါမှမဟုတ်ဘဲ သစ်လုံးကကောင်းနေတယ်၊ ခွဲစိတ်တဲ့ စက်အရည်အသွေးကကောင်းနေမယ်၊ သစ်တောဦးစီးဌာနက သတ်မှတ်တဲ့ ခွဲသားရာခိုင်နှုန်းထက်ပိုထွက်နိုင်မယ်လို့ ယူဆတယ်ဆိုရင် လုပ်ငန်းရှင်က လာစစ်ပေးပါဆိုရင် ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနက ခွဲစိတ်တာတွေကို ပူးပေါင်းကြီးကြပ်စစ်ဆေးပါတယ်။ စစ်ဆေးပြီး အမှန်တကယ်ထွက်တဲ့ ခွဲသားထွက်ရှိရာခိုင်နှုန်းကို သစ်တောဦးစီးဌာန ရုံးချုပ်ကို တင်ပြရပါတယ်။ ရုံးချုပ်သစ်တောဦးစီးဌာနက ထပ်မံအတည်ပြုပြီးပြီဆိုမှ တရားဝင်ထွက်ရှိတဲ့ ခွဲသားတွေကို ရပြီဖြစ်ပါတယ်။

အဲဒီလို ခွဲသားတွေရပြီးဆိုရင် ပြည်ပကို ပို့ချင်ပါတယ်ဆိုပြီး ကျွန်တော်တို့ဆီကို လျှောက်ပါတယ်။ တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း ထောက်ခံချက် ထုတ်ပေးပါလို့ လျှောက်ရပါတယ်။ လျှောက်လွှာမှာ ကုမ္ပဏီရဲ့ဖောင် VI နဲ့ XXVI မှာ ပါဝင်တဲ့ MD (သို့မဟုတ်) GM ရဲ့လက်မှတ်ရေးထိုးထားတဲ့ လျှောက်လွှာပါရတယ်၊ နောက်ပြီး သစ်တောထောက်ခံချက် / သက်တမ်းတိုးစာရွက်စာတမ်းတွေ ပြန်ထုတ်ပေးဖို့အတွက် MD (သို့မဟုတ်) GM မလာနိုင်ရင် ကိုယ်စားလှယ်လွှဲစာ ပြရပါမယ်၊ မြန်မာ့သစ်လုပ်ငန်းက Open တင်ဒါနဲ့ဝယ်ထားတဲ့ စာရွက်စာတမ်းပြရပါတယ်။ နောက်ပြီး မြန်မာ့သစ်လုပ်ငန်းနဲ့ ချုပ်ထားတဲ့ Sale Contract ပြရပါမယ်။ နယ်က ရန်ကုန်ကို ဝင်တယ်ဆိုရင် သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်တွေက စစ်ဆေးမျှောသိမ်းတဲ့ လက်မှတ်တွေ ပြရပါတယ်။ အဲဒါတွေတင်မကပါဘူး။ စက်ရုံ ( သို့မဟုတ်) ဂိုဒေါင်ကိုရောက်ရှိကြောင်း သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနရဲ့နယ်မြေတာဝန်ခံက စစ်ဆေးပြီးကြောင်း တင်ပြရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန (သို့မဟုတ်) ဦးစီးရုံးချုပ်က ထုတ်ပေးထားတဲ့ ခွဲမိန့် ၊ခွဲသားထွက်ရှိတွေ လာတင်ပြရပါတယ်။ အဲဒါတွေအပြင် ကုမ္ပဏီမှတ်ပုံတင်၊ ထုတ်ကုန် / သွင်းကုန်လိုင်စင်မိတ္တူ ၊ သစ် လုပ်ငန်းရှင်များ အသင်းဝင်လက်မှတ်မိတ္တူ စသဖြင့် အဲ့ဒါတွေ ဖော်ပြပြီး လျှောက်ထားရပါတယ်။

အဲဒီလိုလျှောက်ထားလာပြီဆိုရင် ကျွန်တော်တို့က တင်ပြလာတဲ့စာရွက်စာတမ်းတွေကို အရင်စစ်ပါတယ်။ လိုအပ်တဲ့ အချက်အလက်စုံပြီဆိုရင် ကျွန်တော်တို့ဆီကို ဝင်စာသွင်းတယ်။ ညွှန်ကြားရေးမှူးက စစ်ဆေးမိန့်ထုတ်ပေးတယ်။ မြေပြင်ကို သွားစစ်ဆေးတယ်။ တိုင်းတာတယ်၊ မှန်ကန်ရင် ပြည်ပသစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့ရဲ့တံဆိပ်ရိုက်ပေးလိုက်တယ်။ အဲဒီတံဆိပ်ပါမှ ပြည်ပတင်ပို့ခွင့်ရှိတယ်။ မြေပြင်စစ်ဆေးတွေ့ရှိချက်တွေ မှန်တယ်ဆိုရင် ညွှန်ကြားရေးမှူးထံ ပြန်လည်တင်ပြတယ်။ ညွှန်ကြားရေးမှူးက ထောက်ခံချက်ထုတ်ပေးလိုက်တယ်။

အဲဒီထောက်ခံချက်ရသွားပြီဆိုရင် နိုင်ငံခြားတင်ပို့ဖို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ သစ်တောကထုတ်ပေးလိုက်တဲ့ တရားဝင်သစ်ဖြစ်ကြောင်း ထောက်ခံချက်ကိုကိုင်ပြီး Export လိုင်စင်လျှောက်ရတယ်။ ပြီးရင် အကောက်ခွန်မှာ ထုတ်ကုန်ကြေညာလွှာလျှောက်ရတယ်။ သစ်တောက ထောက်ခံချက်ပေးလိုက်တဲ့ သစ်တွေကို ကုန်သေတ္တာထည့်ပါတော့မယ်ဆိုပြီး ပြည်ပပို့ သစ်တောထွက်ပစ္စည်းများ စိစစ်ထောက်ခံရေးအဖွဲ့ရုံးကို ကုန်သေတ္တာထည့်သွင်းခွင့် ထပ်မံလျှောက်ထားရပါတယ်။ အဲ့ဒီလို လျှောက်ထားရာမှာ ကုမ္ပဏီရဲ့MD (သို့မဟုတ် ) GM တစ်ဦးဦးရဲ့ ကုန်သေတ္တာထည့်သွင်းခွင့်လျှောက်လွှာ၊ အရင်ထုတ်ပေးထားတဲ့ တရားဝင်သစ်တောထွက်ပစ္စည်း မှန်ကန်ကြောင်း ထောက်ခံချက်ပြန်ယူလာရမယ်။ အဲဒီလျှောက်လွှာကို အကိုးအကားပြုပြီး အကောက်ခွန်ဦးစီးဌာနရဲ့ ထုတ်ကုန်ကြေညာလွှာ၊ ပြီးရင် သင်္ဘောတင်ပို့မယ့် ကုမ္ပဏီရဲ့ Booking Note ၊ ဘယ်သင်္ဘောနဲ့တင်မယ်ဆိုတဲ့ ကုန်သေတ္တာသင်္ဘောရောက်ရှိ/ထွက်ခွာမယ့် Vessel Schedule အဲဒါတွေကို တင်ပြရတယ်။ ကျွန်တော်တို့က တင်ပြလာတဲ့ စာရွက်စာတမ်းတွေ မှန်ကန်မှု ရှိ/ မရှိကို စစ်ဆေးရတယ်။ ပြီးရင် ကုန်သေတ္တာ ထည့်သွင်းမယ့်နေရာကို သွားရတယ်။ ဘယ်နှတန်ထည့်မယ်၊ ဘယ်သစ်အမျိုးအစားထည့်မယ်၊ မြေပြင်မှာ ပြန်စစ်တယ်၊ ကုန်သေတ္တာစစ်ဆေးရေးအဖွဲ့ ကုမ္ပဏီရဲ့BOD၊ သက်ဆိုင်ရာနယ်မြေသစ်တောရဲ့တာဝန်ခံ တစ်ယောက်ရယ် ရှေ့မှာထည့်တယ်၊ ကုန်သေတ္တာကို ပိတ်လိုက်တယ်။ ပြည်ပပို့ သစ်တောထွက်ပစ္စည်း စိစစ်ထောက်ခံရေးအဖွဲ့ရဲ့ စည်းပိတ်ချလိုက်တယ်။ အသေကပ်လိုက်တာ ဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်း ပြည်ပပို့ရင် အဲဒီ Seal ပါမှ ပို့လို့ရပါတယ်။ ဒါကတော့ ကုန်သေတ္တာထည့်သွင်းရေးလုပ်ငန်းစဉ်ဖြစ်ပါတယ်။

**မေး ။ ။ အခု MIP ဝင်းအတွင်းမှာ ဖမ်းဆီးရမိမှုအပေါ် ဘယ်လို သုံးသပ်ပါသလဲ။**

ဖြေ ။ ။ ပုံမှန်လုပ်ထုံးလုပ်နည်းအရ သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာမှာ ကွန်တိန်နာတွေ ဆိပ်ကမ်းအတွင်းကို မဝင်မီ ဆိပ်ကမ်းဂိတ်ပေါက်မှာ တရားဝင်သစ်တောထွက်ပစ္စည်းမှန်ကန်ကြောင်း သစ်တောဦးစီးဌာနရဲ့ ထောက်ခံချက်လက်မှတ်ပြနိုင်ရမယ်၊ ကွန်တိန်နာမှာ သစ်တောဦးစီးဌာနရဲ့ ပ.သ.စ လုံခြုံရေး Seal ခတ်ထားရပါမယ်။ အဲ့ဒီနှစ်ချက်ပြည့်စုံမှ ဆိပ်ကမ်းအတွင်းကို ဝင်ခွင့်ရပါမယ်။ ပြီးတော့ ဆိပ်ကမ်းအဝင်ဂိတ်ကို ဖြတ်တယ်၊ နောက်တစ်ခါ Weight ချိန်တဲ့ ကတ္တားကို ဖြတ်တယ်၊ ပြီးတော့ ကုန်သေတ္တာထဲမှာ ထည့်သွင်းထားတဲ့ ကုန်ပစ္စည်းကို စစ်ဆေးတဲ့ X-ray ကိုဖြတ်တယ်၊ အဲ့ဒီဖြစ်စဉ်လောက်ပဲ ကျွန်တော်တို့ သိတယ်။ အခုဖြစ်စဉ်မှာတော့ ဖြတ်သွားတဲ့ ပထမ ကျွန်းကုန်သေတ္တာနှစ်လုံးနဲ့နောက်ထပ်မိတဲ့ ပိတောက်ကုန်သေတ္တာ ၁၁ လုံးမှာရော ကျွန်တော်တို့ သစ်တော ပ.သ.စ လုံခြုံရေး Seal မပါဘဲ ဆိပ်ကမ်းအတွင်းကို ဝင်ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ အမှန်တော့ ဒီ X-ray ဖြတ်မယ်ဆိုရင် ကျွန်တော်တို့ Seal ပါရပါမယ်။ အခုဟာက X-ray ဖြတ်တယ်၊ အထဲမှာ ပုံထားတယ်၊ ကျွန်တော်တို့ Seal မဟုတ်ဘဲ အခြားSeal တွေခတ်ထားပါတယ်၊ ဖြစ်စဉ်ကတော့ အဲဒါပါပဲ။ အခု ဖြစ်စဉ်မှာ ကျွန်တော်တို့ သစ်တောဌာန ပ.သ.စ လုံခြုံရေး Seal မပါတဲ့အတွက် ကွင်းဆက်လိုက်ရင်းပေါ်လာတာ ဖြစ်ပါတယ်။



အမှတ်(၄၁၀/ဘီ) စကားဝါလမ်း(ပုလဲမြို့သစ်) မင်္ဂလာဒုံမြို့နယ်မှ သိမ်းဆည်းရမိသည့် သစ်များကိုတွေ့ရစဉ်

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၂-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉)ပါ "ရန်ကုန်၌ ကိုးရက်အတွင်း တရားမဝင်သစ်တန် ၈၈၀ ကျော် (ကာလတန်ဖိုးကျပ်သိန်းပေါင်း ၂၆၀၀၀ ကျော်ခန့်) သိမ်းဆည်းရမိ" တွေ့ဆုံမေးမြန်းခန်းတွင် 'နောက်ကုန် သေတ္တာခြောက်လုံးက သင်္ဘောတင်တဲ့ Line Seal နဲ့ အကောက်ခွန်တံဆိပ်တွေပါ ပြီး ပိတောက်ခွဲသားတွေထည့်ထားတာ တွေ့ရတယ်' **အစား** 'နောက်ကုန်သေတ္တာခြောက်လုံးက သင်္ဘောတင်တဲ့ Line Seal နဲ့ ပိတောက်ခွဲသားတွေ ထည့်ထားတာတွေ့ရတယ်' ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာ့သတင်းစဉ်(ပြည်တွင်း)သတင်းအဖွဲ့**

# ကွန်မြူနစ်သူပုန်များနှင့်ချုပ်ဆိုထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို ဖိလစ်ပိုင်စွန့်လွှတ်တော့မည်

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်အစိုးရသည် ကွန်မြူနစ်သူပုန်များနှင့် ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း သောကြာနေ့တွင် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေးက ပြောကြားသည်။ ဒူတက်တေးသည် အစိုးရတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန်အတွက် အသင့်ပြင်ထားကြရန် အမိန့်ပေးအပ်ခဲ့သည်။ မျိုးဆက်တစ်ခုကြာသည်အထိ သူပုန်များနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုမှုရှိလာတော့မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတဒူတက်တေးသည် NPA ၏ တစ်ဖက်သတ်ဆန်သော အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဗုဒ္ဓဟူးနေ့တွင် ပိတ်ပင်တားမြစ်ခဲ့ပြီးနောက် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်ခြောက်ဦး ကျဆုံးပြီး တပ်ဖွဲ့ဝင်ခြောက်ဦး ပြန်ပေးဆွဲ ခံလိုက်ရခြင်းအတွက် အကြီးအကျယ် ဒေါသထွက်လျက်ရှိသည်။

ကွန်မြူနစ်များအား အလျှော့ပေးလိုက်လျှော့မှုများစွာ ရှိခဲ့သော်လည်း NPA ၏ တောင်းဆိုမှုများသည် ပိုမို လွန်ကဲလာခဲ့သည်ဟု ၎င်းက ဆိုသည်။

ဖိလစ်ပိုင်အစိုးရအင်အားစုများနှင့် ကွန်မြူနစ်ပါတီ၏ လက်ရုံးသဖွယ်ဖြစ်သည့် NPA အဖွဲ့တို့သည် ၁၉၆၈ ခုနှစ်မှ စတင်ကာ ပဋိပက္ခတိုက်ပွဲများစွာဖြစ်ပွားခဲ့ပြီး တိုက်ခိုက်မှုများကြောင့် လူလေးသောင်းကျော် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်ရက်အတွင်းမှာပင် စစ်သားများစွာကို ဆုံးရှုံးခဲ့ရပြီး အကျိုးဖြစ်ထွန်းမှုမရှိသည့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဆက်လက်ကျင့်သုံးမနေဘဲ စွန့်လွှတ်တော့မည်ဟု ဒူတက်တေးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**



# ဖိလစ်ပိုင်စက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်၊ အလုပ်သမား ၁၀၀ ကျော်ဒဏ်ရာရ

**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်နိုင်ငံရှိ စက်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတာဝန်ရှိသူများက ယမန်နေ့က ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ တောင်ပိုင်း ကာဗိုက်ပြည်နယ် ရိုဆရီယိုမြို့ ကာဗိုက်စီးပွားရေးဇုန်အတွင်းရှိ Housing Technology Industries, Pte. Ltd အမည်ရှိ ဂျပန်ကုမ္ပဏီတစ်ခုတွင် လွန်ခဲ့သောနှစ်ရက်က မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဂျီးဆပ်စ် ခရစ်ပင် ရီမြူလာက ပြောကြားသည်။



အလုပ်သမားနှစ်ဦး အပါအဝင် အလုပ်သမား ၁၂၆ ဦးထက်မနည်း မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့အနက် လေးဦးမှာ အခြေအနေစိုးရိမ်ရကြောင်းနှင့် အနည်းဆုံးလုပ်သားနှစ်ဦး အသက်သေဆုံးနိုင်ကြောင်း ယမန်နေ့က ရီမြူလာက ပြောသည်။

ဂျပန်နိုင်ငံသို့တင်ပို့ရန် အိမ်ဆောက်ပစ္စည်းများထုတ်လုပ်သော အထပ်သုံးထပ်ပါရှိသည့် စက်ရုံအဆောက်အအုံ၏ မြေညီထပ်တွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါ ဂျပန်ကုမ္ပဏီတွင် အလုပ်သမား ၆၀၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အီးယူခြောက်နိုင်ငံပူးပေါင်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၃**

အီးယူခြောက်နိုင်ငံပူးပေါင်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း ယမန်နေ့က အီးယူရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

အီးယူ ခြောက်နိုင်ငံဖြစ်သည့် ဩစတြီးယား၊ ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ ဂျာမနီ၊ ဟန်ဂေရီနှင့် ရိုမေးနီးယားနိုင်ငံတို့မှ ရဲတပ်ဖွဲ့များသည် အီးယူရဲတပ်ဖွဲ့၏ ကူညီဆောင်ရွက်မှုအောက်တွင် အတူတကွပူးပေါင်းကာ လူကုန်ကူးမှု ဒုစရိုက်အဖွဲ့အစည်းများ ကွန်ရက်ကို ရှင်းလင်းမည့် လုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်မှုအတွင်း ဟန်ဂေရီရဲတပ်ဖွဲ့မှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ၏ နေရာ သုံးနေရာသို့ သွားရောက်စစ်ဆေးခဲ့ကြပြီး လူကုန်ကူးသူဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ရိုမေးနီးယားရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူ ၁၃ ဦးကို ဖမ်းဆီးခဲ့ပြီး ဩစတြီးယားရဲတပ်ဖွဲ့က ရွှေ့ပြောင်းနေထိုင်သူ ၅၈ ဦးကိုတွေ့ရှိခဲ့သည့်အပြင် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ဂျာမနီရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်ကြောင်း သံသယရှိသူတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# တောင်ကိုရီးယားစစ်ဆေးရေးအဖွဲ့ အိမ်ပြာတော်ကိုစစ်ဆေးမည်

**ဆိုးလ် ဖေဖော်ဝါရီ ၃**

တောင်ကိုရီးယားနိုင်ငံ အထူးစစ်ဆေးရေးအဖွဲ့သည် သမ္မတ၏မိတ်ဆွေက အုပ်ချုပ်ရေးပိုင်းတွင် ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်ပြီး ခွင့်ပြုချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဥပဒေအရ အိမ်ပြာတော်အတွင်း ဝင်ရောက်စစ်ဆေးမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သော်လည်း အိမ်ပြာတော်က ခွင့်မပြုကြောင်း ထုတ်ပြန်ခဲ့သည်။

အိမ်ပြာတော် ပြောရေးဆိုခွင့်ရှိသူက အထူးစစ်ဆေးရေးအဖွဲ့၏ လာရောက်စစ်ဆေးမှုကို လက်ခံသည်ဟူသော သတင်းဖော်ပြမှုများကို ငြင်းဆန်ခဲ့သည်။ သမ္မတ ပတ်ဂွန်ဟေးသည် အိမ်ပြာတော်သို့ လာရောက်စစ်ဆေးခြင်းကို လုံခြုံရေးအကြောင်းပြချက်ဖြင့် ငြင်းပယ်ထားကြောင်း သိရသည်။

အိမ်ပြာတော်မှ ခွင့်ပြုချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အထူးစစ်ဆေးရေးအဖွဲ့အနေဖြင့် ဥပဒေအရ အိမ်ပြာတော်အတွင်းဝင်ရောက်စစ်ဆေးသွားမည်ဖြစ်ပြီး အိမ်ပြာတော်၏ အတွင်းရေးမှူးချုပ် ရုံးခန်း၊ ဆေးဝါးကုသရေးရုံးခန်း၊ ရဲတပ်ဖွဲ့ရုံးခန်း စသည်တို့ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း အထူးစစ်ဆေးရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်နှင့် အခြားသက်ဆိုင်သော ဌာနများကို စစ်ဆေးလိုပါက သက်ဆိုင်ရာ တာဝန်ရှိသူ၏ ခွင့်ပြုချက်ယူရမည်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူကလည်း လုပ်ငန်းဆောင်ရွက်မှုသည် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်ခြင်းမရှိလျှင် အကြောင်းပြချက်မဲ့ ငြင်းပယ်မရကြောင်း ဥပဒေသတ်မှတ်ချက်တွင် ဖော်ပြထားသည်ဟု တောင်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာများတွင် ဖော်ပြသည်။

အထူးစစ်ဆေးရေးအဖွဲ့သည် နောက်အကျဆုံးအနေဖြင့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် သမ္မတနှင့် မျက်နှာချင်းဆိုင်စစ်ဆေးမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**



# အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်တော့မည့်ဆဲဆဲတွင် သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီး

**ပါရီ ဖေဖော်ဝါရီ ၃**

ပြင်သစ်နိုင်ငံတွင် တောခုတ်ဓားကိုကိုင်ဆောင်ထားသည့် အမျိုးသားတစ်ဦးက ပြတိုက်တစ်ခုအတွင်း ဝင်ရောက်ကာ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်တော့မည့်ဆဲဆဲတွင် လုံခြုံရေးအဖွဲ့ဝင်တစ်ဦးက ပစ်ခတ်ဖမ်းဆီးခဲ့ရသည့်ဖြစ်ရပ် သောကြာနေ့တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါအမျိုးသားသည် ပြတိုက်အတွင်းဝင်ရောက်ရန် ကြိုးပမ်းချိန်တွင် ကျောပိုးအိတ်နှစ်လုံး လွယ်ပိုးထားပြီး တောခုတ်ဓားကို ကိုင်ဆောင်ထားခဲ့သည်။ ၎င်းသည် အလာဟူအက်ကဘာ (အကြီးမြတ်ဆုံးသောအရှင်) ဟူ၍ အော်ဟစ်ကာ ပြတိုက်၏ဈေးဆိုင်အနီးရှိ ရဲများနှင့် စစ်သားများထံသို့ ပြေးလာခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှု လုပ်ဆောင်တော့မည့်အသွင်ရှိသောကြောင့် တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။ သံသယဖြစ်ဖွယ်တွေ့ရှိရသည့် နောက်ထပ် မသင်္ကာသူတစ်ဦးကိုလည်း ထိန်းသိမ်းထားခဲ့သည်။

တိုက်ခိုက်ရန်ကြံစည်သူ အမျိုးသားသည် အသက်ရှင်နေသေးသော်လည်း ဒဏ်ရာများစွာ ရရှိထားသည်။ အခင်းဖြစ်ပွားသည့်နေရာသို့ ၎င်းသယ်ပိုးယူဆောင်လာသည့် အိတ်နှစ်လုံးတွင် ပေါက်ကွဲပစ္စည်းများကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း ပါရီရဲတပ်ဖွဲ့အကြီးအကဲ မစ်ချယ်လ်ကာဒေ့ါက သတင်းထောက်များသို့ ဖြေကြားခဲ့သည်။

သံသယရှိသူ အမျိုးသားသည် နံနက် ၁၀ နာရီအချိန်လောက်တွင် ရန်မူမည့်အသွင်ဖြင့် တပ်ဖွဲ့ဝင်များဆီသို့ ပြေးလာခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့် ငါးချက်ပစ်ခတ်လိုက်ရကြောင်း သိရသည်။ ပါရီတွင် မမျှော်လင့်သည့်နေရာမှ ဝင်ရောက်လာတတ်သည့် အကြမ်းဖက်သမားများ၏ အန္တရာယ်ကို အထူးသတိထားနေရသည်။

**(ရိုက်တာ)**

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　ဖေဖော်ဝါရီ　၃

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ တွဲဖက်အတွင်းရေးမှူး (၁) ဦးစိုင်းအောင်မြင့်ခိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မိုင်ဆွန်ခ-မင်္ဂလာပါခင်ဗျား**

တိုင်းရင်းသားပြည်သူအပေါင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ခေါ်) ကျားဖြူပါတီရဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးစိုင်းအောင်မြင့်ခိုင်ဖြစ်ပါတယ်။ မိမိတို့ ပါတီရဲ့ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မူဝါဒနှင့် အမြင်သဘောထားများကို တင်ပြသွားမှာဖြစ်ပါတယ်။

ကျားဖြူပါတီ(ခေါ်)ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးပါတီမှတ်ပုံတင် အမှတ်-(၁၅/၂၀၁၀) ဖြစ်ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှာ (၂၀၁၀ ခုနှစ်၊ မေလ ၂၆ ရက်) ဖြစ်ပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား-**

နိုင်ငံရေးပါတီတစ်ခုမှာ (၁)ယုံကြည်ချက်၊ (၂)ရည်ရွယ်ချက်/ရည်မှန်းချက်၊ (၃)မူဝါဒနှင့် (၄)လုပ်ငန်းလမ်းစဉ်ရှိရပါမယ်။ ထိုယုံကြည်ချက်၊ ရည်ရွယ်ချက်၊ မူဝါဒနှင့် လုပ်ငန်းလမ်းစဉ်များအတိုင်း ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံနှင့်ပြည်သူ့အတွက် တာဝန်ကျေသောပါတီကောင်းဖြစ်မှာဖြစ်ပါတယ်။

**ကျားဖြူပါတီ၏ ယုံကြည်ချက်မှာ**

အချုပ်အားဖြင့် -

နိုင်ငံသား၊ တိုင်းရင်းသားတို့၏ အခွင့်အရေးများ **တန်းတူ/ညီမျှမှု** ဖော်ဆောင်ပေး၍ ဖိနှိပ်ခြင်းကင်းမှသာလျှင်- စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကိုအမှန်တကယ်တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါတယ်။ ဒီနေရာမှာ သတိထားဖို့က

**တန်းတူနှင့်ညီမျှမှုဆိုတာ မတူညီပါဘူး**- ဥပမာ-။ အစ်ကိုကြီးတစ်ဦးနှင့်ညီငယ်ခုနစ်ဦးတို့ အသီးရှစ်လုံးကိုခွဲဝေယူကြရာမှာ **အရေအတွက်** ညီမျှစွာ တစ်လုံးစီရနိုင်မည်ဖြစ်သော်လည်း ခွဲဝေယူသည့်ပုံစံပေါ်မူတည်၍ အကြီးအသေး အကောင်းအပုပ် စသည့် **အရည်အသွေး** တွင် တန်းတူ ရရှိမှုရရန် ခဲယဉ်းပါတယ်။ တန်းတူရဖို့က ခွဲဝေပေးသူရဲ့ စိတ်ဆန္ဒနှင့်လက်ခံရသူရဲ့ တောင်းဆိုမှုပေါ်မှာ မူတည်ပါလိမ့်မယ်။

**ကျားဖြူပါတီ၏ ရည်ရွယ်ချက်နှင့်ရည်မှန်းချက်တင်ပြရရင် -**

အဓိကရည်ရွယ်တာက စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးရှိဖို့နှင့် ထိပ်တိုက်ရင်ဆိုင်ရေး/ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတည်ဆောက်နိုင်ရေးကို ရည်ရွယ်ပါတယ်။

**ရည်မှန်းတာက**

- * **ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး**
- * **ဌာနေတိုင်းရင်းသားအားဖြင့်ပြည်နယ်အစိုးရ ဖွဲ့စည်းရေး**
- * **မိမိတိုင်းရင်းသားမျိုးနွယ်စုတစ်စုချင်း သွေးစည်းညီညွတ်ရေးမှသည် ပြည်ထောင်စုစည်းလုံးညီညွတ်မှု တည်ဆောက်ရေးတို့ ဖြစ်ပါတယ်။**

**ညီနောင်တိုင်းရင်းသားတို့ခင်ဗျား-**

(၁) ဖက်ဒရယ်ရဲ့ အဓိပ္ပာယ်ကခွဲထွက်ခြင်း မဟုတ်ပါဘူး။ ပေါင်းစည်းခြင်းသာ ဖြစ်ပါတယ်။

- * ပြည်နယ်များက တန်းတူညီမျှမှုရရှိဖို့ လိုအပ်တဲ့ လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့် အာဏာများကို ညီညီမျှမျှ ခွဲဝေရယူကြမယ်။
- * စုပေါင်းရယူကျင့်သုံးရမယ့်လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းခွင့်အာဏာများကိုအားလုံးရဲ့ ကိုယ်စား ပြည်ထောင်စုအစိုးရက ရယူရပါမယ်။ တာဝန်ယူရပါမယ်။
- * ပြည်နယ်များကရသင့်ရထိုက်တဲ့အခွင့်အရေးများကို တန်းတူစွာနှင့်ညီမျှစွာ ခွဲပေးရပါမယ်။

အဲဒါမှ ပြည်ထောင်စုဖက်ဒရယ်စနစ် အစစ်အမှန်ဖြစ်ပါတယ်။

**ကျွန်တော်တို့ပြောတဲ့ လိုလားတဲ့ဖက်ဒရယ်ဆိုတာ ဒီပုံစံပါပဲ။**

(၂) ဌာနေတိုင်းရင်းသားအားဖြင့် ပြည်နယ်အစိုးရဖွဲ့စည်းရေး ရည်မှန်းခြင်းသည် မိမိကိုယ်ကျိုးစီးပွားအတွက် အာဏာရယူလိုခြင်းလုံးဝ မဟုတ်ပါ။

မိမိတို့ဌာနေတိုင်းရင်းသားသည်သာလျှင် မိမိတို့လိုအပ်ချက်ကို မိမိအသိဆုံး၊ တိုးတက်ဖွံ့ဖြိုးအောင်၊ ဘက်မျှအောင် ဘယ်လိုစီမံဆောင်ရွက်ရမှာကို အသိဆုံးဖြစ်ပါတယ်။ မိမိတို့လက်ထဲမှာ မိမိကံကြမ္မာကိုဖန်တီးနိုင်ခွင့်အာဏာရှိမှသာလျှင် မိမိတို့ဘဝကိုအလှဆင်နိုင်မှာဖြစ်ပါတယ်။


**နိုင်ငံရေးပါတီတစ်ခုအတွက် အရေးကြီးဆုံးက မိမိပါတီမူဝါဒနှင့်အညီ နိုင်ငံ့အရေးဆောင်ရွက်ရန်မှာနိုင်ငံရေး အာဏာရယူနိုင်ဖို့ပဲ။**
**နိုင်ငံရေးအာဏာရပြီးရင် နိုင်ငံသားပြည်သူများအတွက် ကောင်းကျိုးဆောင်ရွက်ပေးနိုင်ဖို့ကို ရည်မှန်းချက်ကြီးကြီးထားရပါမယ်။**

**တချို့သောသူတို့က ရွေးကောက်ပွဲဝင်တာဟာ နိုင်ငံရေးအာဏာရယူဖို့မဟုတ်ဘူးလို့ အသံကောင်းဟစ်ကြတယ်။ လူပြိန်းကြိုက် ကတိတွေ ပေးပြီး နိုင်ငံရေးအာဏာကိုမယူ နိုင်ငံ့အရေးစီမံခန့်ခွဲဖို့ကို နိုင်နင်းကျွမ်းကျင်စွာဖြင့် မလုပ်လို၊ မလုပ်နိုင်ရင်၊ နိုင်ငံရေးအာဏာမလိုချင်ရင် ဘာလုပ်ဖို့ ရွေးကောက်ပွဲဝင်မှာလဲ၊ ပြည်သူကို ဘယ်လိုကူညီနိုင်မှာလဲလို့ ကျွန်တော်မေးချင်ပါတယ်။ နိုင်ငံရေးအာဏာရချင်လို့ အားလုံးက ရွေးကောက်ပွဲဝင်ကြတာပဲ မဟုတ်ပါလားခင်ဗျား။**

ကျွန်တော်တို့ပါတီကတော့ နိုင်ငံရေးအာဏာအတွက် ရွေးကောက်ပွဲဝင်ပါတယ်။ နိုင်ငံရေးအာဏာရမှ ကျွန်တော်တို့ ပြည်နယ်နှင့် ပြည်သူများ ဖွံ့ဖြိုးမှုအတွက် အခြေခံကျတဲ့ လမ်းတံတားစီမံကိန်းများ၊ အလုပ်အကိုင်အခွင့်အလမ်း စီမံကိန်းများ၊ စီးပွားရေးစီမံကိန်းများ၊ လူမှုဘဝဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား-**

(၃) ကျွန်တော်တို့ နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုများစွာ စုစည်း နေထိုင်တဲ့ နိုင်ငံပါ။ တိုင်းရင်းသားမျိုးနွယ်စုကြီးများရော မျိုးနွယ်စုငယ်များပါ တစ်နိုင်ငံလုံး ပြန့်ကျဲနေထိုင်နေကြပါတယ်။ ဒီမျိုးနွယ်စုများဟာ မိမိတို့ တစ်စုချင်းအလိုက် စုစည်းညီညွတ်မှုကနေ ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။



တိုင်းရင်းသားလူမျိုးများ အခြေပြုနိုင်ငံရေးပါတီများက မိမိမျိုးနွယ်စုစည်းလုံးညီညွတ်မှုကို ဖော်ဆောင်မှသာ ပြည်ထောင်စုစည်းလုံးမှုကို အထောက် အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မည်သည့်တိုင်းရင်းသားမဆို မိမိနေထိုင်နေတဲ့ နယ်မြေဒေသက တိုင်းရင်းသားမျိုးနွယ်စုများနဲ့ သဟဇာတဖြစ်မှု/မိမိရှင်သန်မှု အသက်မွေးမှုကို ထောက်ကူပေးနေတဲ့ နယ်မြေဒေသ ကျေးဇူးတရားကို နားလည်ခံစားသိတတ်မှသာလျှင် မိမိတို့လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ/ဒီရေကိုသောက်/ဒီဒေသမှာ ကိုယ့်ဘဝကို တည်ဆောက်ကြတဲ့သူများဖြစ်လို့ မိမိတို့ဌာနေတိုင်းရင်းသားတွေရဲ့ နိုင်ငံ့အရေးဆောင်ရွက်မှုမှာ ကျားဖြူပါတီနှင့်အတူ ပါဝင်အားပေးပါလို့ တိုက်တွန်းလိုပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား-**

ကျွန်တော်တို့ လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို သွားတဲ့လမ်းမှာ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဟာ ကျော်ဖြတ်ရမယ့် တံခါးတစ်ချပ်ဖြစ်ပါတယ်။ ဒီတံခါးကို ကျော်ဖြတ်သွားနိုင်ဖို့က လူထုရဲ့ထောက်ခံမှုမဲပြားများ လိုအပ်ပါတယ်။ လူထုက မှန်မှန်ကန်ကန် မဲပေးပါမှ၊ ကိုယ့်ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်နဲ့ပါတီကို မှန်မှန်ကန်ကန် ရွေးပေးပါမှ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

မိမိရွေးချယ်မဲပေးလိုသူကိုယ်စားလှယ်လောင်းရဲ့ပါတီအမှတ်တံဆိပ်ဘေးက အကွက်ထဲမှာ တံဆိပ်တုံး တိတိကျကျ ရိုက်ပေးပါလို့ တိုက်တွန်းလိုပါတယ်။

**ညီနောင်တိုင်းရင်းသားများခင်ဗျား-**

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့-

ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ/ဒီရေကိုသောက်/ဒီဒေသမှာ ကိုယ့်ဘဝကို တည်ဆောက်ကြတဲ့သူများပီပီ ဒို့ရှမ်းပြည်နယ် ဌာနေတိုင်းရင်းသားတို့ရဲ့ နိုင်ငံ့အရေးဆောင်ရွက်မှုမှာ မှန်ကန်စွာ ရွေးချယ်မဲပေးခြင်းဖြင့် အမိမြေကျေးဇူးကို ဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

**ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ)ကတော့**
**အကောင်းဘက်သို့ ပြောင်းလဲဖို့**
**မိမိယုံကြည်ချက်ကို အရင်းတည်၍**
**ပြည်ထောင်စုဘဝသစ်တည်ဆောက်ရန်**

မြဲမြံသော အဓိဋ္ဌာန်ပြုလျက် ရှေ့သို့ချီတက်မည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

# လူသစ်တန်း မောင်တိုန် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်　ဖေဖော်ဝါရီ　၃**

နှစ် (၇၀) ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လူသစ်တန်း မောင်တိုန်ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်မြို့ လှော်ကားဥယျာဉ်နှင့် သာခုကန်နယ်မြေတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်မှ သိရသည်။

ထိုပြိုင်ပွဲအား ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်တို့ ပူးပေါင်းကာ GTM Showroom(စော်ဘွားကြီးကုန်း)နှင့် Bicycle Network Myanmar တို့မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် ယခုအခါတွင် လာရောက်စာရင်းပေးသွင်းနိုင်ပြီဖြစ်သည်။ မျိုးဆက်သစ် စက်ဘီးစီးလူငယ် မောင်မယ်များသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထိုပြိုင်ပွဲသည် လူသစ်တန်းကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်သောကြောင့် စက်ဘီးစီးကစားသမားဟောင်း လက်ရွေးစင်များ လက်မခံကြောင်းသိရသည်။ ဝင်ရောက် ယှဉ်ပြိုင်လိုသော အမျိုးသမီးငယ်များအား ပြိုင်ပွဲဝင် ဦးရေ ၁၀ ဦးပြည့်လျှင် ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲသည် လှော်ကားဥယျာဉ်မှ စတင်တာထွက်ကာ သာခုကန်နယ်မြေအထိ တစ်ပတ်လျှင် ၁၄ ဒသမ ၄ မိုင်ရှိသည်။ ပြိုင်ပွဲဝင် အသက် ၂၀ အောက် နှင့် ၅၅ နှစ်နှင့်အထက် အမျိုးသမီးများအနေဖြင့် ပြိုင်ကွင်းအား တစ်ပတ်ပတ်ရမည်။ အမျိုးသားကစားသမားများအနေဖြင့် အသက် ၂၀နှစ် မှ ၄၀ နှစ်ကြားနှင့် အသက် ၄၀နှစ် မှ ၅၅ နှစ် အကြား ကစားသမားများ ပြိုင်ကွင်းကို နှစ်ပတ်ပတ်ကာ ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အမျိုးသားအသက် ၂၀ နှင့် အသက် ၅၅ လူသစ်တန်းများလည်း ပါဝင်နိုင်မည် ဖြစ်သည်။

ထို့ပြင် ပြိုင်ပွဲများအပြီးတွင် ကံစမ်းမဲအစီအစဉ်အဖြစ် ကိုဝင်းဘိုဘို စက်ဘီးဆိုင်မှ GT Avalanche Sport MTB ကျပ် ခြောက်သိန်းခွဲတန် စက်ဘီးအား မဲဖောက်ပေးသွားမည့်အပြင် ပြိုင်ပွဲအသီးသီးမှ ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။



လျှောက်ထားလိုသူများအနေဖြင့် မြန်မာနိုင်ငံစက်ဘီးစီးအဖွဲ့ချုပ်ရုံးခန်းနှင့် GTM Showroom (YGN) စော်ဘွားကြီးကုန်းသို့ ပြိုင်ပွဲမကျင်းပမီ ကြားကာလအတွင်း မှတ်ပုံတင်ဖြင့် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**




ဇန်နဝါရီလ နောက်ဆုံးပတ်က စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်း တည်ထား ကိုးကွယ်လျက်ရှိသည့် အတုလာ ဓိပတိ မဟာမုနိသကျကိုးထပ်ကြီး သက်တော်(၁၁၂) နှစ်ပြည့်နှင့် (၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်း ကျင်းပရာ သံဃာတော်အပါး ၉၀ တို့က ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်
တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပြည်တွင်းဘဏ်လုပ်ငန်းများသို့ ဒီဂျစ်တယ်နည်းပညာဝန်ဆောင်မှုများကူညီပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံရှိပြည်တွင်းဘဏ်များ ဒီဂျစ်တယ်စနစ်သို့ကူးပြောင်းရာတွင် လိုအပ်သော နည်းပညာအကူအညီများပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်နှင့် ဂျာမနီအခြေစိုက် ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီတစ်ခုက ပြောကြားလိုက်သည်။

"အစိုးရသစ်ရဲ့ စီးပွားရေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ခြောက်လအကြာမှာ မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးလုပ်ငန်းနဲ့ ဘဏ်လုပ်ငန်းတွေဟာ ဒီဂျစ်တယ်စနစ်ကို ပြောင်းလဲတိုးတက်နေတာ တွေ့ရပါတယ်။ ဖုန်းမှတစ်ဆင့်ငွေလွှဲခြင်း၊ ဖုန်းငွေဖြည့်ခြင်းတို့ကို အောင်မြင်စွာလုပ်ဆောင်နိုင်ခြင်းက မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းနဲ့ လက်လီစီးပွားရေးကဏ္ဍတွေကို ဒီဂျစ်တယ်ချန်နယ်များသို့ အသွင်ကူးပြောင်းလို့ရနိုင်ပြီဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိပါတယ်။ ဘဏ်လုပ်ငန်းနဲ့ လက်လီဈေးကွက် နည်းပညာဝန်ဆောင်မှုနယ်ပယ်တွေမှာ လိုအပ်တဲ့ တီထွင်ဆန်းသစ်မှုနဲ့ နည်းပညာတွေကို ရရှိနိုင်ဖို့အကူအညီပေးသွားမှာဖြစ်ပါတယ်" ဟု ဖေဖော်ဝါရီ ၂ ရက်က ဆူးလေရှန်ဂရီလာ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ Diebold Nixdorf မှ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ နေးလ်အီမာဆင်က ပြောသည်။

အဆိုပါ ကုမ္ပဏီသည် ယခုအခါ မြန်မာနိုင်ငံတွင် တရားဝင်ရုံးဖွင့်လှစ် ကာ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စွမ်းအင်ချွေတာရေး၊ ATM စက်များ တပ်ဆင်အသုံးပြုနိုင်ရေး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ ဝန်ဆောင်မှု အင်ဂျင်နီယာ ဝန်ထမ်း ၃၀ ဖြင့် ပြည်တွင်းဘဏ်များ၏ လိုအပ်ချက်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။



မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသည့် ATM စက်အရေအတွက်သည် ၂၀၁၅ ခုနှစ် ခန့်မှန်းခြေအလုံးရေ ၁၇၈၀ ရှိရာမှ ၂၀၂၁ ခုနှစ် ကုန်ဆုံးချိန်တွင် ATM စက်အသုံးပြုမှုအရေအတွက်သည် ၂၁ ရာခိုင်နှုန်းအထိ တိုးတက်ကာ အလုံးရေ ၂၇၇၄၈ လုံးအထိ တိုးတက်လာနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းများတွင်သာမက ပြည်တွင်း လက်လီစီးပွားရေးလုပ်ငန်းများအထိ ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းတိုးတက်လာနိုင်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၃**

နှစ် (၇၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆဋ္ဌမအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီမှုဖြင့် မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ရက်(နေ့စဉ် နံနက် ၉နာရီမှ ည ၁၁နာရီ)အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တအာင်း၊ တောင်ရိုး၊ ဓနု၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသားစသည့် ပြည်ထောင်စုနွယ်ဖွား တိုင်းရင်းသားလူမျိုးစုများ၏ ဒေသထွက်ကုန်များ၊ ရိုးရာ အသုံးအဆောင်များ၊ ရိုးရာအစားအစာများကို တစ်စုတစ်ဝေးတည်း ရောင်းချပေးသွားမည်ဖြစ်ပြီး တိုင်းရင်းသားရိုးရာ အကပဒေသာ ဖျော်ဖြေတင်ဆက်မှုများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါပွဲတော်တွင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသပြီး တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ပိုမိုနားလည်မှုရရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ကူညီရိုင်းပင်းခြင်း အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် အမြဲကိန်းအောင်း နေစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ရန်ကုန်မြို့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) သို့ ဖေဖော်ဝါရီ ၁ ရက်က တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ၏ အသက် (၈၀)ပြည့် မွေးနေ့ကုသိုလ်ဒါနအဖြစ် သမာဓိမိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌဦးသီဟစောက လက်ခံရယူစဉ်
(ဝ၄၈)




**နဝလီဆွဲပေးသည်**
**ပလတ်စတစ် အင်ဂျက်ရှင်း**
**၄အောင်စ (စက်)**
09-798466234

**ရောင်းရန်ရှိသည်**
HD BASE Box
B GRADE
**၁၂၀ကျပ်**
09-457154272

**အမည်ပြောင်း**
ကမာရွတ်မြို့နယ်၊ ၂ ရပ်ကွက် ပြည်လမ်း ရန်ကုန်မြို့နေ ဦးဟန်ဝင်းဇော်၏သား မောင်အံ့ထူးကောင်းပြည့်အား မောင်အုပ်စိုးဟိန်းဟု ပြောင်းလဲခေါ်ပါရန်။**မောင်အုပ်စိုးဟိန်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်သောင်းတင် ၁၂/လမတ(နိုင်)၀၀၀၀၇၉ ၏ passport No-768139 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**၀၉-၇၇၃၈၁၆၅၁၄**

**မွေးသက္ကရာဇ်အမှန်**
မိုးညှင်းမြို့နယ်၊ မိုင်းနောင်အထက(ခွဲ) တက္ကသိုလ်ဝင်တန်း (A)မှ မောင်အောင်ပိုင်ဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၅-၁၉၉၈ ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရခိုင်ပြည်နယ်လွှတ်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ပရိဘောဂပစ္စည်းများ ဝယ်ယူလိုပါ၍ အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ** - ၄-၂-၂၀၁၇ရ ရက်
**စတင်ရောင်းချမည့်ရက်** - (စနေနေ့)
**နေရာ** - ရခိုင်ပြည်နယ်လွှတ်တော်ရုံး၊ စစ်တွေမြို့

(ခ) တင်ဒါလျှောက်လွှာတင်သွင်း- ၈-၂-၂၀၁၇ ရက်
ရမည့် နောက်ဆုံးရက် - (ဗုဒ္ဓဟူးနေ့)
အချိန် - မွန်းတည့် ၁၂နာရီ
နေရာ - ရခိုင်ပြည်နယ်လွှတ်တော်ရုံး၊ စစ်တွေမြို့

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်လွှတ်တော်ရုံးတယ်လီဖုန်း အမှတ်-၀၄၃-၂၂၉၅၆၊ ၀၄၃၂၂၉၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 9K/2340 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် 2D/6371 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး၏**
**(ရန်ကုန်အနောက်ပိုင်း)**

**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏**
**2 STOREYED R.C BUILDING(DUPLEX)**
**(၈၀×၄၂)ပေ( RC ၂ထပ်)ဆောက်လုပ်ရန်**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်**

၁။ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အထွေထွေပိုလျှံရန်ပုံငွေ ငွေလုံးငွေရင်း(အဆောက်အအုံ) ခေါင်းစဉ်အောက်မှ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ 2 STOREYED R.C BUILDING (DUPLEX) (၈၀×၄၂) ပေ (RC ၂ထပ်) အဆောက်အအုံတစ်လုံးအား တည်ဆောက်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂-၂-၂၀၁၇ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၅-၂-၂၀၁၇ ရက်၊ ညနေ ၁၆း၃၀နာရီထိ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကယားပြည်နယ်

၂။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၈၃-၂၄၀၀၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဖေဖော်ဝါရီ (၄/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**ဧဒ္ဓ - Essay, Letter လက်ခံပြီ။**
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**MRTV ၏ Multi-Channel Play out System တွင် ရုပ်သံလွှင့်လုပ်ငန်း (Digital Free- to-Air) လုပ်ကိုင်လိုသူ Content Providers ရွေးချယ်မှုအတွက် ပဏာမ (၁၀)ဦးစာရင်း**
## ထုတ်ပြန်ခြင်း

(၁) MRTV ၏ Digital Free-to-Air Channel ငါးခုအတွက် Content Provider အဖြစ် လုပ်ကိုင်လိုသူများအား Request For Proposal (RFP) အဆင့်လျှောက်ထားရန် Expression Of Interest (EOI) အဆင့် အောင်မြင်သူ ၄၂ ဦးကို ဖိတ်ကြားခဲ့ပါသည်။

(၂) EOI အဆင့်အောင်မြင်သူကုမ္ပဏီ/အဖွဲ့အစည်း ၄၂ ဦးတွင် ၂၉ ဦးက RFP တင်သွင်းလျှောက်ထားလာခဲ့ရာ ရွေးချယ်မှုဆိုင်ရာအဆင့်များကို Tun Group Asia Limited မှ အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ပြီး အောက်ဖော်ပြပါ ကုမ္ပဏီ/အဖွဲ့အစည်း (၁၀) ခုအား ပဏာမ စိစစ်ရွေးချယ်ထားသူများအဖြစ် ထုတ်ပြန်ကြေညာအပ်ပါသည်-

| MCP-Number | Company's Name |
|---|---|
| 102 | Eleven Media Group Co.,Ltd. |
| 103 | Mizzima Media Co.,Ltd. |
| 104 | DVB Multi Media Group Co.,Ltd. |
| 107 | Bo Bo Entertainment Myanmar Group Co.,Ltd. |
| 108 | Tikhina Co.,Ltd. |
| 111 | VOIP Myanmar Group Co.,Ltd. (VMG) |
| 123 | Global Technology Co.,Ltd. |
| 125 | Fortune International Ltd. |
| 134 | Kaung Myanmar Aung Co.,Ltd. |
| 138 | Young Investment Group Co.,Ltd. |

(၃) အထက်ဖော်ပြပါစာရင်းသည် ရရှိသည့် အမှတ်စာရင်း/အဆင့်အလိုက် ထုတ်ပြန် သတ်မှတ်ထားခြင်းမဟုတ်ပါ။ MCP တင်သွင်းသည့် နံပါတ်စဉ်အတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။ နောက်ဆုံး (၅)ဦးကို အထက်ဖော်ပြပါ ၁၀ ဦးဇယားမှ ထပ်ဆင့်တွေ့ဆုံ၍ အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

**Tun Group Asia Limited**

# ဇေယျာသီရိမြို့နယ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးနှင့် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက်က ဇေယျာသီရိမြို့နယ် ဗောဓိမြိုင်ကျေးရွာ ဇေယျာသိဒ္ဓိ ဘောလုံးအားကစားကွင်းအနီး စောင့်ဆိုင်းနေစဉ် တပ်ကုန်းဘက်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်သုံးစီးအား ရပ်တန့်စစ်ဆေးရာ ခြောက်ဘီးကုန်တင်ယာဉ်မှာ မောင်းနှင်ထွက်ပြေးပြီး ယာဉ်မောင်းမှာ ယာဉ်အားထားရှိကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ထို့နောက် ယာဉ်မောင်းမျိုးလွင်ဦး မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ ပိတောက်သစ်စကွဲယားဆိုက် ၄၉ တုံး၊ ၁၀ ဒသမ ၀၇၄၈ တန်တို့အား လည်းကောင်း၊ ယာဉ်မောင်းသန်းနိုင်ထွန်း မောင်းနှင်ပြီး ယာဉ်နောက်လိုက် ကိုထွေးလိုက်ပါလာသည့် ၁၂ ဘီး ကုန်တင်ယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်တွင် ပိတောက်သစ်စကွဲယားဆိုက် ၅၈ တုံး၊ ၈ ဒသမ ၃၄၉၈ တန်တို့အား လည်းကောင်း၊ ထွက်ပြေးယာဉ်မောင်း ရပ်တန့်ထားသော ခြောက်ဘီးကုန်တင်ယာဉ်အား ရှာဖွေရာ ပိတောက်သစ်စကွဲယားဆိုက် ၃၄ တုံး၊ ၅ ဒသမ ၇၄၆၂ တန်တို့အား လည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတွင်းကုန်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**



# မော်သီးညှာကယ်ဆယ်ရေးစခန်း၌ အမျိုးသမီးတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ သဲချောင်းကျေးရွာရှိ မော်သီးညှာကယ်ဆယ်ရေးစခန်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီက အမျိုးသမီးတစ်ဦး ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ သဲချောင်းကျေးရွာရှိ မော်သီးညှာကယ်ဆယ်ရေးစခန်း အဆောင်(၁)၊ အခန်း(၄)နေ မရော်ရှီရာဟာတူ (၂၈နှစ်)သည် နေအိမ်အခန်းအတွင်း လည်ပင်း၌ ခြောက်လက်မခန့် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေပြီး ၎င်းအနီး အရိုးအသွား ရှစ်လက်မခန့်ရှိ ဓားတစ်ချောင်းတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ မရော်ရှီရာဟာတူ၏ ခင်ပွန်းဖြစ်သူ အီစလမ် (၃၇နှစ်)အား စစ်မေးခဲ့ရာ ၎င်းသည် ဖေဖော်ဝါရီ ၁ ရက် ညတွင် ဇနီးဖြစ်သူနှင့်အတူ အိပ်ရာဝင်ခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက် အိပ်ရာမှနိုးစဉ် ဇနီးဖြစ်သူမှာ ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း ထွက်ဆိုခဲ့သဖြင့် အလောင်းအား စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး စစ်တွေမြို့မရဲစခန်းမှ သေမှုသေခင်း (၂/၂၀၁၇)အဖြစ် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ရာအိမ်မှူးတစ်ဦး တံတားပေါ်မှ လိမ့်ကျသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒိုးတန်းကျေးရွာနှင့် ငါးစားကြူးကျေးရွာကြားရှိ စံပယ်ပင်ရင်းချောင်းတံတားပေါ်မှ ဖေဖော်ဝါရီ ၁ ရက် မွန်းတည့် ၁၂ နာရီက ရာအိမ်မှူးတစ်ဦး လိမ့်ကျသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ဒိုးတန်းကျေးရွာနှင့် ငါးစားကြူးကျေးရွာကြားရှိ စံပယ်ပင်ရင်းချောင်းတံတားပေါ်၌ ဒိုးတန်းကျေးရွာ ရာအိမ်မှူး ဆော်လီမူလာ အသက် (၅၀)သည် တံတားအားဖြတ်ကူးစဉ် ဝက်ရူးပြန်ရောဂါဖြင့် တံတားပေါ်မှ လိမ့်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့လယ်ကောင်၌ ရွှေ/ငွေ ကျပ် ၄၅ သိန်းကျော် အလုခံရ

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မိတ္ထီလာမြို့မြို့မ (၄) ရပ်ကွက် မင်းရပ်နယ်မြေရှိ ရွှေအုန်းပင်အမှတ် (၂) ဆိုင်မှ ဆိုင်မန်နေဂျာ ဒေါ်ခင်တင့် (၆၀ နှစ်)သည် ဖေဖော်ဝါရီ ၂ ရက်က မြို့လယ်ရပ်ရှင်ရုံလမ်းအတိုင်း ရွှေအုန်းပင်ဆိုင်(၁)သို့ ယမန်နေ့က ရောင်းရငွေများကို သွားထားရာ မြို့လယ်ဘုရားအနီး ဒဂုံလျှပ်စစ်ပစ္စည်းဆိုင်အနီးအရောက်တွင် အနောက်မှဆိုင်ကယ်စီးလာသော လူငယ်နှစ်ဦးအနက် နောက်မှစီးသူက ဒေါ်ခင်တင့်လက်ကိုင်အိတ်အားလုယူ၍ ဘူတာလမ်းအတိုင်း ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ဒေါ်ခင်တင့်၏ လက်ကိုင်အိတ်ထဲတွင် ငွေသားကျပ် ၂၈ သိန်း၊ တစ်ကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ တစ်မတ်သားရွှေဆွဲပြားတစ်ခု၊ စိန်လက်စွပ်တစ်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း စုစုပေါင်းငွေကျပ် ၄၅၁၅၀၀၀ ဖိုး ပါရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများကို အမြန်ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးစခန်း၌ ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့အထွက် လွယ်တော်ခမ်းပူးပေါင်း စစ်ဆေးရေးစခန်း၌ ကျပ်လေးသိန်းခန့် တန်ဖိုးရှိ ဘိန်းဖြူမှုန့် ၂၅ ဂရမ်ခန့်ကို ဖေဖော်ဝါရီ ၂ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့အထွက် လွယ်တော်ခမ်းပူးပေါင်း စစ်ဆေးရေးစခန်းတွင် လွယ်တော်ခမ်း အုပ်စု ဂျောပရွာဘက်မှ တာချီလိတ်ဘက်သို့ ကိုအားဂေါ် မောင်းနှင်ပြီး ကိုလော်ချာ လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၂၅ ဂရမ်ခန့် တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ ၎င်းတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# မောင်တောမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ ဓားဖြင့်ထိုးမှုဖြစ်ပွား



မာမတ်အာရ်ဖတ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခါင်းတကာကျေးရွာ၌ နေအိမ်အတွင်းဝင်ရောက်၍ ဓားထိုးမှုတစ်မှု ဖေဖော်ဝါရီ ၂ ရက် နံနက် ၀၀ နာရီ ၁၀ မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် ခါင်းတကာကျေးရွာရှိ မာမတ်အာရ်ဖတ် (၂၇)နှစ်သည် ဇနီးဖြစ်သူ အန်ဂျိမာဘီဘီနှင့်အတူ ယောက္ခမယာစ်မိန်၏ နေအိမ်တွင် အိပ်နေစဉ် ဘဂုံးနားအနောက်ရွာနေ မာမောက်အာယာစ်ပါသုံးဦးမှ နေအိမ်အတွင်း ဝင်ရောက်ပြီး မာမတ်အာရ်ဖတ်အား ဓားဖြင့်ထိုးခုတ်ခဲ့ရာ ဝဲနားထင်၊ ပခုံး၊ လက်ပြင်တို့တွင် ပေါက်ပြဲပြတ်ရှဒဏ်ရာလေးချက်၊ ဝဲနောက်ကျော လက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာနှစ်ချက်ပေါင်းခြောက်ချက်(မစိုးရိမ်ရ)ရရှိသွားခဲ့၍ မောင်တောဆေးရုံသို့ တင်ပို့ဆေးကုသခဲ့ရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ယင်းနေ့နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဘဂုံးနား အနောက်ရွာနေ အဘ ဆွေယော့ ဒူအီစ္စလာမ်၏သား ဂျေနာအားဖမ်းဆီးရမိခဲ့ပြီး မာမောက်အာယာစ်ပါ နှစ်ဦးအား ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကုန်တင်ကားတစ်စီး တံတားအောက်သို့ ထိုးကျတိမ်းမှောက်

**သထုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်းကျေးရွာအုပ်စု ဇရစ်ချောင်းကျေးရွာ သင်းထော်တံတားပေါ်၌ ဖေဖော်ဝါရီ ၃ ရက်က တံတားပေါ်၌ ရှေ့မှကုန်တင်ကားအား နောက်မှ ကုန်တင်ကားက ဝင်ရောက်တိုက်မိရာ တံတားအောက်သို့ ကုန်တင်ကားတစ်စီး ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇရစ်ချောင်းကျေးရွာ ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်း မပေါ်ရှိ မိုင်တိုင်အမှတ် ၂/၁၄၃ သင်းထော်တံတားပေါ်၌ သုဝဏ္ဏဝတီမြို့ဘက်မှ သထုံမြို့ဘက်သို့ ယာဉ်မောင်း ဦးအသေးလေး မောင်းနှင်လာသော ယာဉ်အမှတ် YGN 8F/---- ၁၂ ဘီး ကုန်တင်ယာဉ်အား လားရာတူ နောက်မှ မောင်းနှင်လာသော ယာဉ်မောင်း ဦးမျိုးမင်းအေး မောင်းနှင်သည့် ယာဉ်အမှတ် SGG 8B/---- မြေပဲအိတ်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ်က ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိပြီး တံတားလက်ရန်းကို ဆက်လက်တိုက်မိကာ တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်ပေါ်တွင် ပါလာသူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာ အနည်းငယ်သာရရှိပြီး လူသေဆုံးမှုမရှိကြောင်း၊ တံတားလက်ရန်း၏ သုံးပုံနှစ်ပုံခန့် ပျက်စီးသွားကြောင်း သိရသည်။

ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဦးမျိုးမင်းအေးအား သထုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**


**ပျောက်ဆုံးကြောင်း**

ကျွန်တော် ထွန်းလင်း CDC နံပါတ် - 46229, BST, SSA နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၄၃၆၈၈**

## အထက(၃)ကြည့်မြင်တိုင်

(၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၃)ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများမှ (၁၉၆၅ မှ ၂၀၁၆ထိ) ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် စကားဖြူခန်းမ၌ နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူ ဟောင်းများအားလုံး ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဦးတင်လှ | ဖုန်း-၀၉-၇၃၀၇၀၂၉၀ |
| ဦးခင်မောင်သိန်း | ဖုန်း-၀၉-၄၃၀၂၈၉၅၅ |
| ဦးခင်စိုး | ဖုန်း-၀၉-၄၂၁၀၂၇၆၃၂ |
| ဒေါ်မြင့်မြင့်စိန် | ဖုန်း-၀၉-၃၀၀၉၁၆၃၄ |
| ဦးမြင့်သန်း | ဖုန်း-၀၉-၅၁၀၁၀၉၂ |
| ဒေါ်မြင့်မြင့်သန်း | ဖုန်း-၀၉-၃၁၉၀၇၅၄၁ |
| ဦးသိန်းလွင် | ဖုန်း-၀၉-၇၉၉၆၄၃၇၈၁ |
| ဦးထိန်လင်းအောင် | ဖုန်း-၀၉-၄၃၀၅၂၈၃၅ |
| ဦးအောင်ကျော်ဦး | ဖုန်း-၀၉-၅၀၁၄၂၆၄ |
| ဦးသိန်းစိုးကျော် | ဖုန်း-၀၉-၅၄၀၃၂၈၆ |
| ဦးရန်အောင် | ဖုန်း-၀၉-၅၃၉၆၆၁၂ |
| ဦးတင့်လွင် | ဖုန်း-၀၉-၇၉၅၁၁၁၃၀၇ |
| ဦးကျော်ကျော်နိုင် | ဖုန်း-၀၉-၃၁၃၅၂၉၆၆ |
| ဦးရဲမိုးဝင်း | ဖုန်း-၀၉-၄၃၀၂၂၇၈၅ |

**(၁၉)ကြိမ်မြောက်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**D.E.C**
Dynamic Education Centre
စီးပွားရေးဘာသာသိုလ်
**MBA , MPA , DMA**
**ဝင်ခွင့်သင်တန်းများ ( 11 . 2 . 2017 ) စမည်**
တိုက်(B-2/2)၊ အနော်ရထာအိမ်ရာ၊ ကမာရွတ်မြို့နယ် ပြန်ကြားရေးရုံးအပေါ်ထပ်၊ လှည်းတန်း၊ ရန်ကုန်မြို့။
**09-780080052 , 09-799 860 154**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက (သနပ်ပင်) သတ္တမတန်း(E)မှ မဂန္တဝင်သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဟန် ၇/သနပ(နိုင်) ၀၅၀၉၀၃ ဖြစ်ပါကြောင်း။ **ဦးမြင့်ဟန်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ အထက(ခွဲ)ကင်း နဝမတန်းမှ မမေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဦးဆွေ ၉/မမန(နိုင်)၀၆၅၇၆၂ ဖြစ်ပါကြောင်း။ **ဦးဝင်းဦးဆွေ**

**ဖခင်အမည်မှန်**

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ (အထက) အင်းမတပ်နယ်၊ နဝမတန်း(A)မှ မောင်စိုးထက်လွင်၏ဖခင်အမည်မှန်မှာ ဦးဌေးသန်း ၁၂/မဘန(နိုင်)၀၉၂၇၉၅ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

တောင်သာမြို့၊ ဆီမီးကန်၊ အထက နဝမတန်း(D)မှ မသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်၉/တသန(နိုင်)၁၁၄၁၇၈ ဖြစ်ပါကြောင်း။ **ဦးကျော်နိုင်**

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ ဒေါ်ဆွေဆွေဝင်း ၁၄/ပပတ(နိုင်)၀၀၀၀၈၄၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၂၉၇၃၃၉၅**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပုသိမ်မြို့၊ ကင်မလင်းကျွန်း ရပ်ကွက်နေဦးဘိုးရီ၏သား ဦးမင်းသိန်း(ခ)ဦးကျော်သိန်း ၁၄/ပသန(နိုင်) ၀၂၄၀၄၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၂၈)လမ်း၊ အမှတ်(၂၂၆)ဟုခေါ်သည့်(၆-ထပ်) (လှာချင်း)ကန်ထရိုက်တိုက်၏(တတိယထပ်/၄-လွှာ)တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းအား ကန်ထရိုက်တာ ဦးကျော်ဝင်း(၁၂/တမန(နိုင်) ၀၄၉၁၁၅) (LC-364)(ကြယ်ဖြူ-ဆောက်လုပ်ရေး)က မြေပိုင်ရှင်နှင့်ချုပ်ဆိုထားသည့် (အခန်းပေး/အခန်းယူ)ကတိစာချုပ်အရ တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှဲ့လှဲ့မူ(၇/ညလပ(နိုင်) ၀၀၂၁၅၄)မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ

ဦးသန့်ဇင် ( LL-B ) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09-731 70516 , 09 253995848

ဒေါ်မာန်နွေနိုင် ( LL-B ) အထက်တန်းရှေ့နေ(စဉ်-၂၇၄၄) Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1G/8934 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၁၃) ရပ်ကွက်၊ ကွင်းအမှတ် ၅၂၊ ကင်မလင်းကျွန်း(စံပြ)၊ မြေကွက်အမှတ် (F-၁၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကို ဦးခင်ဝင်း အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပုသိမ်မြို့နယ်**

# ၂၀၁၇ ခုနှစ်နှင့် မြန်မာဘောလုံးအသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်နှင့် ပြိုင်ပွဲအတွေ့အကြုံများရရှိရန်အတွက် ယခုနှစ်တွင် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး အနည်းဆုံးနိုင်ငံတကာပြိုင်ပွဲ ၁၀ ပွဲအထက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရွေးစင်အသင်းများအပြင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများပါ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဓိက ပြိုင်ပွဲများဖြစ်သောကြောင့် စနစ်တကျပြင်ဆင်ပြီး ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုနှစ်တွင် အာဆီယံနှင့် အာရှအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း၊ အမျိုးသမီး အသင်း၊ ယူ-၂၂ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသားအသင်း၊ ယူ-၁၅ အမျိုးသားအသင်း၊ အမျိုးသမီး၊ ဖူဆယ်လက်ရွေးစင် အမျိုးသားအသင်း၊ အမျိုးသမီးအသင်းတို့ ဖွဲ့စည်းယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းအသင်းများအနက် အသင်းအများစုမှာ ဖွဲ့စည်းလေ့ကျင့်နေပြီဖြစ်ပြီး အချို့အသင်းများမှာ မကြာမီ စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းသည် ယခုနှစ်တွင် အာရှဖလားခြေစစ်ပွဲသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (က) ၌ ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် ကျရောက်နေပြီး ၁၉၆၈ ပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇန်နဝါရီလတွင် တရုတ်ဖိတ်ခေါ်အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ပြီး ဧပြီလတွင် အာရှဖလား ခြေစစ်ပွဲ၊ မေလတွင် အာဆီယံအမျိုးသမီး ပြိုင်ပွဲ၊ ဩဂုတ်လတွင် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိသည်။ ဦးကြည်လွင် ဆက်လက်တာဝန်ယူမည့် မြန်မာ ယူ-၂၂ အသင်းသည် အပတ်စဉ် ဗုဒ္ဓဟူးနေ့တွင် လေ့ကျင့်လျက်ရှိပြီး ဇွန်လတွင် စတင်စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ရန်ကုန်မြို့၌ကျင်းပမည့် ဆီးဂိမ်းအကြို လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇူလိုင်လတွင် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ ဩဂုတ်လတွင် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၀ အသင်းမှ ကစားသမားများ၊ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရခဲ့သည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောကြောင့် မြန်မာ ယူ-၂၂ အသင်းသည် အင်အားတောင့်တင်းလျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာလတွင် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုရရှိစေရန် မြန်မာ ယူ-၁၈ အသင်းအား ကာလရှည် ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းကို ကစားသမား ၅၀ ဖြင့် နှစ်သင်းခွဲ၍ ဖွဲ့စည်းထားပြီး အတွေ့အကြုံရစေရန် ဗိုလ်ချုပ် ဗီးနစ်အသင်းအမည်ဖြင့် ပထမတန်းပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည်။ ယင်းအသင်းသည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲအပြီးတွင် အာရှ ယူ-၁၉ ခြေစစ်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းကိုလည်း မကြာမီဖွဲ့စည်းကာ လေ့ကျင့်ပြင်ဆင်မည်ဖြစ်ပြီး အမျိုးသမီးအသင်းကို နည်းပြအဖြစ် ဦးဌေးမြင့်က ကိုင်တွယ်မည်ဖြစ်သည်။ ဦးဌေးမြင့်သည် အမျိုးသားအသင်းကို ယာယီကိုင်တွယ်ခဲ့ရာတွင် ၂၀၁၆ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယနေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အမျိုးသား ဖူဆယ်အသင်းကို နိုင်ငံခြားသား နည်းပြခန့်အပ်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် ၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် အသက်ပြောင်းလဲကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့ လေ့ကျင့်ပြင်ဆင်နေပြီး အမျိုးသားအသင်းမှာ ယူ-၁၄ အသင်းဖြင့် ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ ယူ-၁၄ အသင်းကို လက်ရှိတွင် ပြင်သစ်နိုင်ငံသား ဘန်လာဘီက ကိုင်တွယ်လျက်ရှိသည်။

ပြီးခဲ့သည့်နှစ်တွင် လက်ရွေးစင်အသင်းများနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများမှာ နိုင်ငံတကာပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာ့လက်ရွေးစင်အသင်းက ဆုဇူကီးဖလားပြိုင်ပွဲတွင် တတိယနေရာရရှိခဲ့သည်။ ယခုနှစ်တွင် အဓိကပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ထူးခြားသည့် စွမ်းဆောင်မှုများ ပြသနိုင်ခြင်း ရှိ၊ မရှိစောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြဝတီမြို့၌ Miss Universe Myawaddy 2017 ပြိုင်ပွဲဝင်မည့် အလှမယ်များအား စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစန္ဒီပန်းခြံ၌ ပထမဆုံးအကြိမ်အဖြစ် Miss Universe Myawaddy 2017 ပြိုင်ပွဲကြီးကို မြဝတီခရိုင် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အလှမယ်များအား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၃ နာရီ က Grade One ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြိုင်ပွဲစီစဉ်ကြီးကြပ်ပေးသည့် City Director ကိုလင်းဝေထူးက မိတ်ဆက်စကားနှင့် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင် အလှမယ်များက တစ်ဦးချင်း မိတ်ဆက်သည်။ ထို့နောက် Eleven Media Group မှ ကိုရွှေသိန်းက သတင်းပိုင်းဆိုင်ရာ အချက်အလက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဉက္ကဋ္ဌ ဦးသက်ဦးနိုင်က ပြိုင်ပွဲဝင်အလှမယ်များအား စိတ်ဓာတ်ခွန်အားမြင့်စေမည့် ချီးမြှင့်စကားပြောကြားပေးသည်။

**ကြိုးစားအားထုတ်**

ဆက်လက်ပြီး ပြိုင်ပွဲဝင် အလှမယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်းနှင့် ပြိုင်ပွဲတွင် ကြိုးစားအားထုတ်သွားမည့်အကြောင်း ပြောကြားသည်။

အဆိုပါ Miss Universe Myawaddy 2017 ပြိုင်ပွဲကြီးကို ဖေဖော်ဝါရီလ ၅ ရက်တွင် မြဝတီမြို့ မြစန္ဒီပန်းခြံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဘားအံမြို့မှ တက္ကသိုလ်ကျောင်းသူ ငါးဦးနှင့် မြဝတီမြို့မှ ၁၅ ဦး စုစုပေါင်း ၂၀ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"အခုလက်ရှိကတော့ ကရင်ပြည်နယ်အတွင်းက ကိုယ်ကာယကြံ့ခိုင်ရေးအလှမယ် ဝါသနာပါသူတွေကို လေ့ကျင့်ပေးနေပါတယ်၊ နောင်မျိုးဆက် ညီမငယ်တွေ ကြိုးစားကြပါ၊ တကယ်ကြိုးစားမယ်ဆို မဖြစ်နိုင်တာမရှိပါဘူး" ဟု (၄၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Model Physique ငါးပေ၊ သုံးလက်မအောက်မှာ စတုတ္ထဆုနှင့် (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် Model Physique ငါးပေ၊ သုံးလက်မ အောက်မှာ ဒုတိယဆုများရရှိခဲ့သည့် အလှမယ် နန်းထက်ထက်လင်းက ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ သတင်း မီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

**စက်ရုံငှားရန်ရှိသည်**
၁၇၅၀၀၀ sq-ft အကျယ်ရှိသော စက်ရုံငှားရန်ရှိသည်
အမှတ် (၄) လမ်းမပေါ် ရွှေပြည်သာနှင့် မှော်ဘီကြား။
ဖုန်း-၀၁-၂၃၀၄၇၀၁၊ ၀၉-၃၁၆၅၆၄၀၇

**ဖခင်အမည်မှန်**
လှိုင်းဘွဲမြို့နယ်၊ တာပေါင်းကျေးရွာအုပ်စု ကောလာ အထက(ခွဲ) အဋ္ဌမတန်းမှ နန်းလွင်လွင်ခိုင်၏ ဖခင်အမည်မှန်မှာ အနိုင် ၃/လဘန(နိုင်)၀၇၈၈၇၄ ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**
ဟသ်ာတမြို့နယ်၊ ဒူးယားအထက နဝမတန်း (ခ)မှ ကျောင်းဝင်အမှတ် (၁၂၃၇) မောင်ကိုကိုသက်၏ မိဘအမည်မှန်များမှာ ဦးတင်မောင်ဦး-ဒေါ်ကြင်လှ ဖြစ်ပါသည်။
ဦးတင်မောင်ဦး၁၄/ဟသတ(နိုင်)၀၇၇၀၅၂
ဒေါ်ကြင်လှ ၁၄/ဟသတ(နိုင်)၀၇၇၉၈၁

**ဖခင်အမည်မှန်**
ဟသ်ာတမြို့၊အမှတ်(၃) အထက၊ အဋ္ဌမတန်း(က) မှ ကျောင်းဝင်အမှတ် (၁၇၇၃၇) မောင်ဝေယံမင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးဇေယျနိုင်ဖြစ်ပါသည်။
ဦးဇေယျနိုင် ၁၄/ဟသတ(နိုင်)၂၁၄၃၄၀

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 3L/4266 Hondar Civic FD3 Saloon (၄×၂)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့် ၁၂/မရက(နိုင်)၁၁၆၉၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**မြန်မာနိုင်ငံစာရင်းကောင်စီ**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ်- ၄၃ သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်- ၄၃ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၊ အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ပါမည်။
၂။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီက အသိအမှတ်ပြုဖွင့်လှစ်ခွင့်ပြုထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်လည်း တက်ရောက်နိုင်ပါသည်။
၃။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းဆိုင်ရာသတ်မှတ်ချက်များကို မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၅-၁-၂၀၁၇ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ဖြင့် ထုတ်ပြန်ထားပါသည်။ ထိုအမိန့်ကြော်ငြာစာကို www.oagmac.gov.mm/my/new-activities/924 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၄။ ကောင်စီက ဖွင့်လှစ်သည့်သင်တန်းကျောင်းသို့ တက်ရောက်ခွင့်လျှောက်ထားသူများအား အောက်ပါဦးစားပေးအစီအစဉ်အတိုင်း လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်-
(က) သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့်တက်ရောက်မည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ
(ခ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သူများ
(ဂ) တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများအနက် အဆင့်မြင့်အောင်မြင်သူများ
(ဃ) ဝင်ခွင့်စာမေးပွဲတွင် အဆင့်မြင့်အောင်မြင်သူများ
၅။ ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းတွင်တက်ရောက်မည့်သူများသည် ရုံးဖွင့်ရက်များတွင် နံနက် ၇ နာရီမှ ၈း၅၀နာရီအထိလည်းကောင်း၊ စနေနေ့တွင် နံနက် ၇ နာရီမှ မွန်းလွဲ ၁း၅၀နာရီအထိလည်းကောင်း သင်တန်းတက်ရောက်ရမည်။
၆။ သင်တန်းသို့ အောက်ပါပုဂ္ဂိုလ်များအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်-
(က) စီးပွားရေးတက္ကသိုလ်များက ကျင်းပခဲ့သည့် B.Com, B.Act, B.B.A ဘွဲ့ စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်)
(ခ) မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ(သို့မဟုတ်)
(ဂ) ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamentals-Skills Level ပြီးစီးသူများ (သို့မဟုတ်)
(ဃ) ဘွဲ့တစ်ခုခုရရှိပြီး CIMA Management Level ပြီးစီးသူများ။
၇။ အသိအမှတ်ပြု ဘွဲ့တစ်ခုခုရသူ နိုင်ငံသားများကို ဝင်ခွင့်စာမေးပွဲကျင်းပ၍ သင်တန်းသား အဖြစ် ရွေးချယ်မည်ဖြစ်ပါသည်။
၈။ ဝင်ခွင့်စာမေးပွဲကို ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၌ ကျင်းပပါမည်။ စာမေးပွဲကျင်းပမည့်နေရာကို ထပ်မံကြေညာပါမည်။
၉။ ဝင်ခွင့်စာမေးပွဲတွင် Financial Accounting,Cost & Management Accountingနှင့် Auditing ဘာသာရပ်များပါဝင်သည့် ၂နာရီမေးခွန်းလွှာတစ်ခုကို ဖြေဆိုရပါမည်။
၁၀။ သင်တန်းတက်ရောက်လိုသည့် တိုက်ရိုက်တက်ရောက်ခွင့်ရရှိသူများနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများသည် အထက်အပိုဒ် ၁ပါ လိပ်စာတွင် ၆-၂-၂၀၁၇ရက်မှ ၁၇-၂-၂၀၁၇ရက်အတွင်း ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ် ၁၀၀၀ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြ လျှောက်ထားရမည်-
(က) စာမေးပွဲကြေး ကျပ် ၅၀၀၀ ပေးသွင်းထားသည့် ငွေရပြေစာ (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်သူများ)
(ခ) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ(မူရင်းနှင့်မိတ္တူ)နှင့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)
(ဂ) ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲအောင်လက်မှတ် (မူရင်းနှင့် မိတ္တူ)
(ဃ) ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးရရှိခဲ့သည့် အထောက်အထား (မူရင်းနှင့်မိတ္တူ)
(င) အထက်အပိုဒ် ၆(ဂ)နှင့် (ဃ)ပါပုဂ္ဂိုလ်များအတွက် ဆိုင်ရာ ပညာအရည်အချင်းအောင်လက်မှတ် (မူရင်းနှင့်မိတ္တူ)
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)
(ဆ) တစ်လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ်(မူရင်းနှင့်မိတ္တူ)နှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်။
၁၁။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကွဲလွဲနေပါက ထိုသူများ၏ လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်ကို မပျက်မကွက် တင်ပြရမည်။
၁၂။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်ရှိသူများစာရင်းကို ၃-၃-၂၀၁၇ရက်တွင်အပိုဒ် (၁)ပါ လိပ်စာတွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၆-၃-၂၀၁၇ရက်မှ ၁၇-၃-၂၀၁၇ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးပါမည်။ စာမေးပွဲဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည်မဟုတ်ပါ။
၁၃။ တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၂၈-၄-၂၀၁၇ရက်မတိုင်မီ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်းရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website:www.oagmac.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။
၁၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်း-၀၁-၂၂၇၂၄၆နှင့် ၀၁-၂၂၃၁၄၃တို့ကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

asean

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. Senior Officer Political Cooperation Division 1
2. Senior Officer Customs
3. Senior Officer Standards & Conformance
4. Senior Officer International Economic & Trade Law Division

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၇၅၁ကျပ်မှကျပ်၁၅၀၀<br>အထိအဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၇၄ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၅၀၁ကျပ်မှ ကျပ်၂၂၅၀<br>အထိအဆင့်ဖြစ်လျှင် | တစ်လီတာ<br>၄၅၇ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၂၅၁ ကျပ်မှ<br>ကျပ်၃၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၆၄၀ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၃၀၀၁ကျပ်မှ<br>ကျပ်၃၇၅၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၈၂၃ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၃၇၅၁ကျပ်မှ<br>ကျပ်၄၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၀၀၆ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၄၅၀၁ကျပ်မှ<br>ကျပ်၆၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၂၈၀ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၆၀၀၁ကျပ်မှ<br>ကျပ်၇၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၆၄၆ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၇၅၀၁ကျပ်မှ<br>ကျပ်၉၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၀၁၁ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၉၀၀၁ကျပ်မှ<br>ကျပ်၁၀၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၃၇၇ ကျပ် |
| | (ဋ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၀၅၀၁ကျပ်မှ<br>ကျပ်၁၃၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၉၂၅ ကျပ် |
| | (ဌ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၃၅၀၁ကျပ်မှ<br>ကျပ်၁၆၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၃၆၅၇ကျပ် |
| | (ဍ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၆၅၀၁ကျပ်မှ<br>၁၉၅၀၀ကျပ်အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၄၃၈၈ ကျပ် |
| | (ဎ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၉၅၀၁ကျပ်မှ<br>ကျပ်၂၂၅၀၀<br>အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၅၁၁၉ ကျပ် |
| | (ဏ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၂၅၀၁ကျပ်မှ<br>ကျပ်၂၆၀၀၀နှင့်<br>အထိအဆင့်ဖြစ်လျှင် | တစ်လီတာ<br>၅၉၁၁ ကျပ် |
| | (တ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၆၀၀၁ကျပ်နှင့်<br>အထက်အဆင့်ဖြစ်လျှင် | တစ်လီတာ<br>တန်ဖိုး၏<br>၆၀% |
| ၉။ | ဘီယာအမျိုးမျိုး။ | | ၆၀ % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>ကျပ်၇၅၀အထိဖြစ်လျှင် | တစ်လီတာ<br>၈၁ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၇၅၁ကျပ်မှ<br>ကျပ်၁၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၄၄ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၅၀၁ကျပ်မှ<br>ကျပ်၂၂၅၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၄၀၆ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၂၅၁ကျပ်မှ<br>ကျပ်၃၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၅၆၉ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၃၀၀၁ကျပ်မှ<br>ကျပ်၃၇၅၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၇၃၂ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၃၇၅၁ကျပ်မှ<br>ကျပ်၄၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၈၉၄ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၄၅၀၁ကျပ်မှ<br>ကျပ်၆၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၁၃၈ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၆၀၀၁ကျပ်မှ<br>ကျပ်၇၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၄၆၃ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၇၅၀၁ကျပ်မှ<br>ကျပ်၉၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၁၇၈၈ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၉၀၀၁ကျပ်မှ<br>ကျပ်၁၀၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၀၅၀၁ကျပ်မှ<br>ကျပ်၁၃၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၃၅၀၁ကျပ်မှ<br>ကျပ်၁၆၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၆၅၀၁ကျပ်မှ<br>ကျပ်၁၉၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၃၉၀၀ ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၁၉၅၀၁ကျပ်မှ<br>ကျပ်၂၂၅၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၂၅၀၁ကျပ်မှ<br>ကျပ်၂၆၀၀၀အထိ<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုး<br>၂၆၀၀၁နှင့်အထက်<br>အဆင့်ဖြစ်လျှင် | တစ်လီတာ<br>တန်ဖိုး၏<br>၅၀% |
| ၁၁။ | သစ်လုံး၊သစ်ခွဲသား။ | | ၅% |
| ၁၂။ | ကျောက်စိမ်းအရိုင်း<br>ထည်များ။ | | ၁၅% |
| ၁၃။ | ပတ္တမြား၊နီလာ၊မြအရိုင်း<br>ထည်များ။ | | ၁၀ % |
| ၁၄။ | ကျောက်စိမ်း၊ပတ္တမြား၊<br>နီလာ၊မြအချောထည်များ၊<br>လက်ဝတ်ရတနာတွင်စွဲကပ်<br>ထားသည့် ကျောက်စိမ်း၊<br>ပတ္တမြား၊နီလာ၊မြအချော<br>ထည်များ။ | | ၅ % |
| ၁၅။ | (က)<br>၂၀၀၀CCအထိ<br>ဗင်ကားများ၊ဆလွန်း၊<br>ဆီဒင်နှင့်ဝက်ဂွန်<br>(Estate Wagon)<br>ကားများ၊ကူပေး<br>(Coupe) ကားများ။ | | ၂၀ % |
| | (ခ) ၂၀၀၀ CC အထက်မှ<br>၃၀၀၀ CC အထိ<br>ဗင်ကားများ၊ ဆလွန်း၊<br>ဆီဒင်နှင့် ဝက်ဂွန်၊<br>(Estate Wagon)<br>ကားများ၊ကူပေး<br>(Coupe) ကားများ။ | | ၂၅ % |
| | (ဂ)၃၀၀၀ CCအထက်မှ<br>၄၀၀၀ CC အထိ<br>ဗင်ကားများ၊ဆလွန်း၊<br>ဆီဒင်နှင့်ဝက်ဂွန်<br>(Estate Wagon)<br>ကားများ၊ကူပေး<br>(Coupe) ကားများ။ | | ၃၀ % |
| | (ဃ)၄၀၀၀ CC အထက်<br>ဗင်ကားများ၊ ဆလွန်း၊<br>ဆီဒင်နှင့်ဝက်ဂွန်<br>(Estate Wagon)<br>ကားများ၊ကူပေး<br>(Coupe) ကားများ။ | | ၅၀ % |
| ၁၆။ | ရေနံဆီ၊ဓာတ်ဆီ၊ဒီဇယ်ဆီ၊<br>ဂျက်လေယာဉ်ဆီ။ | | ၅ % |
| ၁၇။ | သဘာဝဓာတ်ငွေ့၊<br>သဘာဝဓာတ်ငွေ့ရည်။ | | ၈ % |
| ၁၈။ | စီမံကိန်းနှင့် ဘဏ္ဍာရေး<br>ဝန်ကြီးဌာနမှ<br>အမိန့်ကြော်ငြာစာ<br>ထုတ်ပြန်သတ်မှတ်ထားသော<br>လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ။ | | ၅ % |
| ၁၉။ | အလှကုန်ပစ္စည်းများ။ | | ၅ % |
| ၂၀။ | ကားအလှဆင်ပစ္စည်းများ။ | | ၅ % |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှတစ်ပါး ကျန်အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန် မကျသင့်စေရ။ အခွန်ကျသင့်သည့် အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ တင်သွင်း စဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| (၁) | သဘာဝဓာတ်ငွေ့၊သဘာဝဓာတ်ငွေ့ရည်။ | ၈% |
| (၂) | သစ်လုံး၊ သစ်ခွဲသားများ။ | ၅% |
| (၃) | ကျောက်စိမ်း အရိုင်းထည်များ။ | ၁၅ % |
| (၄) | ပတ္တမြား၊ နီလာ၊ မြ၊ အရိုင်းထည်များ။ | ၁၀ % |
| (၅) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ အချောထည်များ၊<br>လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊<br>ပတ္တမြား၊ နီလာ၊ မြ အချောထည်များ။ | ၅ % |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရအခွန်ကျသင့်သည့်အထူးကုန်စည်များ အနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ် ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းသိန်း ၂၀၀ တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်းမပြုရ။

၁၃။ ဤဥပဒေ၏အခန်း(၅)တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

*ဆက်လက်ဖော်ပြပါမည်*



## ကျောင်းသားကျောင်းသူများအတွက် ပြိုင်ပွဲများ ကျင်းပပေး

**တောင်ငူ ဖေဖော်ဝါရီ ၃**
ကျောင်းသား ကျောင်းသူ ကလေးငယ်များ၏ မှတ်သားမှုစွမ်းရည်နှင့် ဉာဏ်ရည် ထက်မြက်မြင့်မားစေရေး၊ စာပေဖတ်မှတ်လေ့လာလိုစိတ် ရှိလာစေရေးနှင့် ဗဟုသုတ ပြည့်စုံပြီး ပျော်ရွှင်စေရေးအတွက် ရည်ရွယ်ပြီး ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲ၊ အင်္ဂလိပ်စာ ပဟေဠိပြိုင်ပွဲနှင့် ဖျော်ဖြေပွဲများကို တောင်ငူမြို့ရှိ ခရိုင်ပြည်သူ့ စာကြည့်တိုက်၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီး အရာရှိ ဒေါ်ခိုင်ခိုင်သင်းက ပြိုင်ပွဲနှင့်ဖျော်ဖြေပွဲများ ကျင်းပပေးခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် အင်္ဂလိပ်စာ ပဟေဠိပြိုင်ပွဲများ ဆက်လက်ကျင်းပရာ တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။


ပြိုင်ပွဲများနှင့်အတူ ကျောင်းသားကျောင်းသူများက တေးသီချင်း၊ တေးသရုပ်ဖော် အစီအစဉ်များဖြင့် သီဆိုကပြ သရုပ်ဖော် ဖျော်ဖြေခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသူ များနှင့် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများနှင့် ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။
**မောင်ရွှေဝင်း(ပြည်)**

## သုံးခွမြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်းများဖြစ်ထွန်းအောင်မြင်

**သုံးခွ ဖေဖော်ဝါရီ ၃**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု (၆၅)အုပ်စုတွင် စိုက်ပျိုးထားသော ဆောင်းသီးနှံပဲတီစိမ်းများမှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိ ကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် ပဲတီစိမ်း(ရွှေဝါ)နှင့် ပဲတီစိမ်း (ရေဆင်း) မျိုးတို့ကို အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ စိုက်ပျိုးရာတွင် ပဲတီစိမ်းစိုက်ဧက ၁၂၇၄၉၊ မတ်ပဲ ၁၃၅၈၊ ပဲလွမ်း ၂၂၇ ဧက စုစုပေါင်း ၁၃၀၃၃၄ ဧကစိုက်ပျိုးထားကြောင်း သိရသည်။ အချိန်အခါမဲ့မိုး ရွာသွန်းမှုကြောင့် ပဲစိုက်ပျိုးချိန် ၁၅ ရက်ခန့်နောက်ကျ၍ နိုဝင်ဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးနိုင်ကြောင်း သိရပြီး၊ ပဲတီစိမ်းမှာ စိုက်ပျိုးပြီးနှစ်လခွဲအကြာတွင် ဆွတ်ခူး၍ ရရှိကြောင်း သိရသည်။

သုံးခွအနောက်ကျေးရွာဘုရားလေးကွင်းမှ ပဲတီစိမ်းစိုက်ပျိုးသူ ကိုလှလေးက “အခုတော့ အောင်မြင်ဖြစ်ထွန်းပြီး အခြေအနေကောင်းပါတယ်။ ပဲဆွတ်ခူးချိန်မှာ အချိန်အခါမဲ့မိုးမရွာဖို့နှင့်ပဲဈေးနှုန်းကောင်းဖို့ ဆုတောင်းနေရတယ်။ ဒါ့အပြင် ပဲဆွတ်ခူးသူ လုပ်သားရှားပါးမှုကြောင့် ပဲဆွတ်ချိန်နောက်ကျမည်ကို စိုးရိမ်ရတယ်” ဟု ပြောသည်။
**ကိုကျော်(သုံးခွ)**



# ရေယာဉ်များ ကြံ့ခိုင်မှုရှိမရှိနှင့် လိုင်စင်စည်းကမ်းလိုက်နာမှုရှိမရှိ စစ်ဆေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ခရီးသည်တင်နှင့် ကုန်တင် ရေယာဉ်ပိုင်ရှင်များ အနေဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစွာ လုပ်ကိုင်ခြင်းရှိ/မရှိနှင့် ရေယာဉ်များ ကြံ့ခိုင်မှုရှိ/မရှိကို တာဝန်ရှိသူများက ဇန်နဝါရီ ၃၁ ရက်က လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ရေကြောင်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေယာဉ်မောင်းသူများ လိုက်နာရန် စည်းကမ်းချက် ၁၃ ချက်၊ ရေယာဉ်ပိုင်ရှင်များလိုက်နာရန် စည်းကမ်းချက် ရှစ်ချက်နှင့် ခရီးသည်များ လိုက်နာရန် စည်းကမ်းချက် ခုနစ်ချက်ကိုရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက ဗိုင်းနိုင်းများကပ်၍ အသိပေးကြေညာ နှိုးဆော်ထားရာ ရေယာဉ်များအနေဖြင့် စည်းကမ်းများ လိုက်နာခြင်း ရှိ/မရှိကို ကျောင်းကုန်းမြို့နယ် ရေယာဉ်အသင်း ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် ရေယာဉ်ဂိတ်မှူး ဦးစိန်အေးတို့က လိုက်လံစစ်ဆေးခဲ့ခြင်း ဖြစ်ပြီး လိုင်စင်သက်တမ်းမကုန်မီ နှစ်ပတ်လည် စစ်ဆေးမှုများအဖြစ် ရေယာဉ်များ ကြံ့ခိုင်မှုရှိ/မရှိကိုလည်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက် မှစတင်၍ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ရေယာဉ် ကြီး/ငယ်များ၏ ရေယာဉ် လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ လွှဲပြောင်းရယူပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာပေးကာလအနေဖြင့် ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်များ အတွင်း လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့သော ရေယာဉ်များအား စစ်ဆေးအရေးယူခြင်း မရှိခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စတင်၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်း မရှိသော ခရီးသည်တင်နှင့် ကုန်တင် ရေယာဉ်များကို စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိုက်ပျိုးရေးသုတေသန(ရေဆင်း)သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)သို့ တောင်တွင်းကြီး၊ ရေနံချောင်းနှင့် ဂန့်ဂေါမြို့နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် လေ့လာရေး အဖွဲ့ဝင်များသည် ဇန်နဝါရီလနောက်ဆုံးပတ်က လေ့လာရေးလာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ရေအသုံးချရေးဌာနသို့ ရှေးဦးစွာ သွားရောက်ခဲ့ပြီး ဌာနအတွင်း ပြုလုပ်လျက်ရှိသော



သုတေသနလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံပြသခဲ့ကြသည်။ ဌာနအတွင်း စမ်းသပ်ထားသည့် မြေပဲသီးနှံအပေါ် Sprinkler Irrigation စနစ် အသုံးပြုထားသည့် စမ်းသပ်ကွက်များ၊ စပါးသီးနှံအပေါ် လမိုင်းစနစ်ဖြင့် စမ်းသပ်အသုံးပြုထားသည့် စမ်းသပ်ကွက်များကို တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသကြရာ လေ့လာရေးအဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှု၍ သိလိုသည်များကို မေးမြန်းပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဌာနစု ကွင်းအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော မြေလွှာမဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းများသို့လည်း သွားရောက်ကာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မျိုးစေ့ဘဏ်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများသို့ သွားရောက်လေ့လာခဲ့ကြပြီး ဆန်စပါး၊ ပြောင်းနှင့် အခြားနှံစားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပြခန်းများတွင် ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ အကြောင်း၊ အပင်ရောဂါ၊ မြေဆီလွှာနှင့် ပိုးမွှားဌာန များတွင် လုပ်ဆောင်လျက်ရှိသည့် သုတေသနလုပ်ငန်း များအကြောင်းတို့ကိုလည်း လေ့လာကြည့်ရှု၍ သိရှိလို သည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# လမ်းဘေးပုံကျဈေးသည်များကို သတ်မှတ်နေရာတွင်သာရောင်းရန် ဆောင်ရွက်ပေးစေလို

**မဒေါက် ဖေဖော်ဝါရီ ၃**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ စည်ပင်သာယာဈေးရှေ့ ညောင်လေးပင်-မဒေါက်-ရွှေကျင် ကားလမ်းမကြီးဘေးတွင် ပုံကျရောင်းချနေသော ဈေးသည်များကြောင့် ယာဉ်များသွားလာရေး ခက်ခဲကာ ယာဉ်အန္တရာယ် ကြုံတွေ့နိုင်သဖြင့် အဆိုပါ ပုံကျဈေးသည်များကို မူလသတ်မှတ်နေရာဖြစ်သည့် ဈေးအတွင်း၌သာ ပြန်လည်ရောင်းချအောင် စည်းကမ်းသတ်မှတ်ဆောင်ရွက်ပေးရန် ခရီးသွားပြည်သူများနှင့် ဈေးအတွင်း ရောင်းချနေသော ဈေးသည်များက ဆန္ဒရှိနေကြကြောင်း သိရသည်။

ယခင်က ပုံကျဈေးကို မဒေါက်မြို့စည်ပင်သာယာဈေး မြောက်ဘက်တွင် ထားရှိခဲ့ပြီး ဈေးအတွင်း၌ ဆိုင်ခန်းပေါင်း ၃၂၉ ခန်းခန့်ရှိကြောင်း၊ ဈေးဝယ်သူများမှာ ဈေးထဲဝင်ရောက်၍ ဈေးဝယ်ကြရကြောင်း၊ နောက်ပိုင်းတွင် ဈေးရှေ့ ကားလမ်းမဘေး၌ တစ်ဦးစနှစ်ဦးစ ထွက်ရောင်းကြပြီး ဝယ်သူများကလည်း အလွယ်တကူ ဝယ်ကြသဖြင့် ဈေးသည်များစွာ ထွက်ရောင်းလာခြင်းကြောင့် ကားလမ်းမဘေးတွင် ရောင်းသူဝယ်သူများ ပိုမိုများပြားလာရာ ယခုအခါ ကားလမ်းမကြီးတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီးများ၊ လမ်းလျှောက်သူများ သွားလာရန် အခက်အခဲရှိလာသည့်အပြင် ယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်သည့်အတွက် အဆိုပါ ပုံကျဈေးသည်များကို ဈေးမြောက်ဘက် ပုံကျဈေးနေရာသို့ ပြန်လည်ပြောင်းရွှေ့စေလိုကြောင်း ခရီးသွားပြည်သူအချို့က ဆိုသည်။ လက်ရှိအချိန်တွင် မဒေါက်စည်ပင်သာယာဈေး မြောက်ဘက်ရှိ ပုံကျဈေးမှာ ပျောက်ကွယ်နေပြီး စည်ပင်သာယာဈေးအတွင်းတွင်လည်း ဈေးဝင်ဝယ်သူမရှိဖြစ်ကာ ဆိုင်ခန်းများပိတ်ထားလျက် ဈေးမှာလည်း ခြောက်ကပ်နေကြောင်း ဈေးကော်မတီမှ သိရသည်။ **ကိုလွင်(ဆွာ)**

# မုံရွာမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်သူများအားစည်းရုံးမှုများ စတင်ဆောင်ရွက်

**မုံရွာ ဖေဖော်ဝါရီ ၃**
ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ်များ၌ ဝင်ရောက်အရွေးချယ်ခံမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများအနေဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ မဲဆွယ်စည်းရုံးပွဲများ ပြုလုပ်ခွင့်ရပြီဖြစ်သလို သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းများ ဆောင်ရွက်နေပြီဖြစ်သည်။

လစ်လပ်မဲဆန္ဒနယ်တစ်ခုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင်လည်း မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များက ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာများတွင် ကပ်ထားသော မဲစာရင်းများကို ပြည်သူများ သွားရောက်ကြည့်ရှုကြရန် စည်းရုံးလှုံ့ဆော်မှုများ စတင်ဆောင်ရွက်ခဲ့ကြသည်။

“အခု ကြားဖြတ်ရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံးလစ်လပ်တာ ၁၉ နေရာဖြစ်တဲ့ အတွက် ပြည်သူတွေအနေနဲ့ စိတ်ဝင်စားမှုတော့ အတော်လျော့နေတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ပြည်သူတွေကို စိတ်ဝင်စားလာအောင် စည်းရုံးမှုတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်”ဟု ယခု ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ် လစ်လပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် သူတစ်ဦးက ပြောသည်။

“၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတမယ်။ သန့်ရှင်းမယ့် ရွေးကောက်ပွဲဖြစ်မယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်။ ဇန်နဝါရီ ၃ ရက်က ပြည်ထောင်စုကော်မရှင်အစည်းအဝေး တက်ရပါတယ်။ အဲဒီမှာ စနစ်တကျအချိန်ယူ ကြိုးစားလုပ်ဆောင်နေတာကို တွေ့ရပါတယ်။ အဲလိုပဲ စစ်ကိုင်းတိုင်းကော်မရှင်၊ မုံရွာခရိုင်ကော်မရှင်များနဲ့ တွေ့ဆုံရတော့လည်း စနစ်တကျဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲဟာ သန့်ရှင်းပြီး မျှတမယ်လို့ အကြွင်းမဲ့ယုံကြည်ပါတယ်”ဟု ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၎င်းက ပြောသည်။

မုံရွာမြို့နယ်တွင် လစ်လပ်နေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်အရွေးချယ်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးရှိပြီး ငါးဦးလုံးသည် ယှဉ်ပြိုင်ဘက်ကောင်းများဖြစ်ကြကာ မုံရွာမြို့နယ်အကျိုးကို စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# အရစ်ကျရောင်းချမည့် လယ်ယာလုပ်ငန်းခွင်သုံးစက်ကိရိယာများ မိတ်ဆက်သရုပ်ပြ

**ဟဲဟိုး ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းမှ တောင်သူလယ်သမားများအား New Holland ကုမ္ပဏီမှ အရစ်ကျစနစ်ဖြင့်ရောင်းချမည့် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများ မိတ်ဆက်ပွဲနှင့် သရုပ်ပြပွဲကို ဟဲဟိုးမြို့ရှိ အင်းခေါင်းခြံ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် New Holland ကုမ္ပဏီက တောင်သူများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများနှင့် တွဲဖက်သုံးစွဲသည့် ထယ်၊ ထွန်အမျိုးမျိုး၊ အာလူးစိုက် ကြံစိုက်ကိရိယာများ၊ အစေ့ထုတ်ပြောင်းနှင့် ပဲမျိုးစုံမျိုးစေ့ချကိရိယာများ၊ မြေသြဇာနှင့် ဆေးဖျန်းစက်များ၊ အာလူးတူးဖော်သည့် ကိရိယာများကို မိတ်ဆက်ပြသပြီး စိုက်ပျိုးရေးဦးစီးဌာနကလည်း ဒေသထွက်ကုန်ပြခန်းကို ပြသကာ ပုဂ္ဂလိက ပိုးသတ်ဆေးကုမ္ပဏီများကလည်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့ရာ တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာခဲ့သည်။ တောင်သူများ သိလိုသည့် မေးမြန်းဆွေးနွေးမှုများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဟဲဟိုးဒေသရှိ Myanmar Belle ကုမ္ပဏီလီမိတက်နှင့် တောင်သူများ အကျိုးတူပူးပေါင်း၍ မုန်လာဥ၊ မုန်လာရွက်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်မြိတ်များကို ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသော ဟင်းသီးဟင်းရွက်များကို အဆင့်မြင့်စက်ကြီးများဖြင့် ပြင်ဆင်ထုပ်ပိုးကာ ဂျပန်နိုင်ငံနှင့် ကိုရီးယား နိုင်ငံများသို့ တင်ပို့ရောင်းချရန် ဆောင်ရွက်နေသည့် Vegetable Dehydrated Factory ၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Vegetable Dehydrated Factory စက်ရုံတွင် ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံမှ ကျောင်းသား ကျောင်းသူများ လက်တွေ့ကွင်းဆင်း လေ့လာနိုင်ရေးနှင့် Contract Farming စနစ်များ၊ နည်းပညာသင်တန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းနှင့် ဓာတ်မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြ

**ဘီးလင်း ဖေဖော်ဝါရီ ၃**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းပြီး ပျိုးသက်နုနွေစပါးများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် သဘာဝမြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၂၉ ရက်က ဇွဲကလာကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ရုံးချုပ်မှ စက်ပစ္စည်းညွှန်ကြားရေးမှူး ဦးအောင်ဇော်က မွန်ပြည်နယ်တွင် လုပ်သားရှားပါးလာမှုကြောင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကို ပြသခြင်းဖြစ်ကြောင်းနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်လွင်က ထွန်စက်ကြီးများကို တောင်သူများအား အရစ်ကျစနစ်ဖြင့် အကြွေးရောင်းချပေးနေသည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်ဆွေက အထွက်ကောင်း BMP ကြဲခင်းစနစ်အကြောင်းကိုလည်းကောင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ပေါင်းစပ်သုံးစွဲခြင်း၏ ကောင်းကျိုးများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ ကွင်းသရုပ်ပြပွဲသို့ ဇွဲကလာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ တောင်သူ ၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကျောက်ဆည်ခရိုင်၌ ၂၀၁၆ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုပေါင်း ၄၄၄ မှုဖြစ်ပွားကာ ၉၅ ဦး သေဆုံးခဲ့

**ကျောက်ဆည် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး အနေဖြင့် ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန်အတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည်ဖြင့် အသိပညာပေးမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုများပြားဆဲဖြစ်ကာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၄၄၄ မှု ရှိခဲ့ပြီး သေဆုံး ၉၅ ဦးနှင့် ဒဏ်ရာရရှိသူ ၅၅၆ ဦးရှိခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ ကျောက်ဆည်ခရိုင်မှာဆိုရင် ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး လေးမြို့နယ်ရှိပါတယ်။ ဒီမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးအောင် အသိပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု ဇန်နဝါရီ ၁ ရက်မှစတင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို စတင်အရေးယူ ဆောင်ရွက်နေပေမယ့်လည်း တင်းတင်းကြပ်ကြပ် မလုပ်ပါဘူး။ အဓိကအနေနဲ့ ယာဉ်မောင်းနေစဉ် ထိုင်ခုံခါးပတ်မပတ်သူများ ဆိုင်ကယ်ဦးထုပ်မဆောင်းသူများလောက်သာ ဖမ်းဆီးအရေးယူနေတာပါ။ ဆိုင်ကယ်ဦးထုပ်တစ်လုံးဟာ တန်ဖိုးငွေ ဘာမှမရှိသော်လည်း လူတစ်ဦးရဲ့ အသက်တစ်ချောင်းဆိုတာ ဆိုင်ကယ်မောင်းနှင်သူများအနေနဲ့ သိထားသင့်ပါတယ်" ဟု ကျောက်ဆည်ခရိုင် အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်းက ပြောသည်။

ကျောက်ဆည်ခရိုင် အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စုအနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့်ယာဉ်များကို ဖမ်းဆီးအရေးယူမှုတွင် ကား ၂၂၄ မှု၊ ဆိုင်ကယ် ၂၅၃၀ မှုအထိ ရှိခဲ့ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရန် အသိပညာပေးဟောပြောပွဲများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကာ စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကိုလည်း ဖမ်းဆီးပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူမှုများ ဆောင်ရွက်နေသော်လည်း ယာဉ်မောင်းသူများအနေဖြင့် စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်းသိရသည်။

**ကျော်ကျော်(မလှိုင်)**

# တောင်သူများအား မြေယာနှင့်သီးနှံ နစ်နာလျော်ကြေးငွေ ကျပ် သိန်း ၃၀၀ နီးပါး ပေးအပ်

**တောင်သာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် သံမဏိစက်ရုံဝင်းအတွင်းရှိ ၂၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအတွက် ရေပိုက်လိုင်းနှင့် ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်း ဖြတ်သန်းရာတွင် မြေယာများပါဝင်သွားသည့် တောင်သူများအား မြေယာနှင့်သီးနှံ နစ်နာကြေးများကို ဖေဖော်ဝါရီ ၁ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

နစ်နာကြေးပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလင်းထွန်းက တောင်သူများအား မြေယာနှင့်သီးနှံနစ်နာကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြင်းခြံ ဓာတ်အားပေးစက်ရုံစီမံကိန်း အင်ဂျင်နီယာမှူး ဦးသန်းထွဋ်အောင်က ဓာတ်အားပေးစက်ရုံစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဓာတ်အားလိုင်းနှင့် ရေပိုက်လိုင်း ဖြတ်သန်းရာလမ်းတစ်လျှောက်ရှိ တောင်သူ ၄၁ ဦးအား မြေယာနှင့် သီးနှံနစ်နာကြေး ကျပ် ၂၉၃ သိန်းကျော်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

အဆိုပါ ၂၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံသည် စက်ရုံအတွင်း စီမံကိန်းလုပ်ငန်းထက်ဝက်ကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခု တောင်သူများ၏ မြေယာကိစ္စများ ဆောင်ရွက်ပြီးလျှင် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးမှာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် ညောင်ဦးမြို့နယ်များမှ ပြည်သူများသုံးစွဲနေသော ဓာတ်အားပမာဏမှာ ၂၅ မဂ္ဂါဝပ်ကျော်ခန့်သာရှိရာ စက်ရုံမှ ၂၂၅ မဂ္ဂါဝပ် ဓာတ်အား ရရှိပါက မြန်မာတစ်နိုင်ငံလုံးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးရာရောက်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပိုများလာသလို လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန်လည်း နည်းလမ်းရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု ဓာတ်အားလိုင်းနှင့် ရေပိုက်လိုင်း ဖြတ်သန်းတည်ဆောက်ခြင်းအတွက် နစ်နာကြေးပေးသော်လည်း ရေပိုက်လိုင်း ဖြတ်သန်းတည်ဆောက်ပြီးနောက်တွင် တောင်သူများအနေဖြင့် ထိုမြေပေါ်၌ နှစ်ရှည်ပင်မှလွဲ၍ အခြား စီးပွားဖြစ်သီးနှံပင်များကို ယခင်ကအတိုင်း ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်မည်ဖြစ်ကြောင်းနှင့် တောင်သူများကို ကျေးဇူးတင်ကြောင်း နစ်နာကြေးပေးအပ်ပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



## သတင်းတိုများ

### ကလိန်အောင်မြို့၌ အားကစားခန်းမဖွင့်ပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း၌ ရတနာလူမှုစီးပွားတာဝန်ယူဖော်ဆောင်မှုလုပ်ငန်း(CSR)နှင့် မြို့နေ ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော အားကစားခန်းမဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည်။ အားကစားခန်းမဖွင့်ပွဲတွင် ရတနာလူမှုစီးပွားစီမံကိန်းတာဝန်ခံ ဒေါ်နုနုဝင်း၊ စီမံကိန်းမှ ကျန်းမာရေးတာဝန်ခံ ဒေါက်တာဦးကျော်ဒွေးနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါ်လွင်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ စီမံကိန်းတာဝန်ခံက အမှာစကားပြောကြားပြီး ကျန်းမာရေးတာဝန်ခံက အားကစားခန်းမဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**ကလိန်အောင် (ပြန်/ဆက်)**

### သွားဘက်ဆိုင်ရာဆရာဝန်များ တောင်ကုတ်၌ အခမဲ့ဆေးကုသ

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်းမှ ပါမောက္ခဒေါက်တာစောထွန်းအောင် ဦးဆောင်သည့် ဆရာဝန် ၁၂ ဦးပါဝင်သောအဖွဲ့သည် တောင်ကုတ်မြို့မှ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသမှုများကို တောင်ကုတ်မြို့နယ်ခန်းမ၌ အခြေပြု၍ ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သွားဘက်ဆိုင်ရာ ဆရာဝန်များအဖွဲ့မှ အခမဲ့ ဆေးဝါးကုသပေးမှုကို နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျောက်တောင်၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အခမဲ့ဆေးဝါးကုသပေးရာတွင် တောင်ကုတ်မြို့နယ်အတွင်းမှ သွားနှင့်ခံတွင်း ဝေဒနာရှင် ၂၀၉ ဦးအား ကုသပေးနိုင်ခဲ့ကြောင်းသတင်းရရှိသည်။

**ကျော်သူရ(ပြန်/ဆက်)**

### ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစည်းအဝေးဂုဏ်ပြုလှုပ်ရှားမှုများပြုလုပ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူကြိုကလေးငယ်များအနေဖြင့် ငယ်ရွယ်ချိန်မှစတင်၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲစွာကိန်းအောင်းစေရန်နှင့် ငြိမ်းချမ်းစွာ အတူလက်တွဲဆောင်ရွက်နိုင်ရေး အလေ့အထကောင်းများ ရရှိစေရန်၊ ငြိမ်းချမ်းရေးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လာစေရန်နှင့် ပြည်သူများ ပြည်ထောင်စုစိတ်ဓာတ်၊ ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်လျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသော လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် ရွှေဘိုမြို့ မူလတန်းကြိုကျောင်း၌ ပြုလုပ်ခဲ့ပြီး မူကြိုကလေးငယ်များအား ပြည်ထောင်စုစိတ်ဓာတ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာ သီချင်း၊ ကဗျာများ သင်ကြားပေးခြင်းများကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဝ၅ဝ)**

### မီးဘေးကာကွယ်ရေးအတွက် စက်သုံးဆီအရောင်းဆိုင်များကိုစစ်ဆေး

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စက်သုံးဆီအရောင်းဆိုင်များကို ဖေဖော်ဝါရီ ၁ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ဟန်းတဲရပ်ကွက်ရှိ ဟိန်းအောင်၊ မိုးနီလာနှင့် ရွှေတောင်တန်း စက်သုံးဆီဆိုင်များနှင့် ပေါက်ကုန်းရပ်ကွက်ရှိ မိသားစု၊ ပါဝါလိုက် စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးရာတွင် စက်သုံးဆီများ သိုလှောင်ရာ၌ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ ညွှန်ကြားချက်များအရ သိုလှောင်ရောင်းချခြင်းရှိမရှိနှင့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ၊ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မီးဘေးကာကွယ်ရေး လိုအပ်ချက်များဖြစ်သော မီးသတ်ရေကန်များ၊ ရေတိုင်ကီများ၊ ရေပုံးများ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာရှိမရှိ စသည်တို့ကို စစ်ဆေးခဲ့ကြောင်းသိရသည်။

**ဆီမီးခုံ - နန်းရီ**

# ပန်းတဉ်းပညာဖြင့်ပြုလုပ်သည့် မြန်မာမှုပစ္စည်းများကို အသုံးများလာသော်လည်း ပညာရှင်များရှားပါလာ

**နေပြည်တော်  ဖေဖော်ဝါရီ  ၃**
နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ပန်းတဉ်းပညာကို အခြေခံကာ ရွှေရောင်စတီးပြားများ အသုံးပြု၍ ပြုလုပ်သည့် ဘုရားထီးတော်၊ ပန်းတောင်၊ ပန်းဆွဲ၊ ဘုရားခန်း၊ ပလ္လင်တံကဲ၊ တံခွန်တိုင်၊ ဟင်္သာရုပ်များနှင့် ရွှဲလုံးများ၊ ကမ္ပည်းစာများ စသည့် မြန်မာမှုလက်ရာများကို နေပြည်တော်နှင့် အခြားမြို့နယ်များမှ စေတီများ၊ ဘုန်းကြီးကျောင်းများ၊ သိမ်များ၊ ဓမ္မာရုံများနှင့် ဇရပ်စောင်းတန်းများတွင် တပ်ဆင်လှူဒါန်းသူ များလာသောကြောင်း မြန်မာမှုလုပ်ငန်း လုပ်ကိုင်သူများမှာ ပိုမိုလုပ်ကိုင်ရသော်လည်း ပန်းတဉ်းပညာကိုတတ်မြောက်သော ပညာရှင်များမှာ ရှားပါးလာလျက်ရှိကြောင်း သိရသည်။

"ယခင်နှစ်တွေက မှာယူသူ ဒီနှစ်လောက်မရှိဘူး။ ခုနောက်ပိုင်းမှာ ဘုရား၊ ကျောင်း၊ ဓမ္မာရုံအတွက် မှာယူတဲ့အလှူရှင်အတော်များလာပါတယ်။ ကျွန်တော်တို့လုပ်ငန်းကလည်း အလှူရှင်ရဲ့လှူဒါန်းငွေအပေါ်မူတည်ပြီး ပြုလုပ်ရတာပါ။ အရင် ရွှေရောင်စတီးပြားတွေ အသုံးမပြုခင်က စောင်းတန်းတွေ၊ မုခ်ဦးတွေမှာ သစ်သားပန်းဆွဲ၊ ပန်းတောင်တွေကို တပ်ဆင်အသုံးပြုကြတာပါ၊ နောက်ကျတော့ သွပ်ပြားကို ပန်းဖောက်ပြီး တပ်ဆင်လာကြပါတယ်။ ခုအခါတော့ ရွှေရောင်စတီးပြားတွေ ပေါ်လာတော့ ဆေးခြယ်၊ ဆေးသုတ်ရတာ သက်သာတဲ့အပြင် သံချေးတက်ခြင်းမရှိတာကြောင့် အလှူရှင်တွေက အကြိုက်တွေ့ပြီး မှာယူလာကြပါတယ်။ ပွင့်လင်းရာသီဆို ပိုလုပ်ကိုင်ရပါတယ်။ ဒီပညာရပ်က မြန်မာ့ပန်း(၁၀)မျိုးမှာ တစ်မျိုးဖြစ်တဲ့ ပန်းတဉ်းပညာကိုအခြေခံပြီး ပြုလုပ်ရတာပါ။ ခုဆိုရင် ပန်းတဉ်းပညာရှင် အတော်နည်းပါးလာတာကြောင့် မှာယူသူများရင် နေ့ရောညပါ ရှိတဲ့သူနဲ့လုပ်ကိုင်နေကြရတော့ ပစ္စည်းလာအပ်ရင် ရက်ချိန်းအကြာကြီးပေးရတဲ့ အခက်အခဲတွေ ရှိပါတယ်"ဟု ပျဉ်းမနားမြို့နယ်မှ မြန်မာမှု ပန်းတဉ်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယခုနောက်ပိုင်း အသုံးများလာသည့် ရွှေရောင်စတီးပြားပေါ်တွင် ပန်းရိုက်၊ ပန်းဖောက်သည့် ပန်းတဉ်းပညာရှင်များကို ငှားရမ်းသည့်အခါတွင် ပညာရှင်တစ်ဦးအတွက် တစ်ရက်လျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ပေးရပြီး ပညာသင်လုပ်သားတစ်ဦးလျှင် တစ်ရက်ကျပ် ၈၀၀၀ ခန့်ပေးရကာ ပန်းတဉ်း ပညာသည် အတတ်ပညာကျွမ်းကျင်ပါက များစွာလူပင်ပန်းခြင်းမရှိဘဲ ဝင်ငွေအဆင်ပြေသည့် ပညာရပ်ဖြစ်ကြောင်း ပန်းတဉ်းလုပ်ငန်းရှင်များထံမှ သိရသည်။

**မင်းမဟော်(ပြန်/ဆက်)**



# ဝါးနှင့် ဝါးပစ္စည်းများ ဈေးနှုန်းမြင့်တက်လာသော်လည်း ဝယ်လိုအားကောင်းနေ

**ရေတာရှည်  ဖေဖော်ဝါရီ  ၃**
ပဲခူးရိုးမတောအတွင်း ဝါးခုတ်ယူရရှိနိုင်မှု တဖြည်းဖြည်းလျော့ကျလျက်ရှိ၍ ဝါးနှင့် ဝါးအခြေခံ ထုတ်ကုန်ပစ္စည်းများမှာ ဈေးနှုန်းမြင့်မားလာသော်လည်း ဝယ်လိုအားမှာ ကောင်းမွန်လျက်ရှိကြောင်း ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ရန်ကုန်-မန္တလေး ကားလမ်းဘေး ရွှေသပြေကျေးရွာရှိ ဝါးလုပ်ငန်းလုပ်ကိုင်ကြသူများထံမှ သိရသည်။

ရိုးမအတွင်းမှ ခုတ်ယူသောဝါးများကို မိုးကာလတွင် သိုင်းချောင်းတစ်လျှောက် ဖောင်ဖွဲ့ကာ အကုန်အကျသက်သာစွာ မျှောနိုင်သော်လည်း ယခုလို ပွင့်လင်းရာသီရောက်လျှင် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော် ကားလမ်းမှတစ်ဆင့် ကုန်တင်ယာဉ်များဖြင့် သယ်ဆောင်ရသည့်အတွက် လုပ်သားစရိတ်၊ သယ်ယူစရိတ်များ မြင့်တက်လာသောကြောင့် ဝါးဈေးနှုန်းလည်း မြင့်တက်လာကာ လက်ရှိအချိန်တွင် ဝါးတစ်လုံးလျှင် ကျပ် ၃၅၀ မှ ၇၀၀ ကြား ပေါက်ဈေးရှိကြောင်းသိရသည်။

ရိုးမတောထွက် ဝါးများကို ဝါးလုံးအတိုင်း ရောင်းချသည့်အပြင် ဝါးကပ်၊ ဝါးကုလားထိုင်၊ ဝါးအိပ်စင်များ ပြုလုပ်၍လည်း ရောင်းချရာ ဝယ်ယူသူများ၏ ရောင်းအား ကောင်းကြောင်း သိရသည်။ "အခုအချိန်မှာ ကုလားထိုင်နဲ့ အိပ်စင်က အတော်ကိုရောင်းရတယ်။ နွေအပူချိန်ကလည်း အတော်ပူပြင်းလာတော့ သစ်ရိပ်ဝါးရိပ်လေးတွေမှာအပူဒဏ်ရှောင်ရင်း နားလို့ရတယ်။ ကုလားထိုင်က တစ်လုံးတည်းဆို နှစ်ထောင်၊ နှစ်လုံးတွဲ ယူရင် သုံးထောင့်ငါးရာ၊ အိပ်စင်က တစ်လုံးကို ငါးထောင်ကျတယ်။ မနှစ်ကဆို ၃၅၀၀ ပါ။ အခုတော့ ဈေးတွေ တက်ကုန်တယ်"ဟု ရွှေသပြေကျေးရွာမှ ဝါးကပ်အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

ဝါးနှင့် ဝါးအခြေခံထုတ်ကုန်ပစ္စည်း လုပ်ငန်းများကို ဆီဆုံကုန်းကျေးရွာ၊ ရွှေသပြေကျေးရွာနှင့် မြောက်လွှတ်ကုန်းကျေးရွာများတွင် အဓိက လုပ်ကိုင်ကြပြီး ဝါးထုတ်ကုန်များကို ပြုလုပ်ရာတွင် ဒေသခံ မိန်းကလေးများက အဓိက လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဆော့လော်ပြည်သူ့ဆေးရုံတွင် ဆရာဝန်များနှင့် လူနာများကုသပေးရန် ခုတင်များလိုအပ်နေ

**ဆော့လော် ဖေဖော်ဝါရီ ၃**
ကချင်ပြည်နယ် ဆော့လော်မြို့ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ လူနာများ တက်ရောက်ကုသရန် ခုတင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ဆေးရုံမှာ လက်ရှိ ခုတင်ကောင်းတာဆိုလို့ နှစ်လုံးပဲရှိတယ်။ ဆေးရုံက ၂၅ ခုတင်ဆံ့ဆေးရုံပါ။ ခုတင် ၂၃ လုံးက ခြစားလို့ လုံးဝသုံးလို့မရတော့ဘူး။ ဒါကြောင့် ခုတင်လိုအပ်နေတာဖြစ်ပါတယ်။ လက်ရှိ ခုတင်နှစ်လုံးပဲရှိတော့ အဆင်မပြေဘူး။ တက်ရောက်ကုသတဲ့ လူနာတွေများလာရင် ခုတင်အလုံအလောက်မရှိတဲ့အတွက်ကြောင့် အလွန်အခက်အခဲဖြစ်တယ်"ဟု ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အဆိုပါ ခုတင်လိုအပ်ချက်အပြင် ဆေးရုံတွင် သူနာပြုဆရာ ဆရာမ ရှစ်ဦးသာရှိပြီး ဆရာဝန်မရှိသည့်အတွက်ကြောင့်လည်း လူနာများအား ဆေးဝါးကုသပေးရာတွင် အခက်အခဲများရှိနေကြောင်း သိရသည်။ ကျွန်တော်တို့ ဆော့လော်မြို့က တောင်ပေါ်ဒေသမှာ မြို့တည်ထားတာ။ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းဘူး။ ဖျားနာလို့ အရေးပေါ်ဖြစ်လာရင် ဆေးဝါးကုသတဲ့နေရာမှာ ခုတင်မလုံလောက်တာနဲ့ ဆရာဝန်မရှိတာတွေကြောင့် အခက်အခဲရှိနေပါတယ်"ဟု ဆော့လော်မြို့မှ မြို့မမြို့ဖတစ်ဦးက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# စိုက်ပျိုးရေးသုတေသန(ရေဆင်း)သို့ ရေငန်ဒေသပြန်လည်ထူထောင်ရေးအဖွဲ့ဝင်များ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)သို့ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၃ ရွာမှတောင်သူများ ပါဝင်ဖွဲ့စည်းထားသည့် လောကအလင်း ရေငန်ဒေသပြန်လည်ထူထောင်ရေးအဖွဲ့မှ လေ့လာရေးအဖွဲ့ဝင်များက ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့ဝင်များသည် လေ့လာရေးပထမနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများသို့



သွားရောက်လေ့လာခဲ့ပြီး မျိုးစေ့ဘဏ်အတွင်း ထိန်းသိမ်းပြသထားသည့် နိုင်ငံအဝန်းမှ စပါးမျိုးများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကာ ယင်းတို့ဒေသအတွင်း စပါးစိုက်ပျိုးရာတွင် ကြုံတွေ့နေရသည့် ပိုးမွှားရောဂါပြဿနာများနှင့်ပတ်သက်၍ ပိုးမွှားရောဂါပညာရှင်များအား မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

လေ့လာရေး ဒုတိယနေ့တွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံကွင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် သုတေသနစိုက်ခင်းများကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် စုဝေးခန်းမအတွင်း၌ ဆွေးနွေးပွဲတစ်ရပ်ကို ဆက်လက်ကျင်းပခဲ့ပြီး စပါးသီးနှံဌာနစုမှ တာဝန်ရှိသူများက စပါးမျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း နည်းပညာများကိုလည်းကောင်း၊ ရေအသုံးချရေးဌာနစုမှ တာဝန်ရှိသူများက မြေဆီ ဓာတ်ခွဲသေတ္တာ အသုံးပြုခြင်းဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ အပင်ရောဂါဌာနစုမှ တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးသီးနှံများတွင် ကျရောက်မှုများသည့် ရောဂါများအကြောင်းကိုလည်းကောင်း၊ ပိုးမွှားဌာနစုမှ တာဝန်ရှိသူက ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျရောက်မှုများသည့် စပါးဖျက်ပိုးများအကြောင်းကိုလည်းကောင်း၊ မြေဆီလွှာဌာနစုမှ တာဝန်ရှိသူက မြေဆီဩဇာထက်သန်လာစေရေး ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မြေဩဇာသုံးစွဲခြင်း နည်းပညာများကိုလည်းကောင်း၊ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနခွဲမှ တာဝန်ရှိသူများက ယင်းတို့ဌာနမှ သုတေသနပြုထုတ်လုပ်ကာ သုံးစွဲလျက်ရှိသော စက်ကိရိယာများအကြောင်းကိုလည်းကောင်း လေ့လာရေးတောင်သူများအား ရှင်းပြဆွေးနွေးကာ တောင်သူများ သိရှိလိုသည်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# အခြေခံကျန်းမာရေးဝန်ထမ်းများအား အသိပညာပေးသင်တန်းဖွင့်လှစ်

**မန်တုံ ဖေဖော်ဝါရီ ၃**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် စံညွှန်းကုထုံးနည်းပညာ သင်တန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မန်တုံမြို့နယ် တွဲဖက်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချစ်ဝင်းလေးက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပွေးရောဂါ၊ နှလုံးဝဲဘက် ယာဘက်ခန်းများ အားနည်းခြင်း၊ နှလုံးသွေးကြောပိတ်ရောဂါ၊ နှလုံးလုပ်နှုန်းအားလျော့ခြင်း၊ ဦးနှောက်သွေးကြောဆိုင်ရာ ရောဂါ၊ အပူကြောင့်မောပန်းခြင်း၊ အပူလှိုင်းရိုက်ခြင်း၊ မိတ်ထွက်ခြင်း၊ အူသိမ်ဦးပိုင်းနာခြင်း၊ အစာအိမ်နာခြင်း၊ မေးခိုင်ရောဂါ၊ သဲဝဲစားခြင်း၊ ပါးစပ်ရောင်ရမ်းခြင်း၊ လေးဘက်နာအဖျား၊ ခွေးရူးပြန်ရောဂါ၊ ကျောက်ကပ်လုပ်အားလျော့ ရောဂါများ၊ မိခင်သေဆုံးမှု စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း စသည့်ရောဂါများအကြောင်းနှင့် ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းသင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မန်တုံမြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဌာနများမှ ကျန်းမာရေးဝန်ထမ်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မှုခင်းကျဆင်းရေး ညလှည့်ကင်းများ ဆောင်ရွက်နေ

**မော်လူး ဖေဖော်ဝါရီ ၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသအတွင်း မှုခင်းကျဆင်းရေးအတွက် ညပိုင်းအချိန်များတွင် လှည့်ကင်းများလှည့်ပတ်၍ စစ်ဆေးခြင်းများကို ဇန်နဝါရီ ၃၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မော်လူးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ခိုးဆိုးလုယက် ဆူပူမှုများ မရှိစေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုအရ မော်လူးနယ်မြေရဲစခန်းမှ တာဝန်ခံစခန်းမှူး ရဲအုပ်မင်းသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက လှည့်ကင်းများလှည့်၍ စစ်ဆေးခြင်းဖြစ်ကြောင်း၊ လှည့်ကင်းများလှည့်ရာတွင် မော်လူးမြို့ပေါ်ရပ်ကွက်များဖြစ်သည့် ဘူတာစုရပ်ကွက်၊ မြမာလာရပ်ကွက်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ဟဲနုကျေးရွာ၊ စီးမော်ကျေးရွာနှင့် စီပိန်းကျေးရွာ စသည့် ကျေးရွာပေါင်း ၂၀ ကျော်သို့ ညစဉ် အလှည့်ကျ လှည့်ကင်းများထွက်နေကြောင်း သိရသည်။

**နီတိုး**

# ထိပ်ဆုံးက ဆက်လက်ဦးဆောင်မယ့် ဂျူဗင်တပ်စ်၊ ဆမ်ဒိုးရီးယားကို ကျော်ဖြတ်ဖို့ခက်ခဲမယ့် အေစီမီလန်

အီတလီမြေက စီးရီးအေပွဲစဉ်(၂၃)ကို လာမယ့် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းမှာ ပြန်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ တန်းစီဇယားထိပ်ဆုံးက ဂျူဗင်တပ်စ်က အင်တာမီလန်နဲ့ ရင်ဆိုင်ရမှာမို့ အလေးထား ကစားဖို့ လိုအပ်နေပြီး ကျန်တဲ့ အသင်းကြီးတွေကလည်း ရလဒ်မတိမ်းစောင်းအောင် အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာပါလိမ့်မယ်။ ဒါ့အပြင် တန်းဆင်းဇုန်ထဲက အသင်းတွေရဲ့ ပေါက်ကွဲရုန်းကန်မယ့် အားထုတ်မှုတွေကလည်း ပရိသတ်တွေအတွက် မဖြစ်မနေစောင့်ကြည့်ရမယ့် ပွဲတွေဖြစ်နေပြန်ပါတယ်။



**ဂျူဗင်တပ်စ်နှင့် အင်တာမီလန်**

ပြီးခဲ့တဲ့ ပွဲစဉ်(၂၂)မှာ ပက်စ်ကာရာကို အိမ်ကွင်းမှာ သုံးဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားတဲ့ အင်တာမီလန်တို့အတွက် အခုပွဲက အဝေးကွင်းလည်းဖြစ်တာမို့ ပွဲကျပ်ပါပဲ။ ခြေစွမ်းပြန်မှန်လာတဲ့ အင်တာမီလန်ကြောင့် ဂျူဗင်တပ်စ်တို့လည်း ဒီပွဲကို ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ ဂျူဗင်တပ်စ်မှာ ဟီဂွာရင်က ခြေစွမ်းပြ ဂိုးတွေသွင်းနေသလို ကွင်းလယ်မှာလည်း ခီဒီယာ၊ပီယာနစ်နဲ့ ကွာဒရာဒိုတို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်လွှမ်းမိုးနိုင်နေပါတယ်။ အင်တာမီလန်နဲ့ ဆုံတိုင်းအသာစီးရနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်တို့ပဲ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

**အေစီမီလန်နှင့် ဆမ်ဒိုးရီးယား**

ပီရက်၊ ရုရစ်နဲ့ မူရီရယ်တို့ရဲ့ သွင်းဂိုးတွေနဲ့ ရိုးမားလိုအသင်းကို သုံးဂိုး-နှစ်ဂိုး ရလဒ်နဲ့အနိုင်ယူထားတဲ့ ဆမ်ဒိုးရီးယားကို အေစီမီလန်တို့ ပေါ့ဆဆကစားရင် ခံစားမှုနက်ရှိုင်းသွားပါလိမ့်မယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ အူဒီးနိစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ အေစီမီလန်တို့အတွက် အခုပွဲ အိမ်ကွင်းဖြစ်တာမို့ နိုင်ပွဲပြန်ရှာဖွေနိုင်မလားကြည့်ရမှာပါ။ အိမ်ကွင်းမှာ အားထည့်ကစားတတ်တဲ့ အေစီမီလန်ဟာ ခြေစွမ်းပြနေတဲ့ ဆမ်ဒိုးရီးယားတို့ဆီက ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်ရမှာဖြစ်ပါတယ်။

**ဘိုလော့နာနှင့် နာပိုလီ**

ကက်ဂလီယာရီအသင်းကို အဝေးကွင်းမှာ တစ်ဂိုးစီ သရေပွဲကစားထားတဲ့ ဘိုလော့နာကို နာပိုလီတို့ သေသေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ နာပိုလီတို့က အေစီမီလန်ကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့သလို ဖီအိုရင်တီးနားကိုလည်း အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရယူထားပါတယ်။ ဘိုလော့နာဟာ စီးရီးအေ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဂျူဗင်တပ်စ်အသင်းကိုသာ ရှုံးခဲ့သလို နာပိုလီတို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ ၁၀ ပွဲမှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုကို ကြည့်ရင် နာပိုလီက သုံးပွဲနိုင်ပြီး ဘိုလော့နာက တစ်ပွဲနိုင်ကာ သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ ဟန်ချက်ညီနေတဲ့ နာပိုလီကို ဘိုလော့နာတို့ အမြင့်ဆုံးမှန်းနိုင်တာ သရေပါပဲ။

**ပက်စ်ကာရာနှင့် လာဇီယို**

ချီယေဗိုနဲ့ ဂျူဗင်တပ်စ်အသင်းတွေကို ဆက်တိုက်ရှုံးထားတဲ့ လာဇီယိုတို့အတွက်တော့ ဒီပွဲမှာ အမှတ်ပြည့်ပြန်ရယူရေး အားထုတ်ပါလိမ့်မယ်။ လာဇီယိုရဲ့ ကွင်းလယ်ကစားက တိုက်စစ်ကို ပံ့ပိုးမှုအပိုင်းမှာ အပိုအလိုတွေ များနေတာမို့ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းခွင့်တွေ ဆုံးရှုံးနေပါတယ်။ ပက်စ်ကာရာတို့ကတော့ ရှုံးပွဲတွေဆက်နေပြီး ရလဒ်ကောင်းကို ရှာဖွေဖို့ ခက်ခဲနေတာမို့ အဝေးကွင်းဆိုပေမယ့် လာဇီယိုတို့ ဒီပွဲမှာ အခြေအနေကောင်းနိုင်ပါတယ်။

**အတ္တလန္တာနှင့် ကာဂလီယာရီ**

ရိုးမားကို ခြေရည်တူကစားခဲ့ပေမယ့် တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ ကာဂလီယာရီဟာ ဘိုလော့နာကိုလည်း တစ်ဂိုးစီသရေပွဲရအောင် အားထုတ်နိုင်ခဲ့ပါတယ်။ အတ္တလန္တာတို့ကလည်း ဆမ်ဒိုးရီးယားလို ခြေစွမ်းမာကျောတဲ့ အသင်းကို အနိုင်ရအောင်ကစားခဲ့သလို တိုရီနိုကိုလည်း တစ်ဂိုးစီသရေပွဲကစားပြီး တစ်မှတ်ရအောင်ယူထားနိုင်ခဲ့ပါတယ်။ အားထုတ်မှု တူညီနေတဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုက ပွဲကောင်းဖြစ်ပြီး အမှတ်ခွဲယူရဦးမယ့် အခြေအနေပါပဲ။

**ဂျီနိုအာနှင့် ဆာဆူအိုလို**

အကွိုလာနီ၊ မာထရီနဲ့ ဘီရာဒီတို့ရဲ့ တိုက်စစ်စုဖွဲ့မှုက ထိရောက်မှုမရှိဘဲ ဂိုးတွေ ဆုံးရှုံးနေတဲ့ ဆာဆူအိုလိုတို့အတွက်တော့ အခုပွဲ အဝေးကွင်းလည်းဖြစ်နေတာမို့ ခက်ခဲပါဦးမယ်။ ဖီအိုရင်တီးနားကို သုံးဂိုးစီ သရေပွဲဖြစ်ခဲ့သလို ခရိုတိုနီအသင်းကိုလည်း နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ ဂျီနိုအာတို့ အခုပွဲမှာတော့ နိုင်ပွဲရအောင် ယူရပါလိမ့်မယ်။ အိမ်ကွင်းလည်းဖြစ်တဲ့ ဂျီနိုအာတို့အတွက် အခုပွဲဟာ အမှတ်ပြည့်ရသွားနိုင်ပါတယ်။

**အမ်ပိုလီနှင့် တိုရီနို**

သရေပွဲနဲ့ ရှုံးပွဲတွေများနေတဲ့ တိုရီနိုတို့အတွက် အခုပွဲဟာ အဝေးကွင်းဖြစ်နေတာမို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်ရမယ့် အခြေအနေပါပဲ။ အမ်ပိုလီတို့ကလည်း ခြေစွမ်းအတက်အကျရှိနေပြီး အိမ်ကွင်းဆိုရင်တော့ နိုင်ပွဲရအောင်ကြိုးစားနိုင်တာမို့ အခုပွဲဟာ အမ်ပိုလီတို့ အမှတ်ပြည့်ရယူပြီး အောင်ပွဲခံမယ့် အခြေအနေမျိုး ဖြစ်သွားပါလိမ့်မယ်။

**ချီယေဗိုနှင့် အူဒီးနိစ်**

လာဇီယိုအသင်းကို အဝေးကွင်းမှာ အနိုင်ကစားခဲ့တဲ့ ချီယေဗိုရဲ့ ခြေစွမ်းက လျှော့တွက်လို့မရပါဘူး။ အူဒီးနိစ်တို့ကလည်း အေစီမီလန်အသင်းကို အနိုင်ကစားခဲ့တာမို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒီနှစ်သင်းရဲ့တွေ့ဆုံမှုက စိတ်ဝင်စားစရာ ပွဲကောင်းတစ်ခုဖြစ်လာတာမို့ အခုပွဲရဲ့ရလဒ် တစ်မှတ်စီခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ပါလာမိုနှင့် ခရိုတိုနီ**

ခြေရည်တူ နှစ်သင်းတွေ့ဆုံတဲ့ပွဲမို့ အကြိတ်အနယ်ရှိလာပါလိမ့်မယ်။ ပါလာမိုတို့က အဝေးကွင်း၊ အိမ်ကွင်းတွေမှာ အခုတလော ခြေစွမ်းကျဆင်းနေပါတယ်။ ပွဲတိုင်းအမှတ်ရအောင် အလေးထား ကစားနေတဲ့ ခရိုတိုနီအသင်းဟာ အခုပွဲ အဝေးကွင်းဆိုပေမယ့် ကွင်းလယ်ကစားအားကြောင့် တစ်မှတ်တော့ မျှော်လင့်နိုင်တဲ့ ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

# ဂိုးပေါင်း ၁၀၀ သွင်းယူတဲ့ ပီတာခရောင့်ချ်

တိုက်စစ်မှူး ပီတာခရောင့်ချ်ဟာ ပရီမီယာလိဂ်မှာ ဂိုးပေါင်း ၁၀၀ သွင်းယူပေးနိုင်တဲ့ ကစားသမား ၂၆ ဦးမှာ ပါဝင်လာပါတယ်။ စတုတ်စီးတီးအသင်း တိုက်စစ်မှူး ပီတာခရောင့်ချ်ဟာ ဗုဒ္ဓဟူးနေ့က အဲဗာတန်နဲ့ စတုတ်တို့ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွားတဲ့ ပွဲမှာ ဂိုးပေါင်း ၁၀၀ မြောက်ကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံး ပရီမီယာလိဂ် ဂိုးကို လွန်ခဲ့တဲ့ ၁၅ နှစ်က သွင်းယူခဲ့ပြီးနောက် ဂိုး ၁၀၀ မြောက်အဖြစ် သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ ပရီမီယာလိဂ် ဂိုးပေါင်း ၁၀၀ သွင်းတဲ့ ကစားသမားတွေထဲမှာ စာရင်းဝင်ဖြစ်သွားခဲ့ပါတယ်။ ပရီမီယာလိဂ်မှာ ဂိုးပေါင်း ၁၀၀ သွင်းယူပေးနိုင်တယ်ဆိုတာ အလွန်ဂုဏ်ယူစရာကောင်းပါတယ်လို့ အသက် ၃၆ နှစ်အရွယ်ရှိ ပီတာခရောင့်ချ်က ဆိုပါတယ်။ အလန်ရှီးယား၊ အွန်နရီ၊ လန်ရိုက်စ်နဲ့ ရော်ဘီဖော်လာတို့လို ဂိုးပေါင်း ၁၀၀ ကျော် သွင်းယူတဲ့ ကစားသမားအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။ ပီတာခရောင့်ချ်ဟာ လီဗာပူးအသင်းမှာ နှစ်ပေါင်းများစွာ ကစားခဲ့တဲ့ တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ ယခုအခါမှာတော့ စတုတ်နဲ့ ခြေစွမ်းပြ ကစားလျက်ရှိပါတယ်။





# ရမှတ် ၂၅ မှတ်အသာနဲ့ ဦးဆောင်နေတဲ့ ဆဲလ်တစ်

စကော့တလန် ပရီမီယာလိဂ်မှာ ဆဲလ်တစ်အသင်းဟာ ရမှတ် ၂၅ မှတ်နဲ့ ဦးဆောင်နေတဲ့အသင်းဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းဟာ ၂၈ ပွဲ ကစားရာမှာ ရှုံးပွဲမရှိစံချိန်လည်း တင်ထားပါတယ်။ ဆဲလ်တစ်အသင်းဟာ ၂၃ ပွဲ ဆက်တိုက်အနိုင်ရလိမ့်မယ်လို့လည်း ဆဲလ်တစ် တာဝန်ရှိသူတွေက ခန့်မှန်းထားပါတယ်။

ဆဲလ်တစ်နဲ့ အဘာဒင်းအသင်းတို့ ကစားခဲ့တဲ့နောက်ဆုံးပွဲမှာ ဆဲလ်တစ်က တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီဂိုးကိုတော့ ဘိုယာတာဟာ ပွဲချိန် ၅၇ မိနစ်မှာ သွင်းယူသွားခဲ့ပါတယ်။ အဘာဒင်းအသင်းဟာလည်း ငါးပွဲဆက်တိုက် အနိုင်ရခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ဆဲလ်တစ်နဲ့ ပွဲမှာ ရှုံးနိမ့်သွားတဲ့အတွက် ရမှတ် ၂၇ မှတ် ကွာဟသွားခဲ့ပါတယ်။ ဆဲလ်တစ်အသင်းဟာ ၂၀၀၄ ခုနှစ်ကတည်းက စကော့တလန် ပရီမီယာလိဂ်မှာ ပထမဆုံး ဖလားရပြီး ထိပ်တန်းအသင်းအဖြစ် ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းမှာ အဓိကကစားသမားတွေအဖြစ် မော့စ်ဆာဒမ်ဘီလီ၊ အမ်းစထရောင်းနဲ့ လိုက်ဂရစ်တို့ မပါဘဲ အဘာဒင်းအသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်ပါတယ်။

# ထပ်မံစာချုပ်ခဲ့တဲ့ ဘုန်းမောက်တိုက်စစ်မှူး

ဘုန်းမောက်တိုက်စစ်မှူး ရိုင်ယန်ဖရေဆာကို သူ့အသင်းက သုံးနှစ်ခွဲသက်တမ်းရှိတဲ့ စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ရိုင်ယန်ဖရေဆာဟာ ၂၀၂၀ ပြည့်နှစ်အထိ ဘုန်းမောက်နဲ့အတူ ကစားတော့မှာဖြစ်ပါတယ်။ အသက် ၂၂ အရွယ်ရှိ ဖရေဆာဟာ အသက် ၂၁ နှစ်အောက် စကော့တလန်အသင်းရဲ့လက်ရွေးစဉ်လည်းဖြစ်ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က စကော့တလန်ပရီမီယာလိဂ်ကလပ် အဘာဒင်းမှ ဘုန်းမောက်ကို ပြောင်းရွှေ့လာတာဖြစ်ပြီး ဘုန်းမောက်အတွက် ဩဂုတ်လအတွင်းက မကစားပေးမီ ချန်ပီယံရှစ်အသင်းဖြစ်တဲ့ အစ်ဆွစ်တောင်းအသင်းမှာ အငှားသွားရောက်ကစားနေခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက ဘုန်းမောက်အသင်းရဲ့အဓိကကစားသမားတစ်ဦးဖြစ်ကာ ပွဲပေါင်း ၁၃ ပွဲ ပါဝင်ကစားရာမှာ သုံးဂိုးသွင်းယူပေးထားပါတယ်။ ဒီရာသီမှာလည်း အသင်းရဲ့ အဓိက တောင်ပံကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြကစားနေပါတယ်။ ဘုန်းမောက်အသင်းဟာ တန်းတက်အသင်းဖြစ်ပေမယ့် လက်ရှိ ပွဲစဉ် ၂၃ ပွဲ ကစားပြီးချိန်မှာ အမှတ်ပေးဇယားရဲ့ နံပါတ် ၁၄ နေရာမှာ ရပ်တည်နေပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# အွန်လိုင်းသင်တန်းများအတွက် အောင်လက်မှတ်များ ဗြိတိသျှကောင်စီမှ အခမဲ့ပေးအပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဗြိတိသျှကောင်စီနှင့် GREAT Britain Campaign တို့က ယူကေထိပ်တန်း အွန်လိုင်းသင်ကြားရေးဝက်ဘ်ဆိုက်ဖြစ်သည့် Future Learn နှင့် ပူးပေါင်းကာ ထိုဝက်ဘ်ဆိုက်တွင် ယူကေတက္ကသိုလ်များမှ သင်ကြားပို့ချသည့် အွန်လိုင်းသင်တန်းများကို တက်ရောက်ပြီးစီးသူများအား ပုံမှန်အားဖြင့် ပေါင်စတာလင် ၃၉ မှ ၇၉ (မြန်မာငွေ ကျပ် ၆၅၀၀၀ မှ ၁၃၀၀၀၀ ခန့်)အထိ ကျသင့်မည်ဖြစ်သည့် အောင်လက်မှတ် (Certificate of Achievement)များကို အခမဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။


ဗြိတိသျှကောင်စီနှင့် GREAT Britain တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Study UK: Discover You အစီအစဉ်အရ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ပထမဆုံး တက်ရောက်အောင်မြင်ထားသူ အယောက် ၁၀၀၀၀ အား ဂုဏ်ပြုသည့်အနေဖြင့် အောင်လက်မှတ်များကို အခမဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်လက်မှတ် ရယူနိုင်ရန်အတွက် အွန်လိုင်းသင်တန်းများကို တက်ရောက်သူများမှာ ၂၀၁၇ မတ်လ မကုန်ခင်အထိ တက်ရောက်ထားသူများ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။ အောင်လက်မှတ်ရယူနိုင်မည့် သင်တန်းများမှာ စုစုပေါင်း အမျိုးအစား ၁၅၀ ကျော်ရှိပြီး အမျိုးစုံလင်သော အဆိုပါ အွန်လိုင်းသင်တန်းများကို Middlesex University Business School၊ SOAS University of London စသည့် နာမည်ကြီး ထင်ရှားသည့် တက္ကသိုလ်များမှ ပို့ချပေးနေခြင်း ဖြစ်ကာ တက်ရောက်နိုင်သည့် သင်တန်းများကို https://about.futurelearn.com/courses-eligible-study-uk-promotion/ ဝက်ဘ်ဆိုက်လိပ်စာတွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

အောင်လက်မှတ်ရယူလိုသူများ အနေဖြင့် အောင်လက်မှတ်ရရှိရန် သက်မှတ်ထားသော စံနှုန်းများနှင့်လည်း ကိုက်ညီရမည်ဖြစ်ကြောင်း သိရသည်။ သတ်မှတ်ထားသော စံနှုန်းများမှာ ၂၀၁၇ မတ် ၃၁ ရက်မတိုင်မီ အွန်လိုင်းသင်တန်းများကို အပြီးတက်ရောက်ရန်၊ ယူကေ၏ အထက်တန်းပညာရေး အဖွဲ့အစည်းများ (higher education institutions)မှ သင်ကြားပေးသော သင်တန်းများသာ ဖြစ်ရန်၊ သင်တန်း၏ ၉၀ ရာခိုင်နှုန်းကို ပြီးမြောက်ရမည်ဖြစ်ပြီး စာမေးပွဲတွင် အမှတ် ၇၀ နှင့်အထက် ရရှိရန်ဟု သတ်မှတ်ထားကြောင်း သိရသည်။

သင်တန်းပြီးမြောက်အောင်မြင်ပါက အွန်လိုင်းမှ အောင်လက်မှတ်ကို ချက်ချင်း ပရင့်ထုတ်ယူနိုင်မည်ဖြစ်ပြီး စာရွက်ဖြင့်ထုတ်ပေးမည့် printed version အောင်လက်မှတ်ကိုလည်း စာတိုက်မှ ပို့ပေးမည်ဖြစ်ကြောင်း၊ ပို့ခကိုပါ ဗြိတိသျှကောင်စီမှ ကျခံမည်ဖြစ်သောကြောင့် လုံးဝအခမဲ့ဖြစ်ကြောင်း သိရသည်။ သင်တန်းများကို တစ်ခုထက်ပို၍ တက်ရောက်ထားသူများအနေဖြင့် တစ်ဦးလျှင် အောင်လက်မှတ်တစ်ခုထက်ပို၍ ရယူနိုင်သော်လည်း သင်တန်းတက်ထားသော အခြားမိတ်ဆွေများလည်း အကျိုးရှိစေရန်အတွက် အောင်လက်မှတ် အခမဲ့ရယူနိုင်မည့် အခွင့်အရေးအကြောင်းကို မျှဝေပေးရန် ဗြိတိသျှကောင်စီမှ တိုက်တွန်းအသိပေးထားသည်။

**သူရဖြိုး**




Future Learn ဝက်ဘ်ဆိုက်တွင် ကြေညာထားသော ဖေဖော်ဝါရီ ၆ ရက်တွင်စတင်ပြီး နှစ်ပတ်ကြာ တက်ရောက်ရမည့် စီးပွားရေးဆိုင်ရာ အွန်လိုင်းသင်တန်းတစ်ခု

# ဆမ်ဆောင်း၏ နောက်ဆုံးပေါ် Gear နာရီများကို iOS နှင့် တွဲဖက်အသုံးပြုနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဆမ်ဆောင်း၏ နည်းပညာထုတ်ကုန်တစ်ခုဖြစ်သည့် Gear နာရီများမှ နောက်ဆုံးပေါ်မျိုးဆက်သစ်ထုတ်ကုန်များဖြစ်သော Gear S3၊ Gear S2 နှင့် Gear Fit2 တို့ကို ယခင်က အန်းဒရွိုက်မိုဘိုင်းဖုန်းများနှင့် တွဲဖက်အသုံးပြုနိုင်ရာမှ ယခုအခါ iOS များနှင့်ပါ စတင်တွဲဖက်ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါ Gear နာရီ မော်ဒယ်သုံးမျိုးကို သုံးစွဲသူများအနေဖြင့် Gear S2 နှင့် Gear S3 အတွက် Samsung Gear Sapp အက်ပလီကေးရှင်းကိုလည်းကောင်း၊ Gear Fit2 အတွက် Samsung Gear Fit app အက်ပလီကေးရှင်းကိုလည်းကောင်း Apple App Store တွင် ဒေါင်းလုပ်ပြုလုပ်ရယူပြီး iOS ထုတ်ကုန်များနှင့် တွဲဖက်အသုံးပြုနိုင်ပြီကြောင်း၊ သက်ဆိုင်ရာ အက်ပလီကေးရှင်းများကို ဒေါင်းလုပ်ပြုလုပ်ပြီးသောအခါ ဖုန်းနှင့် ဆမ်ဆောင်း Gear နာရီကို တွဲဖက်ချိတ်ဆက်အသုံးပြုနိုင်ရန် တစ်ဆင့်ချင်းစီ ညွှန်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"သုံးစွဲသူတွေအားလုံး အဆင်ပြေလွယ်ကူစေဖို့ ပိုမိုကောင်းမွန်တဲ့ iOS ထောက်ပံ့မှုနဲ့အတူ ဆန်းသစ်လုပနေတဲ့ ဝတ်ဆင်မှုဆိုင်ရာ နည်းပညာတွေကို ကျွန်တော်တို့ရဲ့ထုတ်ကုန်တွေမှာ ထည့်သွင်းပေးထားလိုက်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ နောက်ဆုံးပေါ် Gear ထုတ်ကုန်တွေနဲ့အတူ Android နဲ့ iOS ချိတ်ဆက်မှုတွေကို ပံ့ပိုးပေးပြီး သုံးစွဲသူတွေအနေနဲ့ Samsung Galaxy ရဲ့ ဝတ်ဆင်မှုဆိုင်ရာ အတွေ့အကြုံသစ်တွေ ရရှိစေဖို့ ရည်ရွယ်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူ ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

ဆမ်ဆောင်း Gear နာရီများကို iOS နှင့် တွဲဖက်အသုံးပြုရာတွင် ချိတ်ဆက်နိုင်သည့် iOS မှာ iOS 9.0 နှင့်အထက်ဖြစ်ပြီး ချိတ်ဆက်နိုင်သည့်ဖုန်းများမှာ iPhone 5၊ iPhone 5C၊ iPhone 6၊ iPhone 6+၊ iPhone 6S၊ iPhone 6S+၊ iPhone 7၊ iPhone 7+ နှင့် iPhone SE တို့ဖြစ်ကြောင်း၊ Gear ထုတ်ကုန်များ၏ ဝန်ဆောင်မှုနှင့် လုပ်ဆောင်ချက်များသည် သက်ဆိုင်ရာ iOS ထုတ်ကုန်များနှင့် အက်ပလီကေးရှင်းများအပေါ် မူတည်၍ ကန့်သတ်ချက်များ ရှိမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက www.samsungmobilepress.com တွင် သွားရောက် လေ့လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်ချက်နှင့် စွမ်းဆောင်ရည်များသည် ထုတ်ကုန်အလိုက် ပြောင်းလဲမှုများရှိမည်ဖြစ်သော်လည်း iOS သုံးစွဲသူများအနေဖြင့် Samsung Gear S3 ၏ GPS၊ Alti/barometer နှင့် Speedometer များ၊ အက်ပလီကေးရှင်းများကို စိတ်တိုင်းကျ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းသည် Gear S3 နာရီကို အကြမ်းခံနိုင်သော ဒီဇိုင်းဖြစ်သည့် S3 frontier နှင့် လှပသောဒီဇိုင်းဖြစ်သည့် S3 Classic ဟု နှစ်မျိုးထုတ်လုပ်ထားကာ ဘက်ထရီပိုင်းတွင် တစ်ကြိမ်အားသွင်းလျှင် လေးရက်ဆက်တိုက်သုံးစွဲနိုင်မည့် နည်းပညာများကို အသုံးပြုထားပြီး ဈေးနှုန်းမှာ ကျပ် 429000 ဖြစ်သည်။ နာရီဝတ်ဆင် သုံးစွဲသူများအနေဖြင့် နာရီတွင်ပါဝင်သော အပလီကေးရှင်းများကို အသုံးပြု၍ သွားလာလှုပ်ရှားခဲ့သော အကွာအဝေးနှင့် လမ်းကြောင်းများ၊ ပြေးလွှားမှု၊ ကယ်လိုရီလောင်ကျွမ်းမှု၊ နှလုံးခုန်နှုန်းများကို စောင့်ကြည့်နိုင်မည်ဖြစ်သည်။

**သူရဖြိုး**

# စီးပွားရေးလုပ်ငန်းသုံးဖုန်းများအတွက် မိုဘိုင်းဝန်ဆောင်မှုသစ်ကို အူရီဒူးမိတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အကြီးစားလုပ်ငန်းလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်များအတွက် ဈေးနှုန်းသက်သာသော ဖုန်းခေါ်ဆိုမှုများ ရရှိနိုင်မည့်အပြင် ဖုန်းခေါ်ဆိုမှုများကို လုပ်ငန်းလိုအပ်ချက်အလိုက် စီမံခန့်ခွဲနိုင်မည့် စီးပွားရေးလုပ်ငန်းသုံး မိုဘိုင်းဝန်ဆောင်မှုသစ်တစ်ခုကို အူရီဒူးမြန်မာက ဖေဖော်ဝါရီ ၁ ရက်က စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါ အစီအစဉ်သစ်တွင် ပါဝင်သည့် ဈေးနှုန်းသစ်များအရ ကုန်ကျစရိတ်သက်သာစေသည့် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ပိုမိုကောင်းမွန်သော ဖုန်းခေါ်ဆိုခြင်းနှင့် အင်တာနက်အသုံးပြုခြင်းတို့ကို အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်ကာ ထိုဈေးနှုန်း သစ်များကို ကြိုတင်ငွေဖြည့်စနစ်ဖြင့်လည်းကောင်း၊ လစဉ်ဘီလ်ရှင်းစနစ်ဖြင့်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူး၏ စီးပွားရေးလုပ်ငန်းသုံး မိုဘိုင်းဝန်ဆောင်မှုသည် အဆင့်မီနည်းပညာကို အသုံးပြုထားသည့်အတွက် ဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအတွက် လိုအပ်သည့် ဒေတာပမာဏကို ရာထူးအလိုက်ဖြစ်စေ အသုံးပြုမှုအဆင့်အလိုက်ဖြစ်စေ မိမိလုပ်ငန်းလိုအပ်ချက်နှင့်အညီ စီမံခန့်ခွဲမှုကိုပါ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဝန်ဆောင်မှုသည် လုပ်ငန်းအသေးအလတ်အကြီး စသည့် လုပ်ငန်းဆိုက်အားလုံးအတွက် အထူးအသုံးဝင်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများအနေဖြင့် အူရီဒူးဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခြင်း၊ အင်တာနက်အသုံးပြုခြင်းနှင့် အခြားအသုံးပြုခြင်းများအတွက် မိမိလုပ်ငန်းနှင့် ကိုက်ညီအဆင်ပြေမည့် Mobile Pack များကို ရွေးချယ်အသုံးပြုနိုင်ရန် Biz Basic, Biz light, Biz Classic, Biz Plus, Biz max နှင့် Biz Extreme စသည်ဖြင့် အမျိုးအစားစုံလင်စွာ ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။ အခြားထပ်ဆောင်းရယူနိုင်သော ဝန်ဆောင်မှုအနေဖြင့်လည်း အင်တာနက်ပက်ကေ့ချ်များ၊ နိုင်ငံတကာ ဖုန်းခေါ်ဆိုရန်အတွက် ပက်ကေ့ချ်များ၊ ပြည်ပရောက်စဉ် အသုံးပြုမှုများကိုလည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရယူနိုင်မည်ဖြစ်သည်။

အူရီဒူးမြန်မာမှ လက်ရှိဝန်ဆောင်မှုပေးထားသော စီးပွားရေးလုပ်ငန်းသုံးဝန်ဆောင်မှုကို ရယူထားသူများအနေဖြင့်လည်း ရယူထားသော ဝန်ဆောင်မှုအမျိုးအစားမှ မိမိ၏ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ဝန်ဆောင်မှုအမျိုးအစားသစ်ကို ပြောင်းလဲသုံးစွဲလိုပါက အချိန်စောင့်ဆိုင်းစရာမလိုဘဲ ဖုန်းခေါ်ဆိုအကြောင်းကြားခြင်းဖြင့် ပြောင်းလဲရယူနိုင်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် တစ်ဦးချင်းမိုဘိုင်းဝန်ဆောင်မှုများအပြင် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေကြသော ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်းသုံး ဝန်ဆောင်မှုများကိုလည်း ပေးလျက်ရှိရာ အူရီဒူး၏ စီးပွားရေးလုပ်ငန်းစုဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သော အချက်အလက်များကို http://ooredoo.com.mm ဝက်ဘ်ဆိုက်တွင် အသေးစိတ် ဝင်ရောက်လေ့လာ နိုင်ကြောင်း သိရသည်။

**သူရဖြိုး**

New Product

# ဈေးနှုန်းချိုသာတဲ့ Redmi စမတ်ဖုန်းမော်ဒယ်သစ် Redmi 4A

Redmi 4A ဟာ လက်ရှိမှာ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ နာမည်ကြီးနေတဲ့ Xiaomi ဖုန်းတွေကို စတင်လူသိများစေခဲ့တဲ့ Redmi စမတ်ဖုန်းစီးရီးစ်ရဲ့မော်ဒယ်သစ်တစ်ခုဖြစ်ပါတယ်။ Redmi စီးရီးစ်ဖုန်းတွေဟာ Xiaomi ရဲ့ တန်ဖိုးနည်း ဖုန်းစီးရီးစ်ဖြစ်သလို Redmi 4A ဟာလည်း တန်ဖိုးနည်းဖုန်းဖြစ်ပြီး အရည်အသွေးပိုင်းမှာလည်း ကောင်းမွန်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ၂၀၁၆ နိုဝင်ဘာလကတည်းက မိတ်ဆက်ခဲ့တာဖြစ်ပြီး ပြည်တွင်းကိုတော့ ဇန်နဝါရီလဆန်းတုန်းက ရောက်ရှိထားတာဖြစ်ပါတယ်။

Redmi 4A ဟာ မျက်နှာပြင်အကျယ် ၅ လက်မရှိပြီး resolution က 720x1280 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ ဆင်းကတ်နှစ်ကတ်သုံးဖြစ်ပြီး နက်ဝပ်အနေနဲ့ GSM နက်ဝပ်မှာ အသုံးပြုနိုင်ပါတယ်။ အင်တာနက်နက်ဝပ်အတွက် 4G(LTE)အထိ ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းက 6.0.1(Marshmallow)ကို အသုံးပြုထားပြီး CPU က Quad-core 1.4GHz ကို သုံးထားပါတယ်။ RAM 2GB နဲ့ အင်တာနယ်မင်မိုရီ 16GB ပါဝင်ပြီး မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင် 256GB အထိ ထပ်တိုးအသုံးပြုနိုင်လို့ မင်မိုရီပိုင်းမှာ စိတ်ကျေနပ်စရာဖြစ်ပါတယ်။ အားနည်းချက်ကတော့ မင်မိုရီကတ်ကို ဆင်းကတ်ပေါက်မှာ ထည့်သုံးရမှာဖြစ်တဲ့အတွက် မင်မိုရီကတ်စိုက်မယ်ဆိုရင် ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာ နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်ရှိလို့ အရည်အသွေး မည့်တဲ့အပြင် Geo-tagging, touch focus, face/smile detection, HDR, panorama စတဲ့ ဓာတ်ပုံကို ပိုကောင်းအောင်ရိုက်ကူးနိုင်မည့် လုပ်ဆောင်ချက်တွေ ပါဝင်ပါတယ်။ LED ဖလက်ရှ်မီးလည်း ပါဝင်ပြီး ဗီဒီယိုကိုလည်း 1080 pixels အရည်အသွေး ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ကင်မရာကလည်း ၅မဂ္ဂါပစ်ဇယ် အရည်အသွေးရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3120 mAh &SdwJh Li-Ion ဘက်ထရီကို အသုံးပြုထားလို့ စွမ်းဆောင်ရည်ကောင်းမွန်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်နဲ့ Rose-gold အရောင်နှစ်မျိုး ရနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ကျပ် ၁၁၄၀၀၀ ဖြစ်ပါတယ်။




**သူရဖြိုး**

# တယ်လီနောက Easy Bill ပရိုမိုးရှင်းကို ပြန်လည်စတင်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဗုဒ္ဓဟူးနေ့တိုင်းတွင် E-load Top up ဖြင့် အနည်းဆုံး ၁၀၀၀ ကျပ်နှင့်အထက် ငွေဖြည့်ခြင်းအတွက် ၅၀ ရာခိုင်နှုန်းအထိ ဘောနပ်စ်များရရှိမည့် Easy ဘေလ် ပရိုမိုးရှင်းကို တယ်လီနောက ဖေဖော်ဝါရီ ၁ ရက်မှစ၍ ပြန်လည်ပြုလုပ်ထားကြောင်း သိရသည်။

အပိုငွေ၏ သက်တမ်းမှာ ငွေဖြည့်သည့်ရက်မှစ၍ သုံးရက်ဖြစ်ပြီး တစ်ထောင်ကျပ်နှင့်အထက် ငွေဖြည့်ခြင်းအတွက် ၁၀ ရာခိုင်နှုန်း၊ ၃၀၀၀ ကျပ်မှ ၄၉၉၉ ကျပ်အထိ ၂၀ ရာခိုင်နှုန်း၊ ၅၀၀၀ ကျပ်မှ ၉၉၉၉ ကျပ်အထိ ၃၀ ရာခိုင်နှုန်းနှင့် ၁၀၀၀၀ ကျပ်နှင့်အထက် ငွေဖြည့်ခြင်းအတွက် ၅၀ ရာခိုင်နှုန်း ရရှိမည်ဖြစ်ကြောင်း၊ ပရိုမိုးရှင်းကာလအတွင်း သတ်မှတ်ထားသော ပမာဏအတိုင်း ကြိမ်ဖန်များစွာ ငွေဖြည့်ပါကလည်း အပိုဆုကြေး (Easy Bill Bonus)များကို တစ်စုတစ်ပေါင်းရရှိမည် ဖြစ်ကြောင်း သိရသည်။ ရရှိသည့် အပိုငွေများကို ပြည်တွင်း တယ်လီနောနံပါတ်များသို့ ဖုန်းခေါ်ဆိုခြင်းနှင့် SMS ပေးပို့ခြင်း၊ သုံးသလောက်ပေး အင်တာနက်သုံးခြင်းတို့တွင် အသုံးပြုနိုင်မည်ဖြစ်ပြီး အခြားဝန်ဆောင်မှု pack များဝယ်ယူခြင်း၊ လက်ကျန်ငွေလွှဲပြောင်းခြင်းတို့အတွက် သုံးနိုင်မည်မဟုတ်ကြောင်း သိရသည်။

**သူရဖြိုး**

# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာဒေါ်ဝင်းကြည်၊ ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်သည့်နည်းစနစ်များဖြင့် စနစ်တကျ တွက်ချက်ရေးသား ဖြေဆိုတတ်စေရန်၊ မှားတတ်သည့်အမှားများကို သတိပြု ရှောင်ကြဉ်နိုင်ကြစေရန်နှင့် စာမေးပွဲဖြေဆိုရာတွင် သတိပြုရမည့် အချက်အလက်များကို သိရှိကြစေရန်စသော ရည်ရွယ်ချက်များကို ဤစာမူတွင် ဆွေးနွေးမည်ဖြစ်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ သင်္ချာဘာသာရပ်တွင် ရာပြည့်မှတ်၊ ဂုဏ်ထူးမှတ်များ ရရှိစေရန် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော သင်ခန်းစာအားလုံးနှင့် ၎င်းတို့နှင့် သက်ဆိုင်သော ဉာဏ်စမ်းပုစ္ဆာများကိုလည်း လေ့လာထားရန် လိုအပ်ပါသည်။

ပထမဦးစွာ သင်္ချာမေးခွန်းလွှာတွင်ပါဝင်သည့် Section (A), Section (B) နှင့် Section(C) အပိုင်းအသီးသီးကို ဖြေဆိုချိန် (၃) နာရီဖြင့် ဖြေဆိုရာတွင် တစ်ပိုင်းစီအတွက် ယူသင့်သော ဖြေဆိုချိန်ကို အကြံပြုပါမည်။

Section (A) မှ multiple choice question (၁) မှတ်တန် (၂၅)ပုဒ်ကို မိနစ် (၄၀)ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (B) မှ (၃)မှတ်တန် ပုစ္ဆာ (၅)ပုဒ်ကို မိနစ် (၃၀) ခန့် အများဆုံးထား၍ လည်းကောင်း၊ Section (C) မှ (၁၀)မှတ်တန် ပုစ္ဆာ (၆) ပုဒ်ကို မိနစ် (၉၀)ခန့် အများဆုံးထား၍ လည်းကောင်း ပြီးအောင်ဖြေဆိုရန် လိုအပ်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ဖြေဆိုနိုင်မည်ဆိုပါက မိမိတို့၏ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရန် အနည်းဆုံးမိနစ် (၂၀)ခန့် အချိန်ရရှိမည်ဖြစ်ပါသည်။ ပြန်လည်စစ်ဆေးခွင့်ရရှိခြင်းသည် သင်္ချာဘာသာရပ်ဖြေဆိုမှုတွင် များစွာအထောက်အကူပြုစေပါသည်။

Section (A) မေးခွန်း No(1) မှာ multiple choice မေးခွန်း (၂၅) ပုဒ်ပါဝင်ပြီး မေးခွန်းအားလုံး ဖြေဆိုရမှာဖြစ်ပါသည်။ ဖြေဆိုသည့်အခါမှာ ပေးထားသော A, B, C, D, E အဖြေ (၅)ခုအနက် အမှန်တစ်ခုကို ရွေးပြီး A (or) B (or) C (or) D (or) E ကို မေးခွန်း No နှင့်တွဲ၍ ထင်ရှားစွာရေးပေးရမှာ ဖြစ်ပါသည်။ Capital letter A, B, C, D, E ဖြင့်သာ ဖော်ပြရမှာဖြစ်ပြီး small letter a, b, c, d, e ဖြင့် ဖော်ပြခြင်းမပြုရန်၊ အဖြေချည်းသက်သက်သာရေးချခြင်း မပြုရန် သတိထားရပါမည်။

Section (B) မှာ မေးခွန်း No (2) မှ No (6) အထိ မေးခွန်း (၅)ပုဒ် ပါဝင်ပြီး မေးခွန်းအားလုံးကို ဖြေဆိုရမှာ ဖြစ်ပါသည်။ (OR) ခံ၍ မေးထားသော မေးခွန်းမှ ကြိုက်ရာမေးခွန်း တစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါသည်။

Section (C) မှာ မေးခွန်း No (7) မှ No (15) ထိ မေးခွန်း (၉)ပုဒ် ပါဝင်ပြီး ကြိုက်ရာ(၆)ပုဒ်ကို ဖြေဆိုရမှာ ဖြစ်ပါသည်။ (၆) ပုဒ်ထက် ပို၍ဖြေဆိုထားသော အပုဒ်ပိုများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း သတိပြုရမည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော Chapter တစ်ခုချင်းအလိုက် သတိပြုရမည့် အချက်များကို ဆွေးနွေးရှင်းလင်းပါမည်။

**Chapter (1) Function** အခန်းမှာ ဖန်ရှင်ဆိုင်ရာ သင်္ကေတများ မှန်ကန်စွာ ရေးသားရန် သတိပြုရပါမည်။ ဥပမာ f နှင့် g ဖန်ရှင်နှစ်ခုအတွက် $\circ$ နှင့် composite လုပ်ပါက $(f \circ g)(x) = f(g(x))$ ဟု ရေးသားရပါမည်။ လက်ယာဘက်တွင် $f(g(x))$ ဟုရေးရမည့်အစား $f(g(x)$ (ကွင်းပိတ်လိုနေခြင်း)၊ $f((g(x))$ (ကွင်းစပိုနေခြင်း) နှင့် $f \circ (g(x))$ (circle သင်္ကေတ ပိုနေခြင်း) ပုံစံများ မရေးမိစေရန် သတိပြုရပါမည်။

ဆက်လက်၍ composite function များ၏ ပုံသေနည်းများရှာရာတွင် သတိပြုရမည့် အချက်ကို ဖော်ပြလိုပါသည်။ f နှင့် g တို့၏ composition function $f \circ g$ အတွက် $(f \circ g)(x) = \frac{2x+3}{x-2}$ ဟူ၍ တွက်ယူရရှိခဲ့ပါလျှင် ဖန်ရှင် $f \circ g$ အဓိပ္ပာယ်ရှိစေရန် $x \neq 2$ ဟူသော ကန့်သတ်ချက်ကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။

ဖန်ရှင်ဆိုင်ရာဆင်တူယိုးမှား သင်္ကေတများကိုလည်း သတိထားရမည်။ ဥပမာ ဖန်ရှင် f ၏ inverse function ကို ဖော်ပြရာ၌ သင်္ကေတ $f^{-1}$ အစား derivative သင်္ကေတ $f'$ နှင့် မှားယွင်းမရေးသားမိစေရန် သတိထားရပါမည်။

စာမေးပွဲဖြေဆိုသူများအနေဖြင့် မေးခွန်းမှ တောင်းဆိုချက်ပြည့်စုံသည်အထိ ဖြေဆိုပေးရန် လိုအပ်ပါသည်။ ဥပမာ $\odot$ သည် binary operation ဖြစ်ကြောင်း ပြလိုပါက ပေးထားသော set (ဆိုပါစို့ Set A) ထဲရှိ အစုဝင် a, b တိုင်းအတွက် $a \odot b \in A$ ဖော်ပြပြီး $\odot$ သည် binary operation ဖြစ်သည်ဟု ရေးပေးရမည်။ $\odot$ သည် binary operation မဖြစ်ကြောင်းပြလိုပါက $a \odot b$ သည် Set A ထဲတွင် မပါဝင်သည့် A ၏ အစုဝင် a နှင့် b တို့ရှိကြောင်း ဖော်ပြပြီး $\odot$ သည် binary opration မဖြစ်ပါဟု ရေးသားပေးရမည်။ သို့သော် $a \odot b$ သည် binary opration ဖြစ်သည်ဟု ရေးခဲ့လျှင် (သို့မဟုတ်) $a \odot b$ သည် binary opration မဖြစ်ပါဟုရေးခဲ့လျှင် သင်္ကေတအသုံးနှုန်း မှန်ကန်မှုမရှိကြောင်း သတိထားရမည်။

ဥပဒေသ (law) မှန်ကန်ကြောင်း သက်သေပြလိုလျှင် အစုဝင်အားလုံးအတွက် မှန်ကန်ကြောင်း ပြပေးရန်လိုအပ်ပါသည်။ ဥပမာ ပေးထားသော binary operation $\odot$ သည် commutative law နှင့် associative law များ မှန်ကန်ကြောင်း သက်သေပြလိုပါက မည်သည့်အစုဝင်တွက်မဆို ဥပဒေသ (Law) မှန်ကန်ကြောင်း သက်သေပြရန် လိုအပ်ပါသည်။ အစုဝင် အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသ မှန်ကြောင်း သက်သေပြပါက ပြည့်စုံသောအဖြေ မဟုတ်ကြောင်း သတိပြုရပါမည်။

**Chapter (2) The Remainder Theorem and The Factor Theorem** ဆိုင်ရာ ပုစ္ဆာများတွင် x ဖြင့် ပြသော ပိုလီနိုမီယယ် (polynomial in x) ကို f(x), g(x), h(x) ဟုလည်းကောင်း၊ z ဖြင့် ပြသော ပိုလီနိုမီယယ်ကို f(z), g(z), h(z) ဟုလည်းကောင်း ကိန်းရှင်၏အမည်ကို အမှီပြုပြီး ရေးသားရမည် ဖြစ်ပါသည်။

ပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုရာတွင် မေးခွန်းလွှာရှိ ပေးရင်းအချက်အလက်များနှင့် သီအိုရမ်များ၏ မှန်ကန်ချက်အဆိုများကို ဆက်စပ်တွက်ချက်တတ်ရန် လိုအပ်ပါသည်။

ဥပမာအနေဖြင့် y ဖြင့်ပြသော ပိုလီနိုမီယယ် y7 + 3y2 - 5 ကို (y + 1) ဖြင့်စားလျှင် ရရှိမည့်အကြွင်း (the remainder) ကို ရှာလိုသည်ဆိုပါစို့ ။ အောက်ပါ နမူနာ ဖြေဆိုချက်ကို လေ့လာပါ။

$$\text{Let } f(y) = y^7 + 3y^2 - 5.$$
$$\text{When } f(y) \text{ is divided by } (y + 1),$$
$$\text{the remainder} = f(-1)$$
$$\text{But } f(-1) = (-1)^7 + 3(-1)^2 - 5 = -3$$
$$\text{The remainder} = -3$$

ဤနေရာတွင် စားကြွင်းကို ဖော်ထုတ်ရေးသားပြရန် လိုအပ်ကြောင်း သတိပြုပါ။

ဒုတိယဥပမာအနေဖြင့် x ဖြင့်ပြသော ပိုလီနိုမီယယ် x2 + x – p အတွက် (x – 2) သည် ဆခွဲကိန်း (factor) တစ်ခုဖြစ်လျှင် p ကိုရှာပါဟူသော ပုစ္ဆာကို တွက်ချက်သည်ဆိုပါစို့။ နမူနာ ဖြေဆိုချက်အဖြစ်အောက်ပါဖြေဆိုချက်ကို လေ့လာပါ။

$$\text{Let } f(x) = x^2 + x - p .$$
$$\text{If } (x - 2) \text{ is a factor of } f(x), \text{ then}$$
$$f(2) = 0.$$
$$\text{But } f(2) = 2^2 + 2 - p = 6 - p.$$
$$\text{Hence } 6 - p = 0$$
$$p = 6$$

ဤတွင် $f(2) = 0$ ဟူသောအချက်ကို ထင်ထင်ရှားရှားထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

**Chapter (3) The Binomial Theorem** အခန်းမှာ ဘိုင်နိုမီယယ် အကျယ်ဖြန့်ချက် (The binomial expansion) တွင် (r + 1) ကြိမ်မြောက် ကိန်းလုံး ($(r + 1)^{th}$ term) ကို ရေးသားရာတွင် ရေးသားချက်မှားယွင်းခြင်း၊ မပြည့်စုံခြင်း မဖြစ်စေရန် သတိပြုရပါမည်။

ဥပမာအနေဖြင့် $\left(a+\frac{b}{3}\right)^5$ ၏ (r + 1) ကြိမ်မြောက် ကိန်းလုံးရေးသားရာတွင် $(r + 1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ $\left(a+\frac{b}{3}\right)^5 = {}^5C_r a^{5-r}\left(\frac{b}{3}\right)^r$ ဟူသော ရေးသားချက်မျိုးနှင့် $(r + 1)^{th}$ term of $\left(a+\frac{b}{3}\right)^5 = {}^5C_r a^{5-r} \frac{b}{3}^r$ ဟူ၍ $\frac{b}{3}$ ကို ကွင်းမခတ်ဘဲ ရေးသားဖော်ပြခြင်းမျိုးမဖြစ်စေရန် ဂရုပြုရမည်ဖြစ်ပါသည်။ $(r + 1)^{th}$ term of $\left(a+\frac{b}{3}\right)^5 = {}^5C_r a^{5-r}\left(\frac{b}{3}\right)^r$ ဟု မှန်ကန်ပြည့်စုံစွာ ရေးသားရန် လိုအပ်ပါသည်။

ဘိုင်နိုမီယယ်အကျယ်ဖြန့်ချက်တွင် မေးခွန်းမှ တောင်းဆိုချက်ကို သတိထားရပါမည်။ ဘိုင်နိုမီယယ် အကျယ်ဖြန့်ချက်တွင် ပထမကိန်းသုံးလုံး (the first three terms) ကို ရှာခိုင်းပါက အကျယ်ဖြန့်ချက်တွင် နောက်ထပ်ကိန်းလုံးများကျန်သည်ကို ကိုယ်စားပြုဖော်ပြရန် မျဉ်းစက် … ထည့်သွင်းပြီး အောက်ပါကဲ့သို့ ဖြေဆိုနိုင်သည်။

ဥပမာ $(1+2x)^5 = 1^5 + 5(1)^4 (2x) + 10(1)^3 (2x)^2 + \ldots$

ဤတွင် မျဉ်းစက် … ထည့်၍ ဖြေဆိုရန် လိုအပ်ကြောင်း သတိပြုပါ။ အကယ်၍ ပထမ ကိန်းသုံးလုံးကိုသာ ဖော်ပြလိုပါက

the first 3 terms of $(1+2x)^5 = 1^5 + 5(1)^4 (2x) + 10(1)^3 (2x)^2$

ဟူ၍ အစက်ထည့်မရေးဘဲ ဖြေဆိုရမည်။

ဆက်လက်၍ သတိပြုရမည့်အချက်မှာ မေးခွန်းလွှာတွင် တောင်းဆိုထားသော အဖြေကို အတိအကျဖော်ပြရန်ဖြစ်သည်။ အကယ်၍ $x^2$ ၏ မြှောက်ဖော်ကိန်း (the coefficient of $x^2$)ဟုတောင်းဆိုပါက $x^2$မပါဘဲမြှောက်ဖော်ကိန်းချည်းသက်သက်ကို ဖြေဆိုရန်နှင့် $x^2$ ပါသောကိန်း (the term in $x^2$) ဟု တောင်းဆိုပါက $x^2$ ကိုပါ ထည့်၍ဖြေဆိုရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ $(1+2x)^5$ ၏ အကျယ်ဖွင့်ချက်မှာ

$$(1+2x)^5 = 1^5 + 5(1)^4 (2x) + 10(1)^3 (2x)^2 + \ldots$$
$$= 1 + 10x + 40x^2 + \ldots$$

ဖြစ်သည့်အတွက် $x^2$ ၏ မြှောက်ဖော်ကိန်း (The coefficient of $x^2$) မှာ 40 ဖြစ်ပြီး $x^2$ ပါသောကိန်း (The term in $x^2$) မှာ $40x^2$ ဖြစ်သည်။

**Chapter (4) Inequation** အခန်းမှာ $x^2$ ပါသော မညီမျှခြင်း (quadratic inequation) ကို ဖြေရှင်းရာ၌ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော တွက်နည်းဖြင့်သာ တွက်ရမည်ဖြစ်ပါသည်။ ဥပမာ algebraic method ဖြင့် တွက်ပါဟူသော ပုစ္ဆာကို graphical method ဖြင့် ဖြေဆိုခြင်းမပြုနိုင်ကြောင်း သတိပြုပါ။ Algebraic method ဖြင့်တွက်ရာတွင် and နှင့် or အသုံးနှုန်းများလွဲမှားမှု မရှိစေရန် သတိထားရပါမည်။ အနုတ်လက္ခဏာပါသော ကိန်းများဖြင့် ဖြေရှင်းလျှင် ကွင်းများ ခတ်၍ မှန်ကန်စွာဖြေရှင်းဖို့လိုအပ်ပါသည်။ Graphical method ဖြင့်တွက်ရာတွင် XY-coordinate plane ထဲ၌ သင့်တော်သော graph ကို မျဉ်းဖြောင့် အသုံးမပြုဘဲ မျဉ်းကွေးဖြင့်သာ မှန်ကန်သောဖြတ်မှတ်များကိုဖြတ်၍ ဆွဲရမည်။

**Chapter (5) Sequences and Series** အခန်း၌ အဓိကသိထားရမည့်အချက်မှာ A.P. နှင့် G.P. တို့၏ n ကြိမ်မြောက်ကိန်း $u_n$ နှင့် ကိန်းလုံးရေ n အထိ ပေါင်းလဒ် $S_n$ ပုံသေနည်းများ ဖြစ်သည်။ ပေါင်းရမည့်ကိန်းလုံးအရေတွက်နှင့် သက်ဆိုင်သော သင်္ကေတကိုသာ အသုံးပြုရမည်။ ဥပမာ The sum of the first 8 terms of an A.P. ကို $S_8=\frac{8}{2}\left\{2a+(8-1)d\right\}$ အစား $S_n=\frac{8}{2}\left\{2a+(8-1)d\right\}$ ဟုရေးလျှင် မှန်ကန်မှု မရှိပေ။ ထိုနည်းတူ the sum to infinity of a G.P. ကို သင်္ကေတ S အစား $S_n$, $S_\infty$ များဖြင့် မှားယွင်းမရေးမိစေရန် သတိထားရမည်။

**Chapter (6) Matrices** အခန်း၌ မေတြစ်ညီမျှခြင်းများ ပေးထားပြီး မသိကိန်းရှာခိုင်းသော ပုစ္ဆာများတွင် Equality of matrices မှ ရရှိလာသော တစ်ပြိုင်နက်ညီမျှခြင်း (simultaneous equation) အားလုံးကို အသုံးချ၍ အဖြေကို ရယူရမည် ဖြစ်ပါသည်။

ဥပမာအနေဖြင့် $\begin{pmatrix} x^2 & y \\ x & y^2 \end{pmatrix} = \begin{pmatrix} 1 & -1 \\ 1 & 1 \end{pmatrix}$ ကို ရှင်းရာတွင်

$x^2 = 1$, $y = -1$, $x = 1$, $y^2 = 1$ ဟူသော ညီမျှခြင်းလေးခုလုံး တစ်ပြိုင်နက်မှန်စေသည့် အဖြေသည် $x = 1$, $y = -1$ ဖြစ်ကြောင်း တွေ့နိုင်သည်။

သင်္ကေတများသုံးရာတွင်လည်း additive inverse of matrix A ကို -A, multiplicative inverse of matrix A ကို $A^{-1}$ နှင့် transpose of matrix A ကို $A'$ ဟု မှန်ကန်စွာရေးသားရန် ဖြစ်ပါသည်။

**Chapter (7) Introduction to Probability** အခန်းတွင် ဖြစ်ရပ် (event) တစ်ခု A ၏ ဖြစ်နိုင်စွမ်း (Probability of an event A), P(A) ရဲ့ တန်ဖိုးက $0 \leq P(A) \leq 1$ ဖြစ်သည်ကိုမှတ်သားထားရမည်။ ကျပန်းလုပ်ဆောင်ချက် (Random experiment) တစ်ခုမှ ထွက်ပေါ်လာနိုင်သော ဖြစ်ရပ်များသည် တစ်ပြိုင်နက် မဖြစ်နိုင်လျှင် ၎င်းဖြစ်ရပ်များကို mutually exclusive event များဟုခေါ်သည်။ Mutually exclusive event A နှင့် B အတွက် Probability တန်ဖိုးမှာ P(A or B) = P(A) + P(B) ဖြစ်သည်။

အကယ်၍ Random experiment တစ်ခုမှ ထွက်ပေါ်လာနိုင်သော ဖြစ်ရပ်များသည် တစ်ခုပေါ်တစ်ခု အမှီခိုကင်းစွာ ဖြစ်ပေါ်နိုင်လျှင် ၎င်းဖြစ်ရပ်များကို Independent events ဟုခေါ်သည်။ Independent event A နှင့် B အတွက် Probability တန်ဖိုးမှာ P(A and B) = P(A) x P(B) ဖြစ်သည်။ ယခုဖော်ပြခဲ့သော mutually exclusive events နှင့် Independent events တို့၏ Probability ရှာသော ပုံသေနည်းများကို မရောထွေးရန် သတိထားရပါမည်။

**Chapter (8) Circles** နှင့် **Chapter (9) Areas of Similar Triangles** အခန်းတွင်ပါဝင်သော geometry ပုစ္ဆာများ ဖြေဆိုရာတွင် ပုံများ မှန်ကန်အောင် ဆွဲသား၍ ရေးသားဖြေဆိုရန် လိုအပ်ပါသည်။ ဖြေဆိုချက်တွင် ထည့်သွင်းဖြေဆိုထားသော အနား၊ ထောင့် အညွှန်းများကို ပုံထဲတွင် မဖြည့်ထားမိပါက အဖြေမှန်ဟု ယူဆမည်မဟုတ်ကြောင်း သိကြရပါမည်။

Areas of Similar Triangles အခန်းတွင် သဏ္ဍာန်တူခြင်း (Similarity သင်္ကေတ ~) နှင့် ထပ်တူညီခြင်း (congruence သင်္ကေတ ≅ ) တို့ကို လွဲမှားမရေးမိစေရန် သတိပြုရပါမည်။

**Chapter (10) Introduction to Vector and Transformation Geometry** အခန်းမှ Vector ပုစ္ဆာများ ဖြေဆိုရာတွင် Vector သင်္ကေတမြှား (→) မကျန်စေရန်နှင့် ပုံတွင်မြှားခေါင်းများ မှန်ကန်စွာဖြည့်စွက်ရန် သတိပြုရပါမည်။ Transformation Geometry ဆိုင်ရာ matrix များဖြစ်သည့် reflection matrix, translation matrix နှင့် rotation matrix များကိုလည်း မှန်ကန်စွာ ဖော်ပြနိုင်ရမည်။

**Chapter (11) Trigonometry** ပုစ္ဆာများ ဖြေရှင်းရာတွင် လိုအပ်သော ပုံများကို မှန်ကန်စွာ ဆွဲသား၍ Logarithm ဇယားသုံးတွက်ချက်ရန် လိုအပ်ပါက ထိုဇယားသုံးတွက်ချက်မှုများကိုပါ ထည့်သွင်းဖြေဆိုပေးရန် လိုအပ်ပါသည်။ ထောင့်များဆိုင်ရာ ပုံသေနည်းများ (Formula) နှင့် ဥပဒေသ (Law) များကိုလည်း မှန်ကန်စွာကျက်မှတ်ထားရန်လိုအပ်ပါသည်။

**Chapter (12) Calculus** သင်ခန်းစာ၏ limit ရှာသော ပုစ္ဆာများတွင် ရေးသားချက်များ မှန်ကန်ရန် သတိပြုရပါမည်။ ဥပမာ

Find the limit of $f(x)=\frac{x^2-2x}{x^2-4}$ when $x \to 3$ ပုစ္ဆာရဲ့ နမူနာဖြေဆိုချက်ကို ကြည့်ပါမည်။

$$\lim_{x\to 3} \frac{x^2-2x}{x^2-4} = \lim_{x\to 3} \frac{x(x-2)}{(x+2)(x-2)}$$
$$= \lim_{x\to 3} \frac{x}{x+2}$$
$$= \frac{3}{3+2}$$
$$= \frac{3}{5}$$

ဒီနေရာမှာ $\lim_{x\to 3} \frac{x}{(x+2)} = \frac{3}{3+2}$ ဟု ရေးရမည့်အစား $\lim_{x\to 3} \frac{x}{(x+2)} = \lim_{x\to 3} \frac{3}{(3+2)}$ ဟု မရေးမိစေရန် နှင့် ညီမျှခြင်းသင်္ကေတများ ကျန်ခဲ့ခြင်းမရှိစေရန် သတိထားရပါမည်။ Derivative သင်္ကေတ $\frac{dy}{dx}$ အစား $\frac{\delta y}{\delta x}$ ဟု မရေးမိစေရန်၊ ကိန်းရှင် y နှင့် x တို့၏ သေးငယ်သော ပြောင်းလဲမှုကိုဖော်ပြသော $\delta y$, $\delta x$ အစား dy, dx ဟု မရေးမိစေရန် သတိထားရပါမည်။

စာဖြေသူအားလုံးအတွက် အကျဉ်းချုပ်မှာကြားလိုသည်မှာ

- ❖ ဖြေဆိုချက်ပြန်လည်စစ်ဆေးချိန် အနည်းဆုံး မိနစ် (၂၀) ရရှိအောင် လေ့ကျင့်ရန်၊
- ❖ သင်္ချာသင်္ကေတများကို မှန်မှန်ကန်ကန်သုံးစွဲရန်၊
- ❖ အရေးကြီးသော၊ မပါမဖြစ်သော အဆင့်များကို မကျော်ဘဲ ပြည့်ပြည့်စုံစုံတွက်ချက်ရန်၊
- ❖ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော တွက်နည်းဖြင့်သာ တွက်ချက်ရန်၊
- ❖ ပြဋ္ဌာန်းစာအုပ်အခန်း (၁၂)ခန်းလုံးတွင် ပါဝင်သည့် မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန်တို့ ဖြစ်ပါသည်။

ယခုဆွေးနွေးခဲ့သော အကြံပြုချက်များကို လိုက်နာခြင်းဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူအားလုံး ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် ထူးထူးချွန်ချွန် အောင်မြင်မှုရရှိနိုင်ရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# နေပြည်တော် ခုတင် ၁၀၀၀ နဲ့ ကျွန်တော်

**အောင်ကိုသွင်**

ငယ်စဉ်ကတည်းက ဆေးရုံ၊ ဆေးခန်းအနံ့ကို ကြောက်တတ်တဲ့ ကျွန်တော် ဆရာဝန်နဲ့အိမ်ထောင်ကျခဲ့တယ်။ သူသည် ဝန်ထမ်းတစ်ဦးလည်း ဖြစ်သည်မို့ မြန်မာပြည်တစ်ဝန်းသူတာဝန်ကျရာ ဆေးရုံများနဲ့ မလွဲသာ၊ မရှောင်သာ ဖူးစာဆုံခဲ့ရတယ်။ အိမ်ထောင်သက် နှစ် ၃၀ ရလာပေမယ့် ဆေးရုံ၊ ဆေးခန်းအနံ့ကို ရွံ့ကြောက်ဆဲ ကျွန်တော်။ ၂၀၁၄ ခုနှစ်မှာ နေပြည်တော် ခုတင် ၁၀၀၀ နဲ့ ပထမအကြိမ် ဖူးစာဆုံခဲ့ကြပြန်ပါရော။

**ဒီအချိန်မှာ ကျွန်တော်က လူနာ...။**

၂၀၁၄ ခုနှစ် ဇူလိုင်လဆန်း။ ရင်ဘတ်အောင့်သလိုလိုမို့ ECG ရိုက်တော့ နှလုံးသွေးကြောကျဉ်းသတဲ့။ အလုပ်အကိုင်လည်းမပျက်၊ မောပန်းတာလည်းမရှိမို့ ဆေးသောက်နေဦးမယ်ဆိုပြီး ဆေးလေးသောက်နေရာက တစ်ညမှာ ရင်ဘတ်က အောင့်လာတယ်။ တစ်ရက်ခြားပြီး ရင်ဘတ်က တော်တော်အောင့်လာပြန်တယ်။ ဒါနဲ့မဖြစ်ချေဘူးဆိုပြီး ဇူလိုင်လပထမပတ်အတွင်းမှာပဲ နီးစပ်ရာ နေပြည်တော် ခုတင် ၁၀၀၀ ကို ရောက်လာ။ ပထမတော့ နှလုံးအထူးကုသမားတော်ပြ၊ အိမ်ပြန်ရမယ် ထင်တာ။ မဟုတ်ဘူးခင်ဗျ။

သမားတော် စစ်ဆေးစမ်းသပ်ပြီးချိန်မှာ လမ်းမလျှောက်ရ ဆိုပြီး တွန်းလှည်းကုလားထိုင်နဲ့ နှလုံးကြပ်မတ်ကုသဆောင်ထဲ တန်းပို့တယ်။ မလှုပ်ရှားရ၊ ဝမ်းသွားရင်တောင် အိပ်ရာပေါ်အိုးနဲ့သွားပါ။ ညနေကြီးလာချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် မကောင်းတောင် မဆိုးဘူးထင်နေတဲ့ကျွန်တော်၊ နည်းနည်းကြောက်သွားပြီ။ လိုအပ်တဲ့ကုသမှုကို ခုတင် ၁၀၀၀ မှာ ရှစ်ရက်ကြာ ကုသမှုခံယူပြီး မန္တလေးပြေး၊ ဆက်လက်စစ်ဆေးတော့ အဓိကကျတဲ့ နှလုံးသွေးကြောကြီးတစ်ချောင်းအရင်းက လုံးဝပိတ်နေလို့ နှလုံးသွေးကြောထောက် (stent) ထည့်ကုသခဲ့ရတယ် ခင်ဗျ။ ယနေ့အချိန်မှာ ထိုစဉ်ကာလကို ပြန်စဉ်းစားရင် ခုတင် ၁၀၀၀ ရဲ့ ရှေးဦးကုသစောင့်ရှောက်မှုကြောင့်သာ ငါအသက်ရှင်နေတာလို့ ပြန်ဆင်ခြင် ပြန်ကျေးဇူးတင်။ ဟော- ယခု ၂၀၁၇ ဇန်နဝါရီလမှာပဲ ခုတင် ၁၀၀၀ နဲ့ ဖူးစာဆုံကြရပြန်တယ်။ ဒီအကြိမ်မှာတော့ ကျွန်တော်က လူနာစောင့်။

ဇန်နဝါရီလ ဒုတိယပတ်ထဲမှာ ဇနီးသည် ဇက်ကြောတက်ခေါင်းကိုက်နေရာက ဖြုန်းဆို တစ်မနက် လမ်းမလျှောက်နိုင်၊ စကားမပြောနိုင်ဖြစ်သွားတယ်။ ဆီးချို၊ သွေးတိုးလည်းအခံရှိ၊ လေဖြတ်တာနေမှာပဲဆိုပြီး ထုံးစံပေါ့ခင်ဗျာ။ ခုတင် ၁၀၀၀ ဆီ ပြေးပြန်တာပေါ့။ ဆေးရုံက သမားတော်ကြီးတွေနဲ့တွေ့တော့ လေဖြတ်တာမဟုတ်၊ ဦးနှောက်အမြှေးရောင်တာတဲ့။ အရေးပေါ်အခြေအနေမို့ အထူးကြပ်မတ် ကုသဆောင်သို့ပို့၊ အဲ့အခန်းရောက်တာနဲ့ ၂၄ နာရီ စောင့်ကြည့်၊ ထိန်းညှိဖို့ မိုနီတာစက်တွေတပ်၊ အသက်ရှူကူတဲ့ ပြွန်ထည့်၊ ဆေးသွင်းတာလည်း တစ်ချိန်တည်းသုံး၊ လေးလိုင်း။ နိုင်ငံခြား ဆေးကုသွားဖူးတဲ့ မိတ်ဆွေများက ဇနီးသည်လာကြည့်ရင်း ပြောကြတာက အထူးကြပ်မတ်ကုသဆောင်၏ စက်များတပ်ဆင်ပုံ၊ ကွန်ရက်ချိတ်ဆက်ထားပုံများသည် နိုင်ငံခြားစံချိန်မီသတဲ့။

အရေးပေါ်ကုသမှုတွေပေးနေရင်း သွေးစစ်၊ ဆေးစစ်၊ ခြင်ဆီစစ်၊ သံလိုက်ပုံရိပ်ဖော်ရိုက်။ အဖြေတွေ အားလုံးအရလည်း သမားတော်ကြီးများရဲ့ သုံးသပ်ချက်က အမှန်၊ ဆုံးဖြတ်ခဲ့တာအမှန်။ အဖြေတွေမရမီက ပေးထားတဲ့ ကုထုံးတွေမှန်လို့သာ၊ မြန်လို့သာ ဇနီးသည်အသက်ရှင်ခွင့်ရ။ ယနေ့အချိန်တိုင် ဆေးကုသမှု ခံယူနေရဆဲဖြစ်သော်ငြား အများကြီးတိုးတက်လာပါပြီ။ အများကြီးသက်သာလာပါပြီ။ အမှန်ဆို ဒီဆေးရုံကြီးက ကျွန်တော့်အသက်၊ ဇနီးသည်အသက်သာမက မိသားစုသောကတွေကိုပါ ပြေပျောက်စေခဲ့တာပါ။ ကျွန်တော်နေကောင်းလာချိန် ဇနီးနဲ့သားသမီးသောကဝေဒနာက ကင်းစင်ခဲ့ကြတယ်။ ယခု ဇနီးသည် ဝေဒနာသက်သာလာချိန် ကျွန်တော်၊ သားနဲ့သမီးရဲ့ ပူပန်မှုတွေ လျော့ပါးသွားခဲ့ပြီ။ ဟုတ်ပါတယ်ခင်ဗျာ။ လူတစ်ဦး ရောဂါဝေဒနာခံစားရပြီဆို လူနာက ရောဂါဝေဒနာခံစားရ၊ လူနာရှင်မိသားစုများမှာ သောကဝေဒနာများနဲ့ ကိုယ်စိတ်နှလုံးညှိုးနွမ်းရ။ လူနာဝေဒနာသက်သာလာရင် လူနာရှင်များမှာလည်း ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းမှု လျော့လာပါတယ်။ လူနာတစ်ယောက်ကို ပြုစု ကုသတာ မိသားစုတစ်ခုကို စောင့်ရှောက်ခြင်းလို့ တွေးမြင်ဆင်ခြင်မိပါတယ်။

**ဒါတွေအပြင် သွေးလိုအပ်ခဲ့ရင်လည်း အလွယ်တကူ။ ကျန်တဲ့ CT ရိုက်တာ၊ MRI ရိုက်တာ၊ EEG ရိုက်တာ၊ သွေးစစ်၊ ဆီးစစ်တာတွေကလည်း အဆင်ပြေလွယ်ကူ။ ကုန်ကျစရိတ်မှာလည်း တော်တော်သက်သာတယ် ခင်ဗျ။ ရှိတဲ့ဆေးမှုန်သမျှ အကုန်ထုတ်ပေးလေတော့ မရှိတဲ့ဆေး အနည်းငယ်သာ ဝယ်ရ။ ကျွန်တော်တော့ ကျေနပ်ပါတယ်ခင်ဗျ။**

ဒီတစ်ကြိမ် ဆေးရုံမှာ ရက်ကလည်းကြာ၊ လူနာစောင့်ရင်း နီးစပ်ရာလူနာဆောင်တွေ လှမ်းကြည့်တော့ အဆောင်တိုင်းမှာ လူနာအပြည့်။ အထူးကြပ်မတ်ကုသဆောင်နဲ့ ခွဲစိတ်ခန်းမကြီးကလည်း တွဲလျက်ရှိတာမို့ ခွဲစိတ်ရက်တွေမှာလည်း သူ့လူနာ၊ ကိုယ့် လူနာနဲ့ အပြည့်။

ဒီအနီးတစ်ဝိုက်က လူတွေအတွက်တော့ တကယ့်ကို အားကိုးအားထားပြုကြတာ တွေ့ရပါတယ်။ အထူးကြပ်မတ်ကုသဆောင်ထဲ နှစ်ပတ်ကျော်လာချိန် ကျွန်တော် တစ်ခု သတိပြုမိလာတယ်။ ဘယ်လူနာကိုမှ သူတို့ပစ်မထားဘူး။ သူတို့လွယ်လွယ်လက်မလျှော့ကြဘူး။ ဘေးအခန်းကလူက ညဦးပိုင်းတစ်ခုမှာ ဆုံးပါးသွားတယ်။ တစ်နေ့လုံး သူတို့မနေမနား ကြိုးစားကြတယ်။ သွေးတောင်နှစ်လုံးသွင်းတယ်။ ရင်ဘတ်ကို ပုတ်နေလိုက်ကြတာလည်း တစ်ယောက်တစ်လှည့် ဆုံးပါးနိုင်ခြေများနေပေမယ့် သူတို့လွယ်လွယ် လက်မလျှော့ခဲ့ပါ။ မိဘမဲ့ကျောင်းမှ ကလေးတစ်ဦး ရောက်လာတယ်။ သူ့အပေါ်လည်း မိဘမဲ့ကလေးမို့ကို ကြင်နာကြ၊ နွေးထွေးကြတယ်။ နောက်ဆုံး ကျွန်တော်ရှိနေချိန်မှာ နေရပ်လိပ်စာမသိတဲ့ picked up လို့ သူတို့ခေါ်ကြတဲ့ စွန့်ပစ်ခံလူနာတစ်ဦး ရောက်လာတယ်။ ငွေကြေးမပြောနဲ့၊ လူနာရှင်ကိုပါမလာတာမျိုးပေါ့။ ဒီလူနာကိုလည်း သူတို့ညည်းညူမိကြပေမယ့် လိုအပ်သမျှတော့ မငြိုမငြင် လုပ်ပေးခဲ့ကြတာပဲ။ ဒါတွေအပြင် သွေးလိုအပ်ခဲ့ရင်လည်း အလွယ်တကူ။ ကျန်တဲ့ CT ရိုက်တာ၊ MRI ရိုက်တာ၊ EEG ရိုက်တာ၊ သွေးစစ်၊ ဆီးစစ်တာတွေကလည်း အဆင်ပြေလွယ်ကူ၊ ကုန်ကျစရိတ်မှာလည်း တော်တော်သက်သာတယ်ခင်ဗျ။ ရှိတဲ့ဆေးမှန်သမျှ အကုန်ထုတ်ပေးလေတော့ မရှိတဲ့ဆေး အနည်းငယ်သာ ဝယ်ရ၊ ကျွန်တော်တော့ ကျေနပ်ပါတယ်ခင်ဗျ။ ကျန်းမာရေးအာမခံမရှိတာ၊ ငွေကြေးတစ်ပြားတစ်ကျပ်မှ အာမခံကြေး သွင်းမထားတာ။ အာမခံကြေးသွင်းထားသည်ရှိစေဦး။ အလုံးစုံ၊ အကုန်လုံးအလကားမှ မရနိုင်တာ။ ဒီအတွက်လည်း ကျေနပ်ဖွယ်ရာ။

ကျွန်တော်က နေပြည်တော်ဆေးရုံကြီး၏ CCU ဆိုတဲ့ နှလုံးကြပ်မတ်ကုသဆောင်မှာတက်ခဲ့ရပြီး ပြန်လည်ကျန်းမာလာသလို ဇနီးသည် သည်လည်း ICU ဆိုတဲ့ အထူးကြပ်မတ်ကုသဆောင်မှာ တက်ရောက်ကုသပြီး ပြန်လည်ကျန်းမာစပြုလာပါပြီ။ ဆေးရုံကြီး၏ အုပ်ချုပ်မှု၊ ကုသမှု၊ စောင့်ရှောက်မှု၊ ထောက်ပံ့မှုများပြည့်စုံကောင်းမွန်မှုများသည် အဓိက၊ ပဓာနအရေးပါလှပါတယ်။

ကျွန်တော်ကတော့ နေပြည်တော်ဆေးရုံကြီး ကုသမှု၊ စောင့်ရှောက်မှု၊ အထောက်အကူ စက်ကိရိယာတပ်ဆင်ထားမှုများ ပြည့်စုံကောင်းမွန်ကြောင်း၊ ကြော်ငြာလိုက်ပါပြီ။ ဒီကြော်ငြာကြောင့် နေပြည်တော်ဆေးရုံကြီးမှာ လူနာတွေ ပို၊ တာဝန်တွေပို၊ အလုပ်တွေပို လာရင်လည်း ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနဲ့ ဆရာမကြီးများက လိုလားနှစ်သက်စွာ လက်ခံကုသမှုပေးနေမည်ဟုသာ ကျွန်တော် ယုံကြည်ယူဆမိကြောင်းပါ။

နေပြည်တော်ဆေးရုံကြီးကိုဖြင့် ကျေးဇူးအထူးပါခင်ဗျား။

## ဝတ်စားဆင်ယင်မှု(သတို့သမီးဝတ်စုံ) ပြပွဲအခမ်းအနား မန္တလေး၌ ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၃**

Maritine Entertainment နှင့် မန္တလေး Oriental House တို့ ပူးပေါင်းကျင်းပသည့် ဒီဇိုင်နာ အံ့ဘုန်းခေါင်၏ သတို့သမီးဝတ်စုံနှင့် မြန်မာအမျိုးသမီးဝတ်စားဆင်ယင်မှု ၂၀၁၇ နှစ်ဦးလူငယ်တို့၏ စုပေါင်းဖန်တီးမှုလက်ရာများနှင့် Super Model International Myanmar ၂၀၁၇ မှ Super Model လေးများ ဝတ်စားဆင်ယင်ပြသသည့် Bridge Grooming Fashion Show ကို ဇန်နဝါရီ ၃၁ ရက်က မန္တလေးမြို့ အိုရီယမ်တယ်ဟောက်၌ ကျင်းပသည်။

အခမ်းအနားတွင် တေးသံရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ သတို့သမီးဝတ်စုံခြောက်ဦး၊ Evening Gown Show ငါးဦး၊ စိတ်ကြိုက် Fashion Show ၁၁ ဦး၊ Wedding Gown Show ၁၁ ဦး၊ စိတ်ကြိုက် Fashion Show ၁၁ ဦးတို့က သတို့သမီးဝတ် မြန်မာဝတ်စုံအပါအဝင် ဝတ်ဆင်ပြသသည်။

ယင်းပြပွဲတွင် မော်ဒယ်များ လှပစွာဝတ်စား ဆင်ယင်မှု၊ ဝတ်စုံများ၏လှပမှုကြောင့် ပရိသတ်များ အထူးနှစ်ခြိုက်ကြသည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်ရှိ အောက်ဖော်ပြပါ မြေနေရာများအား မြေငှားစာချုပ်(အသစ်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | စဉ် | အမည် | မှတ်ပုံတင်အမှတ် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဦးမြသက်နိုင် | ၅/မရန(နိုင်)၁၈၀၆၃၃ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၁၁ | ၀.၁၁၀ | ၂၀ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၃ | ၀.၁၁၀ |
| ၂ | ဦးမြသက်နိုင် | ၅/မရန(နိုင်)၁၈၀၆၃၃ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၉ | ၀.၁၁၀ | ၂၁ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ခ-၁၁ | ၀.၁၁၀ |
| ၃ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၅ | ၀.၁၁၀ | ၂၂ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၇ | ၀.၁၁၀ |
| ၄ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၁ | ၀.၁၁၀ | ၂၃ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၆ | ၀.၁၁၀ |
| ၅ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဃ-၉ | ၀.၁၁၀ | ၂၄ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၂ | ၀.၁၁၀ |
| ၆ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဃ-၈ | ၀.၁၁၀ | ၂၅ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဋ-၄ | ၀.၁၁၀ |
| ၇ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဃ-၇ | ၀.၁၁၀ | ၂၆ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဋ-၃ | ၀.၁၁၀ |
| ၈ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဃ-၁၂ | ၀.၁၁၀ | ၂၇ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဋ-၂ | ၀.၁၁၀ |
| ၉ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဃ-၁၀ | ၀.၁၁၀ | ၂၈ | ဦးတင်ဖေ | ၅/မရန(နိုင်)၀၁၉၀၈၅ | ၆၆၈၊ ကြိုးဆွဲကွင်း | ည-၃ | ၀.၁၁၀ |
| ၁၀ | ဦးတင်ထွန်းမောင် | ၅/မရန(နိုင်)၀၁၇၁၂၃ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၄ | ၀.၁၁၀ | ၂၉ | ဦးတင်ဖေ | ၅/မရန(နိုင်)၀၁၉၀၈၅ | ၆၆၈၊ ကြိုးဆွဲကွင်း | ပ-၆ | ၀.၁၁၀ |
| ၁၁ | ဦးခင်မောင်ရင် | ၅/မရန(နိုင်)၀၅၁၅၉၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ည-၄ | ၀.၁၁၀ | ၃၀ | ဦးတင်ဖေ | ၅/မရန(နိုင်)၀၁၉၀၈၅ | ၆၆၈၊ ကြိုးဆွဲကွင်း | ပ-၅ | ၀.၁၁၀ |
| ၁၂ | ဦးခင်မောင်ရင် | ၅/မရန(နိုင်)၀၅၁၅၉၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ခ-၁၀ | ၀.၁၁၀ | ၃၁ | ဦးတင်ဖေ | ၅/မရန(နိုင်)၀၁၉၀၈၅ | ၆၆၈၊ ကြိုးဆွဲကွင်း | ပ-၇ | ၀.၁၁၀ |
| ၁၃ | ဦးခင်မောင်ရင် | ၅/မရန(နိုင်)၀၅၁၅၉၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ည-၁၄ | ၀.၁၁၀ | ၃၂ | ဦးသန်းမောင် | ၅/စကန(နိုင်)၀၀၇၀၁၄ | ၆၆၈၊ ကြိုးဆွဲကွင်း | ဈ-၁၁ | ၀.၁၁၀ |
| ၁၄ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဋ-၁ | ၀.၁၁၀ | ၃၃ | ဦးသန်းမောင် | ၅/စကန(နိုင်)၀၀၇၀၁၄ | ၆၆၈၊ ကြိုးဆွဲကွင်း | ည-၁ | ၀.၁၁၀ |
| ၁၅ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၁၀ | ၀.၁၁၀ | ၃၄ | ဦးဘိုဝင်း | AYW-၀၄၃၂၃၇ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၅ | ၀.၁၁၀ |
| ၁၆ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၁၄ | ၀.၁၁၀ | ၃၅ | ဦးဘိုဝင်း | AYW-၀၄၃၂၃၇ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၇ | ၀.၁၁၀ |
| ၁၇ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၁၅ | ၀.၁၁၀ | ၃၆ | ဦးဘိုဝင်း | AYW-၀၄၃၂၃၇ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၈ | ၀.၁၁၀ |
| ၁၈ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၁၈ | ၀.၁၁၀ | ၃၇ | ဦးဘိုဝင်း | AYW-၀၄၃၂၃၇ | ၆၆၈၊ ကြိုးဆွဲကွင်း | င-၆ | ၀.၁၁၀ |
| ၁၉ | ဦးကျန် | ၅/မရန(နိုင်)၀၈၃၁၆၆ | ၆၆၈၊ ကြိုးဆွဲကွင်း | ဌ-၈ | ၀.၁၁၀ | | | | | | |

**ကော်လိတ္တော်အရာရှိ (မုံရွာခရိုင်)**

## အိတ်ဖွင့်လေလံခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ မြို့ဆိပ်ကမ်းများအလိုက် ဆိပ်ကမ်းကပ်ခအခွန်များအား လေလံဝယ်ယူကြရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ မုံရွာ | ၂။ မင်းကင်း | ၃။ ကလေးဝ | ၄။ မော်လိုက် |
| ၅။ ဖောင်းပြင် | ၆။ ဟုမ္မလင်း | ၇။ ခန္တီး | ၈။ ကသာ |
| ၉။ ထီးချိုင့် | ၁၀။မောင်းကုန်း(ထီးချိုင့်) | ၁၁။ စစ်ကိုင်း(မင်းကွန်း) | ၁၂။ စစ်ကိုင်း |
| ၁၃။ မြင်းမူ | | | |

**လေလံပုံစံယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
**လေလံပုံစံယူရမည့်ရက်** - ၁-၂-၂၀၁၇ရက်မှ ၃-၃-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)
**လေလံဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၃-၂၀၁၇ရက်(တနင်္လာနေ့) ၁၂း၀၀နာရီ
**လေလံဖွင့်လှစ်မည့်နေရာ** - သစ်တောလမ်း၊ ဒေသ(၆)၊ တိုင်းဒေသကြီး၊ ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်လေလံပုံစံ၊ ကြမ်းခင်းဈေးနှုန်း၊ လေလံစည်းကမ်းချက်များ၊ ဆိပ်ကမ်းကပ်ခနှုန်းထားများနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်း နိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊ ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၁၈)နေရာ | B.Comm.H, B.Sc (Engineering) Food Technology, M.Sc (Industrial Chemistry), Post graduate Diploma in Food Technology |
| (ခ) | ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး) (လစာနှုန်း၊ ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ) | (၄၇)နေရာ | B.Pharm |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
- (က) အမည်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
- (ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
- (င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
- (ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
- (ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူ၊
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊
- (ဂ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
- (ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း
- (င) လွန်ခဲ့သည့်တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ
- (စ) အလုပ်သမားမှတ်ပုံတင်မူရင်း
- (ဆ) ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၅) နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၄။ လျှောက်လွှာပိတ်ရက်တွင် အသက် (၃၅)နှစ် မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို ၂၀-၂-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံးဝ)လုံးဝ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စာမေးပွဲ ဖြေဆိုရမည့်သူစာရင်းကို ၂၁-၂-၂၀၁၇ရက်တွင် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးတွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ ဖုန်း-၀၆၇-၄၀၃၀၇၁၊ ၀၆၇-၄၀၃၅၈၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဘုတလင်မြို့၊ မြဝတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၁၊ ကျောင်းကြီး)၊ ဦးပိုင်အမှတ်(F-၂၄)၊ ဧရိယာ ၀ ဒသမ ၁၁၁ ဧကရှိ မြေကွက်ကို (၂၇-၁၂-၂၀၀၀)ရက်နေ့ မြေနေရာချထားရေးကော်မတီ၊ ဘုတလင်မြို့မှ ဒေါ်အုန်းမြင့်အမည်ဖြင့်ချထားသောမြေကွက်အား ဒေါ်အုန်းမြင့်မှ ၎င်းအမည်ဖြင့် မြေပေးမိန့်(မိတ္တူ/မူရင်း)များတင်ပြကာ ဒေါ်အုန်းမြင့်မှ မြေငှားစာချုပ်အသစ်လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက်ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိအပ်စေသည်မှာ ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မအူပင်နည်းပညာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အငြိမ်းစားမဟုတ်... 

## မအူပင်နည်းပညာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ နှိုးဆော်စာ

မအူပင် GTC/GTI/TU တွင် ၁၉၉၁ခုနှစ်မှ စတင်၍ တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ဖော်ပြပါအတိုင်း စည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းဆင်း ညီအစ်ကို မောင်နှမများအားလုံးမပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကိုလည်း အောက်ဖော်ပြပါ အလှူငွေကောက်ခံရေး ကိုယ်စားလှယ်များထံသို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**နေ့ရက်** - ၁၂-၂-၂၀၁၇ရက်(ပြည်ထောင်စုနေ့)(တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၅နာရီ (ဆရာကန်တော့ပွဲ) ည၇နာရီ(ညစာစားပွဲ)
**နေရာ** - MCC ခန်းမ၊ မင်းဓမ္မလမ်း

| | | | |
|---|---|---|---|
| မအူပင် | | ကိုအောင်ကျော်ဦး(94-96 MP) | ဖုန်း-၀၉-၇၉၉၄၃၉၆၃၆ |
| ရန်ကုန် | 1. | ကိုသောင်းထိုက်လွင်(92-94 EP) | ဖုန်း-၀၉-၉၇၂၃၈၈၇၈၉ |
| | 2. | ကိုအောင်ကျော်စိန်(ကိုလတ်ကြီး) (93-95 EC) | ဖုန်း-၀၉-၇၉၄၉၅၀၅၄၄ |
| | 3. | ကိုအောင်ကျော်စွာဝင်း(ဂျပိုး) (93-95 EP) | ဖုန်း-၀၉-၅၁၈၂၃၀၁ |
| | 4. | ကိုစိုးမိုးကျော်(93-95 EP) | ဖုန်း-၀၉-၇၃၁၄၃၃၉၃ |
| | 5. | မအေးအေးမော်(98-00 EC) | ဖုန်း-၀၉-၄၂၁၀၂၂၆၈၅ |
| | 6. | ကိုစိုးထွေးကျော်(95-97) | ဖုန်း-၀၉-၇၉၀၁၄၀၃၆၀ |
| | 7. | ကိုဖြိုးမင်းအောင်(2002-2004MC) | ဖုန်း-၀၉-၅၀၂၉၁၀၇ |
| | 8. | မနွေးနွေးသဲမွန်(2000-2002 EC) | ဖုန်း-၀၉-၉၇၂၄၉၄၅၇၂ |
| | 9. | မပန်းအိဇော်(2000-2002 EP) | ဖုန်း-၀၉-၇၉၆၅၂၉၇၁၆ |
| | 10. | မဆည်းဆာထွန်း(2000-2002 EC) | ဖုန်း-၀၉-၄၂၁၁၂၅၁၂၄ |
| | 11. | မသက်ထက်နိုင်(2000-2002 EC) | ဖုန်း-၀၉-၅၄၁၁၀၅၃ |
| | 12. | ကိုဝင်းမင်းအောင် (2002-2004 Bio tech) | ဖုန်း-၀၉-၄၄၈၀၃၂၄၇၈ |
| နေပြည်တော် | | ကိုမင်းနောင်လတ် (2001-2005 MP) | ဖုန်း-၀၉-၄၅၅၅၅၀၀၀၁ |
| | | ကိုဖြိုးဟိန်း(2001-2005 MP) | ဖုန်း-၀၉-၂၆၀၃၆၀၀၃၃ |

**ပျောက်ဆုံးကြောင်း**

ကျွန်မ မဇင်မာအောင် ၉/ကပတ(နိုင်)၂၂၈၂၄ ၏နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၅၇၈၀၉၉**

## ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဒသမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲပွဲတော်ကို ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၄ရက်နှင့် တပို့တွဲလပြည့်နေ့တို့တွင် ကျင်းပမည်ဖြစ်ပါသည်။

ထမနဲပွဲတော်ကျင်းပရာ၌ (တပို့တွဲလဆန်း ၁၄ရက်) ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများ၊ အခွန်ထမ်းများ၊ မိတ်ဖက်အသင်းများနှင့် ဂေါပကအဖွဲ့ရုံးဌာနများပါဝင်သော အသင်း(၃၆)သင်းတို့ဖြင့် ထမနဲထိုးပြိုင်ပွဲအား အရှေ့ဘက်ထန်းပင်ကုန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်(တပို့တွဲလပြည့်နေ့) နံနက် ၀၅း၀၀ နာရီတွင် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဩဝါဒ ပါတိမောက် အခါတော်နေ့အခမ်းအနားကျင်းပခြင်း၊ နံနက် ၀၆း၀၀ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၆၂ ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ နံနက် ၀၇း၀၀ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။ ကျပ် ၅၀၀၀ိ/-နှင့်အထက် ပါဝင်ကုသိုလ်ယူလှူဒါန်းသည့် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ပေးအပ်မည်ဖြစ်ပြီး ထမနဲတစ်ဒယ်လျှင် ကျပ် ၃၀၀၀၀ိ/-နှုန်းဖြင့် ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ 'ဒီရေစွမ်းအား ကုမ္ပဏီလီမိတက်' ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၇၆၄/၁၆-၁၇)(၂၆-၇-၁၆) နှင့် ပို့ကုန်သွင်းကုန် မှတ်ပုံတင်အမှတ် (၄၁၀၉၇) (၂၈-၇-၁၆) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၅၁၃၅၀၅၉၊ ၀၉-၃၀၁၆၉၉၁၀**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ 'နိုင်သပြေ ကုမ္ပဏီလီမိတက်' ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၅၀၁၆/၁၃-၁၄)(၂၂-၁-၁၄) နှင့် ပို့ကုန်သွင်းကုန် မှတ်ပုံတင်အမှတ် (၃၂၇၈၃) (၅-၂-၁၄) သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၆၆၀၀**

**ပျောက်ဆုံးကြောင်း**

Greater Deltar Force Co., Ltd. ၏ လိုင်စင်အမှတ် MQEL6 16-17 0161 (12-11-2016) လိုင်စင်မူရင်းသည် ရုံးကိစ္စများဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၂၅၄၅၅၄၆၉၈ သို့ ဆက်သွယ်ပေးပါရန်။

# ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့တွင် အသစ်စတင်မည့် မြို့ပြအိမ်ရာစီမံကိန်းအတွက် ငယ်ရွယ်တက်ကြွသော Fresh Graduates Sales and Marketing ဝန်ထမ်း ၆၀ ခေါ်ယူမည်ဖြစ်သောကြောင့် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူများ လာရောက်လျှောက်ထားနိုင်ပါသည်။ (မန္တလေးအခြေစိုက်ဖြစ်သောကြောင့် မန္တလေးတွင် နေထိုင်သူများအား ဦးစားပေးခန့်ထားမည်ဖြစ်ပါသည်။)

- အသက် ၂၀မှ ၃၀ အတွင်းရှိသူဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်ပြီး သန့်ပြန့်စွာ နေထိုင်သူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။
- စိတ်ရှည်သည်းခံနိုင်ပြီး စကားအပြောအဆို ချိုသာကျွမ်းကျင်သူ ဖြစ်ရမည်။
- အရပ် ၅ ပေနှင့်အထက်ရှိသူဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- တက်ကြွပြီး မြန်မာပြည်အနှံ့ ခရီးသွားလာနိုင်သူ ဖြစ်ရမည်။
- English စာ အသင့်အတင့် ကောင်းမွန်သူဖြစ်ရမည်။
- အသင်းအဖွဲ့ဖြင့် ပူးပေါင်းလုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
- Microsoft Word, Microsoft Excel အတန်ငယ် နားလည်သူဖြစ်ရမည်။
- အလုပ်ခန့်အပ်ခြင်းခံရလျှင် ကုမ္ပဏီမှသင်တန်းပေးမည်ဖြစ်ပြီး သင်တန်းကာလပြီးဆုံးပါက အနည်းဆုံးတစ်နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- အလုပ်ခန့်အပ်ခြင်းခံရလျှင် ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်တင်ပြရမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံ၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်**

**၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ဂေါက်သီးလေ့ကျင့်ရေးကွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၇၇၀၀၅၅၊ ၀၉-၄၀၂၇၇၀၀၄၄၊ ၀၉-၃၀၅၅၅၅၃၀**

SGS Certificate TH09/3125

ဦးသာရင် ၏ နဂါးအမှတ်တံဆိပ် သွက်ချာပါဒ လေငန်းဆေးပြား

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

SGS UKAS Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်၊

လုံခြုံစိတ်အေးရစေမည့် M N Z မီးခံသေတ္တာ

အကောင်းဆုံး နံပါတ် (၁) MNZ ငွေရေစက်

Distributed by URANUS COMPANY LIMITED

mnz® Bill Counter & Safe

၂၀၁၇ ၏ ပထမဆုံး စပါယ်ရှယ် စပါယ်ရှယ် အထူးအစီအစဉ်



HAPPY HOUR

နေ့စဉ် နံနက် ၁၀ - ၁၂ နာရီ အတွင်း

Discount + Gift Item မြင်တိုက်ရိုက် ဝယ်ယူနိုင်မည့် အခွင့်အရေး

ဖေဖော်ဝါရီလ ၂၇ရက် မှ ၅ရက် ၂၀၁၇ အထိ တပ်မတော်ခန်းမ

09 320 70000 , 01 860 3121

UP to 30% OFF



**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉



**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း (10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။

09-442076599

09-400448695

09-33100721



မြန်မာကျောင်းသားကျောင်းသူများအတွက်

စင်ကာပူမှတဆင့် တက်ရောက်နိုင်သည့်

"အမေရိကန်၊ ဩစတြေးလျ Civil Engineering ဘွဲ့များအကြောင်းဆွေးနွေးပွဲ"

CROWN EDUCATION Award Winning Company



- BE Civil ကို အမေရိကန်၊ ဩစတြေးလျနိုင်ငံတက္ကသိုလ်များတွင် သင်ယူနိုင်မည့် အခွင့်အလမ်းများ
- Diploma in Construction Engineering ဘာသာရပ်ကို စင်ကာပူ(၂)နှစ် + ဩစတြေးလျ(၂)နှစ် သင်ယူနိုင်ခွင့်၊ စင်ကာပူ(၂)နှစ် + အမေရိကန် (၁)နှစ်ခွဲကို လုပ်ငန်းခွင်လေ့လာမှုများနှင့်အတူ Industrial Project ဖြင့် သင်ကြားခွင့်များအကြောင်း
- Civil Engineering, Construction Engineering နှင့် Architecture သင်ယူရာတွင် ကွာခြားချက်များအကြောင်း
- AGTI, BTech, BE Civil, HND, City & Guilds ကျောင်းသားကျောင်းသူများအတွက် Exemption နှင့်အတူ လစာရ လက်တွေ့လုပ်ငန်းခွင်(၆)လဖြင့် သင်ယူနိုင်မည့်အကြောင်း

YANGON
Date : 11 Feb 2017
Time : 10:00 am - 12:00 noon
Venue : CROWN Education Learning Center

MANDALAY
Date : 12 Feb 2017
Time : 2:00 pm - 4:00 pm
Venue : HOTEL MANDALAY (Zabai Phyu Room)

FREE SEMINAR အတွက် ကြိုတင် စာရင်းပေးသွင်းနိုင်ပါပြီ

Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

NANYANG INSTITUTE OF MANAGEMENT 南洋现代管理学院



**အခမဲ့ Facebook, Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း**

ooredoo

*4444# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ။



| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် – ၂,၉၉၉ ကျပ် | 500 MB Facebook<br>100 MB Viber / BeeTalk<br>အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၃ ရက် |
| ၃,၀၀၀ ကျပ် – ၉,၉၉၉ ကျပ် | | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | | ၁၅ ရက် |

အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်သန်းမြင့်
အသက်(၇၄)နှစ်

ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်-ဒေါ်မို့မို့တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်သန်းမြင့် အသက်(၇၄)နှစ်သည် ၂-၂-၂၀၁၇ ရက် (ကြာသပတေးနေ့)ညနေ ၄း၃၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊
ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်သန်းမြင့်
အသက်(၇၄)နှစ်

ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်-ဒေါ်မို့မို့တို့၏မိခင် ဒေါ်ခင်သန်းမြင့် အသက်(၇၄)နှစ်သည် ၂-၂-၂၀၁၇ ရက် (ကြာသပတေးနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်စိုး(ညွှန်ကြားရေးမှူးချုပ်)-ဒေါ်သီရိဝင်းမိသားစုနှင့်
ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများ

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်သန်းမြင့်
အသက်(၇၄)နှစ်

ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်-ဒေါ်မို့မို့တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်သန်းမြင့် အသက်(၇၄)နှစ်သည် ၂-၂-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄း၃၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစုများ

## ဒေါ်ဝင်းမေ (Curie Hla)
အသက်(၇၄)နှစ်

အင်္ဂလန်နိုင်ငံ CHESTER မြို့ COUNTESS OF CHESTER HOSPITAL၌ ၃၀-၁-၂၀၁၇ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် ည ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသော ဒေါ်ဝင်းမေ (Curie Hla) အား ရည်စူး၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရည်လည်ဆွမ်းကျွေးတရားတော်နာကို အမှတ် 23, High Lander Road,Chester CH3 6DH နေအိမ်တွင်လည်းကောင်း၊ ညနေ ၃နာရီတွင် Memorial Service ကို Funerals from the Heart, အမှတ် 119,Brook Street, Chester CH1 3DX တွင်လည်းကောင်း ပြုလုပ်မည်ဖြစ်ပြီး ၆-၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် အင်္ဂလန်နိုင်ငံ၊ WREXHAM မြို့ WREXHAM CREMATORIUM သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးငွေစိုး (ထူးကြီး၊ ရွာသစ်ကုန်း)
ထောင်မှူးကြီး(ငြိမ်း)
အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီး၊ ရွာသစ်ကုန်းရွာနေ(ဦးလှညွန့်-ဒေါ်ဖွားညွန့်)တို့၏သား၊ ဝါးခယ်မမြို့နေ (ဦးကြီးမောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒုတိယရဲမှူးကြီးအောင်စိုး-ဒေါ်ရွှေလှဝင်းတို့၏အစ်ကို၊ ဒေါ်ထားထားကြည်၏ခင်ပွန်း၊ ကိုစိုးသိုက်-မရီမွန်စိုး၊ ခွန်းဆက်ပိုင်၊ မခင်သန္တာနွယ်တို့၏ဖခင်သည် ၃-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၆နာရီတွင် ဝါးခယ်မမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မသန်းနုလွင် (မအူပင်၊ ပန်းတနော်)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက် ၉၃၊ အခန်း ၃၀၄နေ ဦးရွှေဝင်း-ဒေါ်သန်းသန်းနွဲ့တို့၏သမီး၊ ပန်းတနော်မြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်၊ အမှတ် ၄၅၊ သီဟလမ်းနေ ဦးအေးသောင်း(ခ)ဦးကောက်-ဒေါ်စိုးတင့်တို့၏သမီးချွေးမ၊ ကိုဟန်ထွန်းအောင်၏ဇနီး၊ မောင်အာကာမိုး(ခ)လုံးလုံး၊ မောင်ဟန်သူမိုး(ခ)တိုးတိုးတို့၏မိခင်၊ ကိုစိုးညွန့်နိုင်-မမြမြသင်းတို့၏ညီမ၊ မခိုင်ဆွေဦး၊ မောင်ကျော်သူထွန်း-မခင်မမ၊ မကေသွယ်အောင်၊ ကိုကြည်ဝင်း-မရီရီခိုင်၊ ကိုမြင့်လှိုင်-မလဲ့လဲ့ခိုင်၊ကိုသက်နိုင်ဦး-မမိုးမိုးခိုင်တို့၏အစ်မသည် ၃-၂-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ပန်းတနော်မြို့နေအိမ်မှ ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးမင်းထွန်း
(ကထိက၊ စက်မှုအင်ဂျင်နီယာဌာန၊ WYTU)
အသက်(၄၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးမြဟန်-ဒေါ်မြရွှေ)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင်ကျေးရွာနေ (ဦးထွန်းသ-ဒေါ်တင်ကြည်)တို့၏မြေး၊ (ဦးမင်းလွင်)-ဒေါ်မြငွေတို့၏တစ်ဦးတည်းသောသားသည် ၃-၂-၂၀၁၇ ရက်(သောကြာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ဝင်း(၆) ခန်းတွဲ(၂)ထပ်ဆောင်၊ အခန်း (A-09)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး
### ဦးစောမောင်
အသက်(၈၈)နှစ်

ဗိုလ်မှူးကြီးစံပြည့်(ငြိမ်း)-ဒေါ်အေးအေးသန်းတို့၏ ကျေးဇူးရှင်ဖခင်ဖြစ်သူသည် ၂၉-၁-၂၀၁၇ရက်တွင် မိုးကောင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အပတ်စဉ်(၂၀)မှ သူငယ်ချင်းများနှင့်
မိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းရှင် (မြေပုံ၊ စစ်တွေ) (ရွှေပြည်တန်)
ဗုဒ္ဓဂယာဘုရားဖူးအပတ်စဉ်(၇၆)
အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၁၂(ပ) ထပ်နေ (ဦးစောလှအောင်-ဒေါ်မစိန်နု) မြေပုံမြို့တို့၏သမီး၊ (ဦးအောင်ရွှေသာ-ဒေါ်သတင်းဖြူ) မြေပုံမြို့တို့၏သမီးချွေးမ၊ (ဦးလှထွန်းဦး)၏ဇနီး၊ ဒေါ်ခင်လှသိန်း-ဦးသန်းထွန်း၊ ဦးထွန်းလွင်-ဒေါ်ခင်မေအုန်း၊ ဒေါ်ရည်မေ-ဦးအေးကျော်၊ ဦးမြင့်စိုး-ဒေါ်စောဝင်းမော်၊ ဦးသိန်းစိုး-ဒေါ်နုလှသန္တာ၊ ဒေါ်အေးအေးခိုင်-ဦးသိန်းဟန်၊ ဒေါ်ဝင်းဝင်းခိုင်-ဦးကျော်ထွန်း၊ဒေါ်မျိုးမျိုးခိုင်-ဦးညီညီလွင်၊ ဦးမျိုးခိုင်-ဒေါ်မီးချယ်ရီ၊ ဦးကြည်စိုး-ဒေါ်ဇင်မာအောင်၊ ဦးမျိုးမင်းကျော်-ဒေါက်တာခင်ခင်ဇော်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်တစ်ယောက်တို့၏အဘောင်ရှင်သည် ၃-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေအေး
အသက်(၆၁)နှစ်

မြဝတီမြို့၊ (၅)ရပ်ကွက်၊ သုခလမ်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးဝင်းနေ(ဦးမောင်တိုး-ဒေါ်ခင်အေး)တို့၏သမီး၊ ဦးကြည်စိုး၏ညီမ၊ ဦးနေစိုးဦး၊ ဦးညီစိုးဦး၊ ဦးနိုင်စိုးဦး၊ ဒေါ်ခင်ဌေး၊ ဒေါ်အေးသန်း၊ ဒေါ်ယဉ်မိုးဦး၊ ဒေါ်ယုယုဦးတို့၏အစ်မ၊ ဗိုလ်မှူးသိန်းလင်းထက်-မမေစိုးဦးတို့၏မိခင်၊ မောင်အုပ်သဦး၏အဘွား၊ ဒေါက်တာခိုင်စိုးဝင်း၏ဇနီးသည် ၃-၂-၂၀၁၇ရက် (သောကြာနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် မြဝတီသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် မြဝတီမြို့၊ (၄)ရပ်ကွက်၊ သုခလမ်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း
[အထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာ့စီးပွားရေးဘဏ်]
အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးအံ့-ဒေါ်သန်းသန်း)တို့၏သား၊ မန္တလေးမြို့နေ (ဦးစံ-ဒေါ်အေး)တို့၏သား၊ (ဒေါ်ကြည်ကြည်)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင် - ဒေါ်မြင့်မြင့်ဆွေ)တို့၏ ညီ/မောင်၊ (ဦးအောင်မြင့်)-ဒေါ်သန်းသန်းတို့၏အစ်ကို၊ ဦးထွန်းလှဝင်း-ဒေါ်ဆွေမာသန်း၊ ဦးကြည်ဝင်း-ဒေါ်တင်အေးမြင့်၊ ဦးသိန်းဌေးဝင်း-ဒေါ်ခင်ဆွေလင်း၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခင်ဖြူဖြူကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ ၁လမ်း၊ အမှတ် ၃၉၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သင်းထောက်ဦးဒါရှိတူးလွမ်
အသက်(၇၈)နှစ်

ယခင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နေ မြို့နယ်ကောင်စီ အတွင်းရေးမှူး (ငြိမ်း)၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန၊ မြို့နယ်ညွှန်ကြားရေးမှူး(ငြိမ်း)၊မိုးညှင်း ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၏သင်းထောက်(ဒေါ်လဟီထု)၏ချစ်လှစွာသောခင်ပွန်း၊ သိက္ခာတော်ရ ဦးဒါရှီဂမ်ဆိုင်း - ဆရာမ မရန်ဂျီးရာ၊ ဆရာမကြီး ဒေါ်ဒါရှီခေါန်နူး - ဦးထွန်းဝင်း၊ ဦးဒါရှီနော်ဆန့်-ဒေါ်တိုးတိုးမြင့်၊ (ဦးဒါရှီလနူး)-ဆရာမဒေါ်ခေါင်စိုင်း၊ ဒေါ်ဒါရှီအေပရယ်ထွယ်ရာ - ဦးသန်းနိုင်အေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၃-၂-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ဗဟိုစည်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။(စမ်းချောင်း၊ရွှေပြည်အေးလမ်း၊ ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းနှင့်ဗဟိုသားဖွားသူနာပြုသင်တန်းကျောင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်းကျော်(ခ)
## ကိုရွှေတိုး အသက်(၄၀)

ကျိုက်ထိုမြို့၊ အမှတ် ၁၆၊ ကံ့ကော်လမ်းမကြီး၊ကံ့ကော်ရပ်ကွက်နေ ဦးမောင်ကျော် (ကျောင်းဆရာ၊ ငြိမ်း)-(ဒေါ်အုံးမြိုင်)တို့၏သား၊ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၁၅၊ ပထမထပ်၊ ၃၂ လမ်း(အထက်)နေ ဦးသန်းဌေး(သန်းဌေးနှင့် ရောင်းရင်းများ) - ဒေါ်ရီရီသန်း (အထက-၄၊ဗိုလ်တထောင်)၊ ကျိုက်ထိုမြို့နေ ဦးသန့်ဇင်ဦး-ဒေါ်မာလာစိုး၊ ဦးမင်းသန့်-ဒေါ်နွယ်နီ၊ ဒေါ်မီမီကျော်တို့၏မောင်၊ ရန်ကုန်မြို့နေ ကိုရဲမင်းသက်-မဇာဇာလင်းတို့၏အစ်ကို၊မထက်ထက်သျှား၊ ဗိုလ်ကြီးရှိန်းထက်ကို၊ မောင်ဟိန်းထက်၊ မမေစုရတီသက်တို့၏ဦးလေးသည် ၂-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၇ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ပန်းဘဲတန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်ဘောက်(တောင်ကြီးမြို့)
အသက်(၇၂)နှစ်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ တိုက် ၆လုံး၊ တိုက် ၆၊ အခန်း ၁၂နေ (ဦးဇော်လောင်း - ဒေါ်မရန်နန်ဒွဲ)တို့၏သား၊ ဒေါ်ကိုင်ထန်(ဦး/ရှိ၊သ/မ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအယ်လ်ဇော်မော်ဆန်း (လဝက)-ဒေါ်သွဲ့သွဲ့အောင်၊ဒေါက်တာအယ်လ်ဂျာယုံ(အထူးကုဆရာဝန်၊ ကလေးနှလုံး၊ ရန်ကင်း ကလေးဆေးရုံကြီး)-ဦးလတောင်တို့၏ဖခင်၊ မနန်ဆိုင်းတောင်၊ မောင်ဇော်ဂျက်အောင်တို့၏အဘိုးသည် ၃-၂-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ် ၁၇ နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၇ရက်နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် အမှတ်၄၀-ဘီ၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်း ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်ဂျူးဖော(ခ)Aunty ဂေး
အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးစောသက်-နော်နှင်းကြိုင်)တို့၏သမီး၊ (ဦးစောအောင်လှိုင်-နော်ရီမာသက်)၊ (ဦးစောဒယ်နီသက်မောင်)-နော်အဲလီဇဘက်ရွှေခဲ(ဒေါက်တာခင်မောင်)-နော်ခရီးအဲနာသက်(ခ)ဒေါ်ကြူကြူ၊ဦးစောဒါးထူး-နော်မေစေးဖေတို့၏အစ်မ၊ တူ၊ တူမ ၁၃ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏ဖီးဖီး၊မြစ်တစ်ယောက်၏ဖီးဖီးကြီးသည် ၃-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၆း၄၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [မြို့မ ကရင်နှစ်ခြင်းအသင်းတော် (ဓမ္မေလ) ဘုရားကျောင်းရှေ့မှ ကားများ နံနက် ၇း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

မြေပုံမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သိန်းရှင် (မြေပုံမြို့)
ဂုဏ်ထူးဆောင်အသင်းဝင်
အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၁၂ (ပ) ထပ်နေ (ဦးစောလှအောင်-ဒေါ်မစိန်နု)တို့၏သမီး၊ (ဦးလှထွန်းဦး)၏ဇနီး၊ ဒေါ်ခင်လှသိန်း၊ ဦးထွန်းလွင်၊ ဒေါ်ရည်မေ၊ ဦးမြင့်စိုး၊ ဦးသိန်းစိုး၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဒေါ်မျိုးမျိုးခိုင်၊ ဦးမျိုးခိုင်၊ ဦးကြည်စိုး၊ ဦးမျိုးမင်းကျော်တို့၏မိခင်၊မြေး ၁၇ယောက်၊ မြစ်တစ်ယောက်တို့၏အဘောင်ရှင်သည် ၃-၂-၂၀၁၇ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်နှင့် တာမွေအဝိုင်းထိပ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖြူ
အသက်(၇၈)နှစ်

ရန်ကုန်မြို့နေ ဦးကြူချောင်ရှောင်-ဒေါ်အင်တီတို့၏သမီး၊ ပဲခူးမြို့နေ ဦးယုဟုတ်-ဒေါ်ရှန်းနားတို့၏ချွေးမ၊ ဦးထွန်းအေး၏ဇနီး၊ ဦးကျော်ဆန်း-ဒေါ်ရီရီပြုံး၊ စန္ဒာအေး၊ နီနီအောင်၊ ထွေးထွေးဟန်၊ ဒေါက်တာသူရကျော်တို့၏မိခင်၊ မောင်ဆန်းယုထွန်း၊ မောင်ဝေယံလင်းတို့၏အဘွားသည် ၃-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၆း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း၂၀၊ အမှတ် ၅၉ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ကြည်ကြည်အေး
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ချယ်ရီလမ်း၊အမှတ် ၁၅၊ အခန်း ၀၀၃နေ (ဦးနောင်ရွှေ-ဒေါ်လှရင်)တို့၏သမီး၊ (ဦးချစ်စိန်-ဒေါ်စောကြင်)တို့၏သမီးချွေးမ၊ (ဦးစန်းအောင်)၏ဇနီး၊ ကိုသက်ထွန်း-မခင်ပြုံးကြည်၊ကိုရန်နိုင်-မစောနန္ဒာလှိုင်၊ကိုရန်အောင်-မနွယ်နွယ်စိုး၊ မကေခိုင်အောင်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၂-၂၀၁၇ရက် ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၇ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးသန်းဝင်း
အသင်းဝင်အမှတ်-၄၆၁
အသက်(၆၀)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တညင်းကုန်းအိမ်ရာ၊ တိုက် ၁၆၊ အခန်း ၂၀၃ နေဒေါ်မြသန်း၏ခင်ပွန်းသည် ၃-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၅နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ရေကြည်မြို့၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွင် ရေကြည်မြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
တောင်ကြီးမြို့၊ ကံသာရပ်၊ အောင်မြေသာစည်ကျောင်း
### ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ မဟာထေရ်
(အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါ

တောင်ကြီးမြို့၊ အောင်မြေသာစည်(ရွှေကျင်)ကျောင်းတိုက်၊ ဦးစီးပဓာနမဟာနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဓမ္မာနန္ဒသည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၆ရက်) ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၄-၂-၂၀၁၇ရက်(စနေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီးခင်လှ (ငြိမ်း)
အမှတ်စဉ် (OTS-21)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၁-A၂၊ မြသီတာအိမ်ရာ၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်နေ (ဒေါ်အေးမြင့်)၏ခင်ပွန်း၊ ဦးဉာဏ်စိုး-ဒေါ်ခင်စန်းယု၊ ဗိုလ်မှူးကြီးအောင်သန်းဝင်း(ငြိမ်း)-ဒေါ်ခင်စန်းဝေ၊ (ဦးထွန်းထွန်း)၊ ဦးအောင်ကျော်ဆန်း-ဒေါ်သန္တာဖြူ၊ ဦးသမိန်-ဒေါ်မိမိခိုင်၊ ဦးယဉ်ထွေး-ဒေါ်စန္ဒာတင်တို့၏ဖခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃-၂-၂၀၁၇ရက်(သောကြာနေ့) နံနက် ၈း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရည်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသားသမီး၊မြေးမြစ်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာဦးတင်ရွှေ
ဒုတိယဝန်ကြီး(ငြိမ်း)
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ၁၆လမ်း၊ အမှတ် (၈၄/ပထမထပ်)နေ (ဦးကြိုင်-ဒေါ်သောင်း)တို့၏သား၊ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ (ဦးတင်ငွေ)၊ (ဦးဇော်ထူး)-ဒေါ်မြင့်မြင့်စိန်တို့၏အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၃၁-၁-၂၀၁၇ရက် (အင်္ဂါနေ့) ည ၈း၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၇ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (၁၆လမ်းနေအိမ်၊ ၁၁လမ်းနေအိမ်တို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကျေးဇူးတော်အရှင် ချောင်းဝဆရာတော်ကြီး၏သားတပည့်
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ကုလား အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးတောကျေးရွာနေ (ဦးထွန်းလွင်-ဒေါ်ဝက်)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်နေ (ဦးဘိုကေ-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် ၁၈၄၊ အခန်း ၆နေ ဒေါ်ရင်နု၏ခင်ပွန်း၊ ကိုနေလင်း-မဘုတ်ဆုံ၊ ကိုကျော်သီဟ-မငယ်လေး၊ကိုဌေးအောင်-မဇင်မာစိုး၊ကိုညီလွင်-မမော်မော်အောင်တို့၏ဖခင်၊ မထက်မီမီအောင်၊ မဖူးပွင့်ဝေ၊ မကြယ်စင်လင်း၊ မောင်ရဲကမ္ဘာအောင်တို့၏အဘိုးသည် ၂-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၇ရက်(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ လှိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မောင်အောင်သူဦး
အသက်(၃၇)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီရပ်၊ ဆန်းချီလမ်း၊ အမှတ် ၁၂၉နေ ဦးအောင်သန်း-ဒေါ်လှလှသန်းတို့၏သား၊ ဦးကြည်ခင်-ဒေါ်မြညွန့်၊ ဦးအောင်ရွှေ-ဒေါ်သန်းကြည်တို့၏မြေး၊မောင်ပြည့်ဖြိုးညီညီ(ခ)ညီညီ-မဝါဝါအေး၊ မကေခိုင်လွင်၊ မတင်မိုးဖြူ(ခ)မထွေးလေးတို့၏အစ်ကို၊ မောင်လင်းဇေယျာရှိုင်း၏ဦးလေးသည်၂-၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဝင်း(ခ)မောင်ဝင်း
အသက်(၅၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ရွာထက်ရွာနေ (ဦးစိန်သာအောင်)-ဒေါ်ချီးသာမေတို့၏သား၊ (ဦးအေးထွန်းအောင်)-ဒေါ်စံရွှေခင်တို့၏သားသမက်၊ ဒေါ်တင်စိုး၏ခင်ပွန်း၊ မစမ်းသီတာဝင်း၊ မရတနာဝင်းတို့၏ဖခင်သည် ၃-၂-၂၀၁၇ရက် (သောကြာနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၀၀နာရီတွင် အမှတ် ၅၈၊ ဗိုလ်လကျာ်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးသန်းရွှေ-ဒေါ်တင်ညွန့်တို့၏နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းကြည် အသက်(၇၉)နှစ်
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

ဓနုဖြူမြို့နေ (ဦးလှရွှေ-ဒေါ်တင်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ် ၅၀၈၊ နဝရတ် ၃လမ်း၊ (၈)ရပ်ကွက်နေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ (ဦးကြီးမြင့်သိန်း)-ဒေါ်စောဝင်း၊ဦးညွန့်ဝေ-ဒေါ်မြမြသန်းတို့၏အစ်ကို၊ ဦးစန်းလွင်-ဒေါ်သန်းသန်းဝင်း၊ ဦးချစ်ရင်-ဒေါ်အေးအေးသန်း (မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးဌာန)၊ ဒေါ်ချိုချိုဝင်း (ဆေးသုတေသနဦးစီးဌာန)၊ ဦးအောင်နိုင်ဝင်း၊ ဦးကျော်မိုးဝင်း - ဒေါ်မော်မော်ဝေတို့၏ဖခင်၊ ဦးထွဋ်ထွဋ်-ဒေါ်နန္ဒာဝေတို့၏ဘကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲသတင်းထုတ်ပြန် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ သတင်းကွင်းဆက်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်**
**(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်)**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)**
**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဖြစ်ပွားခဲ့သော ပစ်ခတ်မှုဖြစ်စဉ်နှင့်စပ်လျဉ်းသည့်**
**နောက်ဆက်တွဲသတင်းထုတ်ပြန်ချက်**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ ဥပဒေအကြံပေး ဦးကိုနီအား အင်ဒိုနီးရှားနိုင်ငံ လေ့လာရေးခရီးမှအပြန် ရန်ကုန်လေဆိပ်သို့ရောက်ရှိစဉ် ဇန်နဝါရီ ၂၉ ရက်နေ့ ညနေ ၅ နာရီခန့်တွင် သေနတ်သမားတစ်ဦးက အနီးကပ်ပစ်ခတ်သဖြင့် သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ်(၁/၂၀၁၇)ကို ဇန်နဝါရီ ၃၀ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်သိပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းဖမ်းဆီးမှုကြောင့် ပြစ်မှုကျူးလွန်သူ ကြည်လင်း(၅၂ နှစ်)၊ (ဘ)ဦးလှိုင်အား အခင်းဖြစ်ပွားရာ နေရာအနီး၌ပင်ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းအား စစ်ဆေးဖော်ထုတ်ချက်များနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများအရ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့သည့် တရားခံ အောင်ဝင်းဇော်သည် ရန်ကုန်မြို့မှ ဘားအံမြို့သို့ထွက်ခွာသွားကြောင်း အတည်ပြုသတင်းရရှိသဖြင့် ဆက်စပ် တိုင်းဒေသကြီး/ပြည်နယ်များသို့ ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်စေခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ ထက်ကြပ်လိုက်လံဖမ်းဆီးခဲ့ရာ အောင်ဝင်းဇော်(၄၆ နှစ်)၊ (ဘ)ဦးအောင်သန်းကို ပြစ်မှုဖြစ်ပွားပြီး ၁၂ နာရီအတွင်း၊ ဇန်နဝါရီ ၃၀ ရက်နေ့ နံနက် ၄ နာရီ ၂၀ မိနစ်အချိန်တွင်

*စာမျက်နှာ ၅ ကော်လံ ၁* ✱



# ကမ္ဘာလှည့်ခရီးသွားလာရောက်မှု ၂ ဒသမ ၉ သန်းသာရှိခဲ့ဟုဆို

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်မှုသည် ယခင်နှစ်ကထက် ကျဆင်းသွားရခြင်းမှာ နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့် ခရီးသွားဧည့်သည်များ၏အရေအတွက်ကို ထည့်မတွက်ခဲ့၍ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောကြားသည်။

"မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ လာရောက်မှုဟာ ၂၀၁၅ ခုနှစ်က ၄ ဒသမ ၆ သန်းရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှာတော့ ၂ ဒသမ ၉ သန်းသာ ရှိပါတယ်။ အရင်နှစ်နဲ့စာရင် ၃၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းသွားခဲ့ရခြင်းဟာလည်း အကျိုးအကြောင်းတွေရှိနေပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနဟာ ယခင်က နယ်စပ်ဝင်ပေါက်က ဝင်ရောက်တဲ့ခရီးသွားအရေအတွက်တွေကို ထည့်သွင်းဆောင်ရွက်ခဲ့ပြီး

*စာမျက်နှာ ၅ ကော်လံ ၁* ❄

# ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအားကစားသမားများ လေ့ကျင့်

**တင်မောင်(မန်းကိုယ်ပွား)**

**မန္တလေး ဖေဖော်ဝါရီ ၃**

မလေးရှားနိုင်ငံ၌ လာမည့်ဩဂုတ်လတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ခြင်းလုံးနှင့် ပိုက်ကျော်ခြင်းအားကစားနည်းများ အောင်မြင်မှုရရှိစေရေးအတွက် အားကစားသမားများကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့သည် ဇန်နဝါရီလ နောက်ဆုံးပတ်က နေပြည်တော်ရှိ ခြင်းလုံးလေ့ကျင့်ရေးရုံး၌ ကျင်းပသည့် ခြင်းလုံးအားကစားနည်း လူရွေးချယ်ပွဲတွင် ရွေးချယ်ရေးအဖွဲ့နှင့်အတူ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သည် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို နိုင်ငံတကာသို့ ထိုးဖောက်ရောက်ရှိနိုင်ရေး၊ နိုင်ငံတကာမှ စိတ်ဝင်တစားဖြင့် ခတ်ကစားလာနိုင်ရေး၊ ဆီးဂိမ်းပြိုင်ပွဲများတွင် စဉ်ဆက်မပြတ် ပါဝင်ထည့်သွင်းကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ အရှေ့တောင်အာရှနိုင်ငံများသည် သက်ဆိုင်ရာနိုင်ငံအလိုက် ခြင်းလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

# ပုဂံရထား တွဲဆိုင်း (၇)ဆိုင်းနှင့် ပြေးဆွဲမည်

**ဌေးမြင့်မောင်**

**နွားထိုးကြီး ဖေဖော်ဝါရီ ၃**

မန္တလေး-ပုဂံ အမြန်ရထား ၁၁၉ ကို အာရ်ဘီအီးတွဲဆိုင်းမှ ရိုးရိုးစက်ခေါင်းသုံး၍ မကြာမီ ပြောင်းလဲပြေးဆွဲသွားရန်ရှိနေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပုဂံ - မန္တလေး အမြန်ရထားကို အာရ်ဘီအီးတွဲဆိုင်း လေးဆိုင်းနှင့် ပြေးဆွဲနေရာ တွဲဆိုင်း စက်ခေါင်းများပျက်နေ၍ တွဲဆိုင်း နှစ်ဆိုင်းသာ ပြေးဆွဲနေသည်။ ရိုးရိုးဒီဇယ်စက်ခေါင်းဖြင့် ရိုးရိုးတန်းလေးတွဲ ၊ အထက်တန်း သုံးတွဲ စုစုပေါင်း ခုနစ်တွဲဖြင့် ယခင်ကအတိုင်း ပြန်ပြေးဆွဲရန် စီစဉ်နေခြင်းဖြစ်သည်။

အာရ်ဘီအီးရထားတွဲ လေးတွဲသည် ပထမတန်းဖြင့် အတန်းမခွဲဘဲ ပြေးဆွဲခဲ့သည်။ ပုဂံ-မန္တလေး အမြန်ရထားမှာ နိုင်ငံခြားသားများနှင့် ဒေသခံများအတွက် ပြေးဆွဲ နေရာ မန္တလေး-ပုဂံ သွားလာရေးအဆင်ပြေနေသော မီးရထားလမ်းဖြစ်သည်။

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်တန်း သချာ်ၤ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာ**

စာမျက်နှာ(၂၁)တွင် ဖော်ပြပါရှိသည်

**ကွန်မြူနစ်သူပုန်များနှင့် ချုပ်ဆိုထားသည့် ငြိမ်းချမ်းရေးစာချုပ်ကို ဖိလစ်ပိုင် စွန့်လွှတ်တော့မည်**

*စာမျက်နှာ - ၁၀*



**မိတ္ထီလာ မြို့လယ်ကောင်၌ ရွှေ/ငွေ ကျပ် ၄၅ သိန်း ကျော် အလုခံရ**

*စာမျက်နှာ - ၁၃*

